www.burmeseclassic.com

# ဖိုးတောင်တို့ကျွန်း

# ဦး

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

N y a y   p r e s e n t s

Nyay

No. V 19. Nguwah 7th St.,

Myakanthar Housing, Hlaing Tsp.,

Ph: 09 4210 39566, 09 7946 27964

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ညေး၏ စာအုပ်များ


၁။ ချစ်စိမ့်မြို့က သရဲဖမ်းပွဲတော်

၂။ ငါ့ရင်ဘတ်နဲ့ ကွက်တိတော်တဲ့သူ

၃။ မတော်တဆ နှုတ်ခမ်းရာ

၄။ Angry Maths

၅။ 3013 (ဆိုင်းမဆင့်ပုံမဆင့် ဖိတ်စာ - လက်ဆောင်)

၆။ ဒဏ္ဍာရီလွင်ပြင်မှာ ပုံပြင်စီးချင်းထိုးတဲ့လူ

၇။ Butterfly Effect

၈။ လမင်းလန့်တုန်းကြယ်တွေ ခင်းခဲ့တယ်

၉။ ငါ့ကမ်းရိုးတန်းကို လာနမ်းတဲ့မုန်တိုင်း

၁၀။ မျောက်တစ်ကောင်ရေးတဲ့ဝတ္ထု

၁၁။ မာရ်နတ်အပျင်းပြေတီးဖို့စောင်း

၁၂။ ကိုယ့်ဇာတ်လမ်းမှာ ကိုယ်သာဇာတ်လိုက်

ယခု - တိမ်တွေနေတဲ့ကျွန်း

ဆက်လက်၍ - ကျွန်တော့်ကမ္ဘာမှာ ခင်ဗျားဘာမဆိုဖြစ်ခွင့်ရှိတယ်

ဆက်လက်၍ - ဟောလိုဝင်းည ၁၂နာရီ

ဆက်လက်၍ - အချစ်မှာ ဖော်မြူလာအတိအကျမရှိ

ဆက်လက်၍ - My Hero


# ညေး

# တိမ်တွေနေတဲ့ကျွန်း

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


ထုတ်ဝေသူ - ဒေါ်သပြေညွန့် (ညေးတာပေ)

မျက်နှာဖုံးဒီဇိုင်း - နေမျိုးဆေး

စီစဉ်သူ - သွန်းနေမိုး

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - နေသစ်ဦး(ပုံနှိပ်)

ကာလာခွဲ - အီးဂဲလ်

ပုံနှိပ်ခြင်း - ပထမအကြိမ်(၂၀၁၅ခုနှစ်မေလ)

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၁၈၀၀ ကျပ်


ကျွဲတဖက် နွားတဖက်နဲ့
ကံကြမ္မာဖိနှပ် မှားစီးလာတဲ့နေ့ကပေါ့ ...
သံယောဇဉ်က ချက်ကြိုးတန်းလန်း
အဲဒီ ချက်ကြိုးကို အချစ်က တိကနဲ ဖြတ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျားတို့ သတိထားမိကြသလား ....။

ကမ္ဘာ့မြေပုံကို ကြည့်လိုက်မယ်ဆိုရင် သားပိုက်ကောင်ကလေး မတ်တပ်ရပ်နေတဲ့ သဏ္ဍာန်ရှိတဲ့ နိုင်ငံလေးတစ်နိုင်ငံရှိတယ် ....။

အဲဒီနိုင်ငံလေးဟာ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာ၊ ရေနံ၊ သဘာဝဓါတ်ငွေ့ဘာဆို ဘာတစ်ခုမှ မထွက်ဘူး။

နွေ၊ မိုး၊ ဆောင်း သင့်တင့်မျှတတဲ့ ရာသီဥတုကိုလည်း မပိုင်ဆိုင်ဘူး။

နိုင်ငံရဲ့ တည်နေရာဟာ ကမ္ဘာ့လျင်ကြောတွေပေါ် ဖင်ခုထိုင်နေသလိုဖြစ်နေပြီး သမုဒ္ဒရာထဲမှာ ဖျက်အားပြင်းမုန်တိုင်းတွေ ရွှေ့လျားဖြတ်သန်းတဲ့ လမ်းကြောင်းပေါ်မှာ တည်ရှိနေတယ်။

နောက်ပြီး ....

ဆူနာမီလှိုင်းလုံးတွေ လာရောက်ဖို့ ဖြစ်နိုင်ချေ အများဆုံးတိုင်းပြည်တွေထဲက တစ်ခုအပါအဝင်ဖြစ်နေပြီး ....။

ကမ္ဘာ့မြေမျက်နှာပြင် အနိမ့်ဆုံးအပိုင်းမှာလည်း တည်ရှိနေပြန်တယ် ....။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုတာက နောင်နှစ်ပေါင်းရာထောင်ချီကြာတဲ့အခါ ကမ္ဘာကြီးပူနွေးပြီး ဝန်ရိုးစွန်းအရပ်က ရေခဲတောင်တွေအားလုံး အရည်ပျော်ကျလာခဲ့ရင် အဲဒီနိုင်ငံလေးက ရေအောက်ကိုမြုပ်ဖို့ အလားအလာ အရှိဆုံး တိုင်းပြည်တစ်ပြည်ဖြစ်နေပြန်တယ်။

ခြိမ်းခြောက်မှုတွေ၊ ဖိအားတွေနဲ့ ရင်ဆိုင်နေရတာမို့ ခင်ဗျားဟာ အဲဒီနိုင်ငံလေးကို သနားကောင်း သနားသွားပါလိမ့်မယ်

အဲလိုဆိုရင်တော့ ခင်ဗျားဟာ သိပ်သနားစရာကောင်းသွားပါပြီ

အဲဒီ ဖိအားတွေကြောင့်ပဲ နိုင်ငံရဲ့ လူသားအရင်းအမြစ်ဟာ ထူးခြားကောင်းမွန်လာခဲ့တယ်။

အဲဒီနိုင်ငံမှာ လူဖျင်း လူညံ့ တစ်ယောက်တစ်လေမျှမရှိ။

လူမျိုးတိုင်းလိုလိုဟာ လူတော်တွေ ချည်းပင် ....။

လူတော်တွေချည်းပင်။

■

ခင်ဗျား ကြည့် ကြည့်စမ်း။

လမ်းမတွေပေါ်မှာ၊ ဘတ်(စ်)ကားဂိတ်မှာ၊ လူစည်ကားရာ အရပ်တွေမှာ ခွက်တစ်လုံး ထိုးပေးပြီး 'သနားကြပါ' ပြောမယ့် သူတောင်းစားတစ်ယောက်တစ်လေမှ မရှိဘူး။

ပန်းကန်ဆေးတဲ့နေရာ၊ စားပွဲထိုးတဲ့နေရာ၊ လက်မှတ်ရောင်းတဲ့ နေရာ၊ စက်ရုံ၊ အလုပ်ရုံတွေမှာ လူ့အစား စက်ရုပ်တွေပဲ ရှိတယ်။

အိုက်ဇက် နယူတန်၊ အိုင်းစတိုင်း၊ စတီဗင် ဟော့ကင်းတို့ မွေးဖွားရာနိုင်ငံတော့ မဟုတ်ဘူး။

ဒါပေမယ့် လက်ရှိကမ္ဘာပေါ် စောစီးစွာ ရောက်ခဲ့တဲ့အထဲမှာ သူတို့ လူမျိုးတွေပါတယ်။

ကိုလိုနီခေတ်တုန်းက သူတို့နိုင်ငံပိစိကွေးလေးဟာလည်း အင်္ဂလန်၊ အမေရိကန်၊ ဂျာမဏီ၊ စပိန် နိုင်ငံတွေနဲ့အပြိုင် ကမ္ဘာကြီးကို နေမဝင်အင်ပါယာ လုပ်ဖို့ ကြိုးစားခဲ့ကြဖူးတယ်။

နောက်တော့လည်း လူမိုက်တို့ရဲ့ သွားရာလမ်းအတိုင်း လူ့စွာ ကျယ်လုပ်လွန်းတဲ့ တိုင်းပြည်လေးကို ကမ္ဘာက အရောမြှုပ်းကြဲချပြီး

www.burmeseclassic.com



ဒဏ်ခတ်ပစ်လိုက်ကြတယ်။

တော်ရုံ စိတ်ဓါတ်ရှိတဲ့ လူမျိုးတွေဆိုရင်တော့ … သေချာပါတယ်၊ နှစ်တစ်ရာနဲ့တောင်ပြန်ပြီး နလံထူလာစရာအကြောင်းမရှိဘူးပေါ့လေ။

ဒါပေမယ့် … ခင်ဗျား သိထားဖို့က သူတို့က စိတ်ဓါတ်ပြင်းထန်တဲ့ လူတော်တွေ။

ပထမဆုံး … သူတို့ရဲ့ မှားယွင်းတဲ့လုပ်ရပ်အတွက် ကမ္ဘာကိုတရားဝင် ဒူးထောက်တောင်းပန်ခဲ့တယ်။

နောက် အချိန်တိုတိုလေးအတွင်းမှာ တိုင်းပြည်ကို Rebuild ပြန်လုပ်နိုင်ခဲ့တယ်။

ဒီနေ့ခေတ်မှာလည်း သူတို့ဟာ ကမ္ဘာ့နံပါတ် အဆင့်တစ်နေရာမှာ ရပ်တည်ပန်းပန်လျက်ပါပဲ။

သူတို့နိုင်ငံနဲ့ လူမျိုးတွေအကြောင်း ဟိမဝန္တာချီးမွမ်းခန်းဖွင့်နေလို့ ခင်ဗျားကတော့ ကျွန်တော့်ကို နှာခေါင်းရှုံ့ချင် ရှုံ့နေမိမှာပဲ။

ကျွန်တော် ပြောချင်တာက အဲဒါတွေ မဟုတ်ဘူး။

ကျွန်တော် ပြောချင်တဲ့ စကားက အခုမှ လာမှာပါ။

အဲဒီကိစ္စကတော့ သူတို့ တိုင်းပြည်အတွက် သိပ်ကို ကြောက်စရာကောင်းပါတယ်။

ဘာလဲဆိုတော့ …။

■

မစ်ရှုယာနိုင်ငံဟာ ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်မှု (Suicide) အများဆုံး ဖြစ်ပွားရာ တိုင်းပြည်တစ်ခုပါ။

စစ်တမ်းများအရ တစ်နှာရီပြည့်တိုင်း လူသုံးဦးဟာ ကိုယ့်ကိုကိုယ် Suicide လုပ်ပြီး သတ်သေဖို့ ကြိုးစားနေကြပါတယ်။

■

www.burmeseclassic.com

(1)

“အို … လှလိုက်တာကွယ် … လှလိုက်တာ”

အဘွားအိုခများ တုံ့ချိချိ ဖြစ်နေသော်လည်း ကြည်နူးပီတိစိတ်ကြောင့် ကလေးလေးတစ်ယောက်လိုပြန်လည် နုပျိုနေ၏။

“အမယ်ကြီး …. ဖြည်းဖြည်း”

ဖြည်းဖြည်းလို့သာ သတိပေးနေရတယ်။ အဘိုးကြီးခများမှာလည်း သူ့ကိုယ်သူ မနည်း အနိုင်နိုင်ထိန်းရင်း အဘွားကြီး လက်ကို ဖွဖွလေး ဆုပ်ကိုင်ထားလေရဲ့။

သူတို့ရောက်နေတဲ့ နေရာကလေးကတော့ ကျွန်းကလေး တစ်ကျွန်းပါ။

တစ်ခုတည်းသော အမြင့်ဆုံးတောင်ထိပ်မှာ တိမ်လိပ်ထူထူတွေ အုံ့ဆိုင်းနေတတ်ပြီး တောင်တန်းတွေပေါ်တဲ့ ကျွန်းကလေး တစ်ကျွန်း။

ကျွန်းကလေးဟာ အိုခိုင်ယန်လို့ အမည်ရပါတယ်။

အဓိပ္ပါယ်ကတော့ … တိမ်တွေနေတဲ့ ကျွန်းတဲ့ …

ကြည်နူးစရာကောင်းလိုက်တာ။ ကျွန်းကလေးက စိမ်းညို့ညို့



ပင်လယ်နဲ့ မိုးကောင်းကင်က ပြာလွင်လွင်၊ ကျွန်းကို လာရိုက်ခတ်တဲ့ ရေလှိုင်းတွေနဲ့ တိမ်တွေက အဖြူရောင်တွေ။

“အဘိုးကြီး … ဘာတွေ ငေးနေတာလဲ၊ ဘာတွေမြင်ရလဲ”

“အရောင်တွေကို ငေးနေတာ၊ အဖြူရယ်၊ အစိမ်းရယ်၊ အပြာရယ် ဒါပဲမြင်တယ် အေးချမ်းတယ်။ သိပ်အေးချမ်းတယ်”

အဘိုးကြီးဟာ ငယ်စဉ်က ပန်းချီဆရာ ဖြစ်ခဲ့ပုံရ၏။ Subject ထက် colour ကို အရင်ဦးဆုံး ရင်ထဲကိုထိအောင် ခံစားနေသည်။

အင်း …

အဘွားကြီး ခများမှာတော့ ငယ်စဉ်က ဖိနပ်စက်ရုံတစ်ရုံမှာ ဝင်အလုပ်လုပ်ရတဲ့ အလုပ်သမတစ်ဦးပါ။

သူတို့နှစ်ဦးစလုံးဟာ ငယ်ဘဝတွေကို ကျပ်ကျပ်တည်းတည်း ရုန်းကန်ခဲ့ကြရရင်း ဘဝနေဝင်ချိန်အရောက်မှာ ဒီကျွန်းကို ရည်ရွယ်ချက်ရှိရှိနဲ့ ရောက်လာခဲ့ကြခြင်းပါ။

“လာ … ကျွန်းကလေထဲ ဝင်ကြစို့”

ဒီလိုနဲ့ အဘိုးကြီးဟာ အဘွားကြီးရဲ့ လက်ကိုတွဲပြီး ကျွန်းကလေးဆီ ဝင်ရောက်ခဲ့ပါသည်။

“နှားထောင်စမ်း၊ လမ်းအဆုံးမှာ ရေတံခွန်ရှိမယ် ထင်တယ်၊ ရေစီးသံသွဲ့သွဲ့ ကြားနေရတယ်”

“ကျုပ်သိတယ်၊ The Road to Heaven ဆိုတဲ့ လမ်းကလေးရဲ့အဆုံး”

The Road to Heaven ....

www.burmeseclassic.com

www.burmeseclassic.com



ဒီလမ်းကလေး နာမည်ကြားလိုက်ရုံမျှနှင့် အဘိုးကြီးရော၊ အဘွားကြီးပါ မျက်လုံးကလေးများ မှေးကျဉ်းသွားသည်အထိ နစ်နေအောင် ပြုံးလိုက်ကြမိပြန်သည်။

ကောင်းကင်ဘုံကို သွားရာလမ်းလေး။

သူတို့ ရှာနေတဲ့ လမ်းကလေးပေါ့။

"အို ... ကြည့်စမ်း။ လှလိုက်တဲ့ လိမ်ပြာကလေးတွေ"

"ကျုပ် ခင်ဗျားအတွက် ဖမ်းပေးမယ်"

"အို ... နေပါ၊ ချော်လဲနေမှဖြင့် အရိုးကျိုးနေပါဦးမယ်၊ ကျွန်မတို့ ခရီးမဆုံးသေးဘူး"

လိပ်ပြာလိုက်ဖမ်းမလို့ ဟန်ပြင်နေသော အဘိုးကြီးမှာ ဒါလည်း ဟုတ်တယ်လေ ဆိုတဲ့သဘောနှင့် မြက်ရိုင်းတွေထဲ ရောပေါက်နေတဲ့ ခရမ်းရင့်ရောင် တောပန်းကလေးတွေကိုသာ လက်တစ်ဆုပ်စာလောက် ရအောင်ခူးပြီး အဘွားကြီးအား ပေးလိုက်၏။

ကြည်နူးလိုက်ရတာ။

လျှောက်နေတဲ့ လမ်းကလေးက သိပ်တော့ မညီညာ။

လမ်းရဲ့ တစ်ဖက်တစ်ချက်မှာပေါက်နေတဲ့ သစ်ပင်တွေရဲ့ အမြစ်တွေက အဖုအဖုတွေနဲ့ လမ်းကလေးကို အထပ်ထပ် ကန့်လန့်ဖြတ် ကာရံပေးထားသလိုဖြစ်နေ၏။

"နတ်သမီးပုံပြင်တွေထဲက လမ်းကလေးအတိုင်းပါပဲ"

"ဟော .... ဟိုမှာ .... ရောက်ပြီ"

ကချော်ကချွတ်ရေးထားတဲ့ ဆိုင်းဘုတ်ကလေးမှာ Road to



Heaven ဆိုတဲ့ စာသားက ဆေးသားပြယ်လွင့်နေပြီး မကြာသေးမီကမှ ထိုစာသားပေါ်ကနေ ထပ်ပြီး ရေးခွဲထားဟန်ရှိတဲ့ စာသားတစ်ခုက သုတ်ဆေးအနီရောင်နှင့် ထင်းရှင်းနေ၏။

**Do Not Entry**

(မဖြတ်သန်းရ)

■

www.burmeseclassic.com

www.burmeseclassic.com

(1-a)

“လမ်းကလေးဟာ မှော်ဝင်နေပြီ”

လမ်းတလျှောက်မှာ မြင်ဖူးနေကျမဟုတ်တဲ့ အစွန်းထွက် ချွန်မြည့်မြည့် ကျောက်တုံးမည်းမည်းကြီးတွေမှာ တွယ်ကပ်ပေါက်နေတဲ့ ရေညှိစိမ်း စိမ်းကလေးတွေကို ကြည့်ရင်းသူတို့ ရင်ထဲ အေးမြသလို ခံစားလာရသည်။

“ဟယ်၊ ဟိုမှာ … ဖိနပ်တွေ”

သစ်ဥ သစ်ဖုကိုက်ရင်း သူတို့ကို ချောင်းမြောင်းကြည့်ရှုနေတဲ့ ရှဉ့်ကလေးတွေ၊ အမြီးရှည်ရှည် ငှက်ကလေးတွေကို ဟိုမှာ ဒီမှာ တွေ့နေ ရသလိုပဲ။

လမ်းတလျှောက်မှာ၊ ကျောက်တုံးတွေကြားမှာ။ သစ်ကိုင်း သစ်ခက်တွေကြားမှာ၊ ဆွေးမြည့်စုတ်ပြတ်နေတဲ့ ဖိနပ်တွေ၊ ပဝါစတွေ၊ အင်္ကျီအဟောင်းတွေကို သူတို့ သတိထားမိလာခဲ့ကြသည်။

ဒါကတော့ အဘိုးကြီးတို့ စုံတွဲကို စတင်ဆွဲဆောင်လာတဲ့ View ပါ။

နောက်ထပ် ဆွဲဆောင်လာတဲ့ အရာကတော့ Smell။



“ပန်းနံ့ကလေးတွေ ကျွန်မရတယ်။ ပန်းရနံ့လေးတွေ”

လတ်ဆတ်အေးမြတဲ့ လေပြည်ကို တရှိုက်မက်မက် ရှူသွင်းရင်း အဘွားကြီးကဆိုလေတော့ …

“ဟုတ်တယ်။ မြက်ပင်ရဲ့ ရနံ့တွေ၊ မြက်ပင်တွေကြားမှာ တွဲခိုနေတဲ့ ရေစက်ကလေးတွေရဲ့ ရနံ့တွေ၊ အို … ငှက်ကလေးတွေရဲ့ ရင်အုံက ထွက်လာတဲ့ ရနံ့တွေ၊ ကြည့်စမ်း၊ ရနံ့တွေကို ငါ ရှူရှိုက်နေမိရုံတင်မကဘူး၊ မြင်ပါနေရတယ်၊ အဘွားကြီး”

“အို … ရှင်ဟာ သိပ်အပြောကောင်းတဲ့ ပန်းချီဆရာပဲ အဟား ဟား”

လမ်းကလေးဟာ တဖြည်းဖြည်းနဲ့ ရှည်လျားနက်ရှိုင်းလာသလိုပဲ ပိုပြီးပဉ္စလက်ဆန်လာခဲ့လေတော့၏။

View .. Smell .. ပြီးတော့ သူတို့ကို ထပ်ပြီး ဆွဲဆောင်လေသော အရာက Voice ။

“နားထောင်စမ်း … အဘွားကြီး”

“ကြားတယ် ကျွန်မ ကြားတယ်”

သစ်ရွက်ကလေးတွေ လေတိုးသွားတဲ့အသံ၊ ပန်းပွင့်ကလေးတွေ ယိမ်းထိုးသွားတဲ့အသံ၊ ငှက်ကလေးတွေ တီတီတာတာ အော်မြည်တဲ့ အသံဗလံလေးတွေကနေ တဆင့် … တဆင့်နဲ့ တိမ်တွေ ကြေမွသွားတဲ့အသံ၊ ကျောက်တုံးပေါ်ကနေ ရေညှိပိစိကွေးကလေး ကွာကျသွားတဲ့အသံ၊ ငှက်ကလေးတွေရဲ့ ရင်အုံထဲက နှလုံးသွေးစီးဆင်းသံကအစ သူတို့ ကြားလာကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ် .... ဒါဟာ ကောင်းကင်ဘုံပဲ။

ဒါဟာ ကောင်းကင်ဘုံကို သွားရာလမ်းကြောင်းပါပဲ။

အဘိုးကြီးတို့ စုံတွဲဟာ လက်တွေ့ကျကျဘ၀ထဲကနေ အိပ်မက်ထဲ လမ်းလျှောက်ကြရသူများလို ရီဝေမိန်းမောသွားကြသည်။

View, Smell, Voice ဒီဆွဲငင်အားတွေကို တော်လှန်ဖို့ဆိုတာ လုံး၀ မလွယ်။

အဘိုးကြီးက သီချင်းတစ်ပုဒ်ကို တီးတိုးရွက်ဆိုလိုက်၏။

~ How many roads must a man walk down ~
~ Before they call him a man ~
~ And how many seas must a white dove sail ~
~ Before she sleeps in the sand ~

အံ့သြစရာမကောင်းဘူးလား။ သူတို့ မျက်လုံးများကို ကျေနပ်စွာမှိတ်လျက် လမ်းအဆုံးကို လျှောက်သွားကြ၏။

~ And how many times must the cannon balls be fly ~ Before they're forever banned ~ The answer my friend is blowin' in the wind ~ The answer is blowin' in the wind ~

သေချာသည်မှာ The Road to Heaven လမ်းကလေးအဆုံးအထိ သူတို့ကျေနပ်နှစ်သက်စွာ မျက်လုံးမှိတ်လျက် ၀င်ရောက်သွားကြသည်။

သို့သော် သူတို့ ပြန်ထွက်မလာကြတော့။

ဘယ်တော့မှ ... ပြန်ထွက်မလာကြတော့။

■

(2)

Suicide Prevention Hot Line မှာ သူမ အော်ပရေတာ တာဝန်ယူလိုက်သည်နှင့် စိတ်မချမ်းမြေ့ဖွယ်ရာ တယ်လီဖုန်းမြည်သံ ထ ထွက်လာသည်။

မိုးဇမ်ဟာ ဒေါက်တာဘွဲ့အတွက် မစ်ရှယာမှာ မိမိကိုယ်ကို အဆုံးစီရင်မှု မြင့်မားလာတာနဲ့ ပတ်သက်ပြီး စာတမ်းပြုစုနေသူ တစ်ယောက် ဖြစ်ပြီး၊ suicide လုပ်ဖို့ ကြံစည်နေသူများကို နောက်ဆုံး အချိန်အထိ နှစ်သိမ့်ဆွေးနွေးပေးရေးအဖွဲ့မှာလည်း စေတနာ့ဝန်ထမ်း အဖြစ် ၀င်ရောက် လုပ်ကိုင်နေသူတစ်ဦးဖြစ်၏။

Suicide လုပ်တော့မည့်သူများသည် မိမိကိုယ်ကိုသတ်မသေမီ နောက်ဆုံးအနေနှင့် တစ်စုံတစ်ယောက်ကို ရင်ဖွင့်သွားလိုဟန်ရှိကြသည်။ ထို့ကြောင့်လည်း ဆိုင်ရာအာဏာပိုင်များက လိုင်းခွဲနံပါတ် *9 ထားရှိပေးကာ နှစ်သိမ့်ဆွေးနွေးပေးမည့်သူနှင့် ချိတ်ဆက်ပေးထားလေ၏။

မိုဇမ်သည် သတ်သေဖို့ ဆုံးဖြတ်ထားပြီးဖြစ်သော တစ်စုံတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် ခေါ်ဆိုလိုက်သည့် ဖုန်းကို သက်ပြင်းအသာအယာချကာ ကိုင်လိုက်ရင်း …

"ဟဲလို၊ ကောင်းသော မနက်ခင်းပါရှင်၊ ကျွန်မ ဘာများကူညီပေးရမလဲ"

"မင်းကို အကူအညီတောင်းဖို့မဟုတ်ဘူး၊ မင်းကို ရင်ဖွင့်ပြောခဲ့ချင်ရုံသက်သက်ပါပဲ"

အမျိုးသမီးတစ်ဦး၏အသံ။

ကြားဖူးနေကျ ကမောက်ကမ စကားများချည်းပါပဲ။

"ဟုတ်ကဲ့ … ကျွန်မ နားထောင်နေပါတယ်။ နာမည်လေးတဆိတ်လောက် သိခွင့်ရှိမလား"

"ကိုယ်ဘာ့ကြောင့်သတ်သေဖို့ ဆုံးဖြတ်လိုက်သလဲဆိုတာ ပြောပြီးတာနဲ့ ကိုယ့်နာမည်ပြောပြပါမယ်။ ဒီလိုပါ … ကိုယ်က အစိုးရဝန်ထမ်းဆိုပါတော့။ ကိုယ်နှစ်နှစ်ဆယ်လုံးလုံး ရိုးသားစွာနဲ့ တိုင်းပြည်တာဝန်ထမ်းဆောင်ခဲ့ပါတယ်"

"ဂုဏ်ယူစရာပါ၊ ဟုတ်ကဲ့ … ဆက်ပြောပါရှင့်"

"ကိုယ် လွန်ခဲ့တဲ့ နှစ်လ၊ သုံးလလောက်က ငွေကြေးအလွဲသုံးစား လုပ်ခဲ့မိတယ်။ ငွေကြေးပမာဏက အများကြီးမဟုတ်ပေမယ့် သိပ်လည်း မနည်းလှန်းဘူး၊ ဟို … ကွာ … ကျွတ်"

တစ်ဖက်က အမျိုးသမီးမှာ စကားကို ဆက်ပြောဖို့ တချက်တုံ့ဆိုင်းသွားရင်းမှ …

"ဘယ်လိုခေါ်မလဲ၊ တစ်သိန်းကျော်ကျော်ပေါ့၊ ဘာလုပ်လိုက်မိ



လဲဆိုတော့ ရေမွှေးနဲ့ မိတ်ကပ်setတွေ ဝယ်လိုက်မိတယ်။ ဟူး ‥ ဒီစကားတွေ မင်းကို ပြောရတာ မလွယ်ကူလိုက်တာ"

"ဒါ လူတိုင်း မှားတတ်ကြတဲ့ အမှားတစ်ခုပဲ အန်တီ၊ ဒါကြီးကျယ်တဲ့ ပြစ်မှုကြီးတော့ မဟုတ်ဘူး အန်တီရဲ့ နှစ်ပေါင်းနှစ်ဆယ်လုံးလုံး သိက္ခာရှိရှိ ရိုးသားခဲ့တယ်ဆိုတဲ့ ဂုဏ်ပုဒ်နဲ့ စာလိုက်ရင်"

"မဟုတ်သေးဘူး တို့နိုင်ငံမှာ ငွေကြေးတန်ဖိုးမြင့်တယ်၊ နှစ်သိန်းဆိုရင် ဒီနိုင်ငံထုတ် ကားကောင်းကောင်းတစ်စီးဝယ်လို့ရပြီ ဟုတ်တယ်နော် ကိုယ်ပြောတာ၊ ဒီလိုနဲ့ ငါရဲ့ ငွေကြေးအလွဲသုံးစားလုပ်မှုကို လုပ်ဖော်ကိုင်ဖက်တွေသိသွားကြတယ်။ ပြဿနာတော့ ကြီးကြီး ကျယ်ကျယ် မတက်ခဲ့ဘူး။ သူတို့က ငါ့ကို မျက်နှာလွှဲပေးကြတယ်လေ။ မင်းပြောသလို နှစ်ပေါင်းနှစ်ဆယ်ကျော် ရိုးသားခဲ့တဲ့ ဂုဏ်ပုဒ်ကို ထောက်ထားပြီးတော့ပေါ့"

မိုးဇမ် ခေါင်းညိတ်ရင်း ပြုံးသာပြုံးမိတော့၏။

"ဒါပေမယ့် ငါ သူတို့ အကြည့်တွေကို ရင်မဆိုင်ချင်တော့ဘူး။ လိပ်ပြာမလုံတော့ဘူး။ စိတ်တွေ မသန့်ရှင်းတော့ဘူး။ ငါ နေရထိုင်ရတာ အဆင်မပြေတော့ဘူး"

"အကြံတစ်ခုပေးကြည့်မယ်နော် အန်တီ၊ အန်တီ အလုပ်ကနေ နှုတ်ထွက်ပေးလိုက်ပါလား၊ ဒါမှမဟုတ် အားလုံးရှေ့မှာ ဝန်ချတောင်းပန်လိုက်။ ဒီကိစ္စ ကျူးလွန်ခဲ့ကြောင်း ဝန်ခံပြီး ငွေပြန်ဆပ်ကြည့်မယ် ဆိုရင်ကော"

"ဖြစ်မလား၊ ငါ့မှာ အတိုက်အခံတွေ ပြိုင်ဘက်တွေ အများ

www.burmeseclassic.com



ကြီးရှိတယ်။ ပေါ့ပေါ့တန်တန် လုပ်ခဲ့တဲ့ အလုပ်တစ်ခုကြောင့် ငါအခု အရှမ်းထွက်ပေါက်ပိတ်နေမိပြီ”

“ဒါ … သတ်သေရမယ့် အကြောင်းပြချက်တော့ မဟုတ်ဘူး အန်တီ၊ အန်တီက လူတော်တစ်ယောက်ပါ။ ကျွန်မတို့ အန်တီကို မဆုံးရှုံးပါရစေနဲ့”

“ငါ့မှာ ဖိအားတွေ အများကြီးပဲ မိန်းကလေးရယ်၊ အထက်က ပေးထားတဲ့ တာဝန်တွေကို ကျေကျေပွန်ပွန် ထမ်းဆောင်ခဲ့နိုင် တာတွေရှိတယ်။ တာဝန်မကျေပွန်ခဲ့တာတွေရှိတယ်။ ဖိအားတွေကြားမှာ အရှက်ရစရာကိစ္စတစ်ခုက ဖြစ်လာတယ်”

“နေဦး … အန်တီ၊ အခုလောက်ဆို အန်တီ့နာမည်နဲ့ အန်တီ ထမ်းဆောင်နေတဲ့ အလုပ်တာဝန်ကို ကျွန်မကို ပြောပြနိုင်ပြီလား”

“ကောင်းပြီလေ၊ ဒီစကားဝိုင်းကို ရှေ့ဆက်သွားလို့ ရဖို့အတွက် ငါမင်းကို ပြောပြမှ ဖြစ်တော့မှာပေါ့၊ ငါ့အသံကို မင်းနည်းနည်းလေးမှ မကြားဖူးဘူးလား”

“ရှင်”

မိုးဇမ် အနည်းငယ်တော့ အံ့အားသင့်သွားမိရသည်။

ဘုရားရေ .. ဘယ်သူများပါလိမ့်၊ ဘယ်လိုပုဂ္ဂိုလ်အကျော် အမော်မျိုးထဲကပါလိမ့်။

“အနည်းဆုံး ရုပ်သံဌာနတွေမှာ Liveလွှင့်တဲ့အခါမှာပဲ ဖြစ်ဖြစ်”

မိုးဇမ်ဘာလုပ်ရမလဲဆိုတာ သဘောပေါက်သွား၏။ သူမ



လက်များက အရေးပေါ်ကယ်ဆယ်ရေးဌာနသို့ ဖက်(စ်)ပို့ဖို့ အသင့်ဖြစ် နေလေပြီ။

သေချာပြီ။ တစ်ဖက်က အမျိုးသမီးဟာ တိုင်းပြည်ရဲ့ ထင်ရှား တဲ့ အခန်းကဏ္ဍမှာပါဝင်နေတဲ့ အမျိုးသမီးတစ်ဦးပင်ဖြစ်ရမည်။ ထို့ကြောင့် တစ်ဖက်ကနာမည် ဒါမှမဟုတ် ဒီထက်ပိုမိုပြည့်စုံတဲ့ သဲလွန်စ တစ်ခုခုပေးလိုက်တာနဲ့ အရေးပေါ် ကယ်ဆယ်ရေးဌာနကို ချက်ချင်း သတင်းပို့ပြီး ကယ်ဆယ်ဖို့ ကြိုးစားရတော့မည်။

“ကျွန်မ မသိဘူး အန်တီ၊ ဘယ်သူများလဲ”

တစ်ဖက်က စကားကို ဆက်ပြောဖို့အနိုင်နိုင် ကြိုးစားလိုက်ပြီးမှ

“မူဗီဂါဒီ”

“ရှင်”

“ဘုရားရေ … ဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီး ..”

“မင်း အရေးပေါ်ကယ်ဆယ်ရေးဌာနကို ဆက်သွယ်နေပြီနဲ့တူ တယ် မိန်းကလေး လုပ်မနေပါနဲ့၊ သူတို့ အချိန်မီ ရောက်မလာနိုင် ပါဘူး။ ငါအားလုံး စီစဉ်ပြီးတော့မှ လူ့လောကကို နောက်ဆုံး နှုတ်ဆက်ချင်တာနဲ့ *၅ ကို ဖုန်းခေါ်လိုက်တာပါ။”

“အို .. အန်တီနဲ့ ခုလို စကားပြောခွင့်ရလိမ့်မယ်လို့ ကျွန်မ အိမ်မက်တောင် မမက်ခဲ့ဖူးပါဘူး အန်တီ။ ဒါဟာ တကယ်ဂုဏ်ယူ စရာ ပျော်စရာကောင်းတဲ့အဖြစ်ပါ။ တကယ်ပါ အန်တီ့ကို ကျွန်မ ငယ်ငယ်ကတည်းက အရမ်းလေးစားအားကျခဲ့ရတာပါ။ အမျိုးသား တွေနဲ့ ရင်ဘောင်တန်းပြီး ဝန်ကြီးရာထူးကို ယူထားနိုင်လို့လေ”

www.burmeseclassic.com

www.burmeseclassic.com



''မင်းလို လေးစားတဲ့ကလေးတွေ အများကြီးရှိပါလိမ့်မယ်၊ နောင် တက်လာမယ် လူငယ်တွေ၊ ကလေးတွေ ငါ့လို အမှားမကျူး လွန်မိစေကြဖို့ နောက် ငါဟာ ... ''

မိုးဇမ်သည် ဝန်ကြီးကို အချိန်ဆွဲပြီး စကားပြောနေရင်းမှ ကယ်ဆယ်ရေးဌာနဆီ အရေးပေါ် ဖက်(စ်)ပို့လိုက်ပြီး ဖြစ်လေ၏။

တိုင်းပြည်ရဲ့ လက်ရုံးတစ်ယောက်၊ သံမဏိလူသားတစ်ဦး၊ အားအထားရဆုံးသော လူတော်တွေထဲက တစ်ယောက်၊ ဟင့်အင်း ကျွန်မတို့ ဘယ်နည်းနဲ့မှ အဆုံးရှုံး မခံနိုင်ဘူး။

''ငါ့ အပြစ်အတွက်၊ နေဦး မိန်းကလေး၊ မင်းငါ့ကို ကယ် ဆယ်ဖို့ အရေးပေါ် ဌာနတွေဆီ ဆက်သွယ်နေပြီလား''

''ကျွန်မ မလုပ်ပါဘူး အန်ကယ်၊ အန်ကယ်ခွင့်မပြုဘဲ ကျွန်မ မလုပ်ပါဘူး၊ အန်ကယ် ယုံမလားဟင်၊ ကျွန်မ အခု မျက်ရည်တွေကျ နေမိတယ်။ အန်ကယ့်လို လူတော်တစ်ယောက်ကို ကျွန်မတို့ တိုင်းပြည် အတွက် ဆုံးရှုံးခံလိုက်ရတော့မှာလား၊ နှမြောစရာ၊ အန်ကယ် ... ခဏလောက်ဖြစ်ဖြစ် အပြင်ထွက်လိုက်ပါ၊ လေကို ဝဝ ရှူသွင်း၊ ရှူထုတ် ဆယ်ကြိမ်လောက်လုပ်ပေးပါ၊ ကျွန်မ အန်ကယ့်ကို စောင့်ပေး နေပါတယ် .. ပြီးတော့မှ စကား ဆက်ပြောမယ်''

''ကလေးတွေကို မှာခဲ့ပေးပါ၊ နောင် မျိုးဆက်သစ်တွေကို မှာခဲ့ပေးပါ။ မူဗီဂါဒီဟာ ကိုယ့်ရဲ့ အရှက်ရစရာ လုပ်ရပ်တစ်ခုအတွက် အသက်ကို ပြန်ပေးဆပ်သွားပါတယ်လို့၊ နောင်တက်လာမယ့် ကလေး တွေကို ဂုဏ်သိက္ခာကျင့်ဝတ် မြင့်မားလာစေဖို့ ပြုစု ပျိုးထောင်ပေးခဲ့



ကြပါ။ ဂွတ်ဘိုင် ... မိန်းကလေး''

''ဝန်ကြီး ... ဝန်ကြီး ... ဟာ''

ဖုန်းလိုင်းပြတ်ထွက်သွားသည်။

ပါးစပ်ဟောင်းသားနှင့် သူမ တုန်လှုပ်စွာ ကျန်ရစ်ခဲ့လေ၏။ ဆက်သွယ်လို့ ရနိုင်သလောက် အရေးပေါ်ဌာနတွေဆီ သူမအရူး တစ်ယောက်လို ဖုန်းဆက်သွယ်နေပြန်သည်။

''ဝန်ကြီး မူဗီဂါဒီဆီ သွားနေကြပြီလား၊ မြန်မြန် ဆက်သွယ် ကြပါရှင့်။ စောစောကပဲ ဒီ hot-line ကို သူဖုန်းဆက်သွားပါတယ်။ သူ suicide လုပ်ဖို့ ကြိုးစားနေပါတယ်''

ဌာနတစ်ခုလုံးရော သူမဆက်သွယ်လိုက်တဲ့ တစ်ဖက်က ဆိုင်ရာပုဂ္ဂိုလ်များပါ အတ်အော်သောင်းနင်းဖြစ်ကုန်ကြသည်။

ဆုတောင်းရုံမှတပါး အခြားမရှိတော့။

အဝေးထိန်းခလုတ်နှင့် တီဗီကို ဖွင့်လိုက်ပြီး သတင်းလိုင်းတွေ မှာ ဘာသတင်းများ တက်လာလေမလဲ ရင်တထိတ်ထိတ်နှင့် စောင့် ကြည့်နေလိုက်သည်။

သူမပါးပြင်မှာ မျက်ရည်တွေ စီးကျနေတာ ဝန်ကြီးအတွက် လား။ ပဟေဠိပေါင်းများစွာနဲ့ သူမကို ထားရစ်ခဲ့တဲ့ မေမေ့ကို သတိ ရမိ သွားလို့လား။ မခွဲခြားနိုင်။

မေမေ့ကို သိပ်သတိရတာပဲ၊ မေမေရော ဘာ့ကြောင့် သတ်သေ သွားတာလဲ၊ မေမေ ကိုယ့်ကိုယ်ကို သက်သေသွားခါနီးတုန်းကရော၊ ဝန်ကြီးလိုတစ်ယောက်ယောက်ကို ကယောင်ကတမ်း ရင်ဖွင့်ခဲ့သေး

www.burmeseclassic.com

www.burmeseclassic.com



လား၊ မေမေ့အသက်ကိုရော ဘယ်သူကမှ ကယ်တင်ဖို့ မကြိုးစားခဲ့ကြဘူးလား။

"မေမေဟာ တိုင်းပြည်အတွက် ဝန်ကြီးတစ်ပါးလို အရေးပါချင်မှ အရေးပါမယ်။ ဒါပေမယ့် ကျွန်မအတွက်တော့ ဘုရင်မတစ်ပါးလိုကို အရေးပါနေဆဲပါကွယ်"

စိတ်ကျဝေဒနာသည်များစွာကို အားပေးနှစ်သိမ့်လာခဲ့သူ စေတနာ့ ဝန်ထမ်းမလေးတစ်ယောက်။ ခုတော့ သူမကလေးတစ်ယောက်လို ပါးပြင်မှာ မျက်ရည်တွေအလိမ်းလိမ်း စီးကျနေမိတော့သည်။

သူမ မျက်ရည်များ ခမ်းခြောက်မသွားသေးခင်မှာပင် သူမ မကြားချင်ဆုံး သတင်းတစ်ပုဒ်ကို သတင်းဌာနက ထုတ်လွှင့်သွားလေတော့၏။

"ဝန်ကြီး မူဗီဂါဒီဟာ ယနေ့ မနက် ဆယ်နာရီ ဝန်းကျင်မှာပဲ မိမိကိုယ်ကို အဆုံးစီရင်ခဲ့ပါတယ်ရှင်၊ သေဆုံးရတဲ့ဖစ်မြစ်ကို အသေးစိပ် မသိရှိရသေးပေမယ့်"

"အို"

သူမ ကမ္ဘာ များစွာ ခြောက်ခြားသွားရလေပြီ။

■

(3)

ကူးတို့ ဆိပ်ကမ်းလေးတစ်ခု။

ညနေခင်းက ပြာရီလင်းဝေလျက်။ ဟိုးအဝေး ဘုရားရှိခိုးကျောင်းတွေကနေ လွင့်ပျံ့လာတဲ့ ခေါင်းလောင်းထိုးသံ သဲ့သဲ့နဲ့ ကူးတို့ဆိပ်ကမ်းလေးရဲ့ ခုံတန်းလျားလေးတစ်ခုမှ ထိုင်နေရသည်မှာ ကြည်နူးဆွတ်ပျံ့ဖွယ်ရာ ကောင်းလှပါသည်။

"မေမေရေ ... ဇင်ယော်တွေ အများကြီးပျံလာပြီ"

ကလေးတစ်ချို့မှာ ပေါင်မုန့်များကို လေပေါ်မြှောက်တင်ပေးလျက် ဇင်ယော်များကို အစာကျွေးရင်း ပျော်မြူးနေကြ၏။

ကလေးတွေကို ကြည့်ရင်း မိုးဖမ်ရင်ထဲ အပျော်တွေ ကူးစက်လာသည်။ နောက် မိုးဖမ် ခပ်လှမ်းလှမ်းက လူတစ်ယောက်ကိုလည်း သတိထားမိနေ၏။

အဝေးကမို့ သဲသဲကွဲကွဲ မမြင်ရပေမယ့် သူဝတ်ထားတဲ့ ဖျော့ပြာရင့်ရောင် လောင်းကုတ်အင်္ကျီနဲ့ မြင့်မားသော အရပ်က ကြည့်လို့ကောင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်ပြင်အစပ်က ဆိပ်ခံဘောတံတားနားမှာ တိတ်တဆိတ် ရပ်လို့ပေါ့။

လက်နှစ်ဖက်ကို ကုတ်အင်္ကျီအိတ်ထဲ ထည့်သွင်းထားပြီး ခေါင်းကို တစ်ဆုံးမော့ထားသေး၏။

ဒီPost ကို ကြည့်ခြင်းအားဖြင့် သူမျက်လုံးအစုံ မှိတ်ထားသည်မှာ သေချာသလောက်ဖြစ်နေလေပြီ။

ကျွန်မတို့တတွေဟာ ကျေကျေနပ်နပ် ကြည်ကြည်နူးနူးရှိကြတဲ့အချိန်မှာ မိုးကောင်းကင်ပေါ်ကို မျက်နှာမူ ခေါင်းကိုတဆုံးမော့ရင်း မျက်လုံးအစုံမှိတ်ပြီး တိတ်တဆိတ်နေတတ်ကြတယ်မို့လား။

ဇင်ယော်တွေက ထိုလူငယ်လေးအနီး ပျံဝဲသွားလိုက်၊ အဝေးဆီထွက်သွားလိုက်နှင့် ...

ဒီမြင်ကွင်းလေးဟာ တကယ်ကို နံရံကပ် ပိုစတာတစ်ချပ်ကို ကြည့်နေရသလိုပါပဲ။ သူကတော့ အဲဒီမြင်ကွင်းပိုစတာထဲက အကောင်းဆုံး Subject လေး တစ်ခုပေါ့။

ဘာရယ်မဟုတ် မိုးဇမ်လက်များက စမတ်ဖုန်းကို ထုတ်စမ်းလိုက်မိသည်။ သူမဖုန်းက အဝေးကို zoom ကောင်းကောင်းဆွဲပြီး ရိုက်လို့ရသည်။ Pixel မြင့်၍ ဓါတ်ပုံအရေအသွေးကလည်း မြင့်၏။

မိုးဇမ်ဟာ ဒီလိုပဲ ရှုခင်းလှလှ မြင်ကွင်းလှလှလေးများကို စမတ်ဖုန်းလေးနှင့် အပျော်တမ်း ဓါတ်ပုံရိုက်ယူထားလေ့ရှိတတ်ပြန်သည်။

တံစက်မြိတ်မှာ မိုးရေစက်ကလေးတွေ ခိုသီးနေတဲ့ပုံလေးတွေ၊



ဝတ်ပြုဆုတောင်းကျောင်းက ခေါင်းလောင်းပုစိကွေးကလေးတွေ၊ နှင်းခါးရိုက်ထားတဲ့ သစ်ခြောက်ပင်တွေကြားက ပင့်ကူအိမ်ကလေးတွေကို သူမ အများဆုံး မှတ်တမ်းတင်ထားလေ့ရှိသည်။

ယောက်ျားတစ်ယောက်ပါဝင်တဲ့ ရှုခင်းကို ဓါတ်ပုံရိုက်မိခြင်းကတော့ ဒါပထမဦးဆုံးပါ။ ဒီအတွက် ဒီယောက်ျားဆီမှာ သွားရောက်ခွင့်တောင်းယူစရာတော့ မလိုဘူးထင်ပါရဲ့၊ ခွင့်သွားတောင်း လိုက်လျှင် ကိုယ်လိုချင်တဲ့ အနေအထားလေးပျက်စီးသွားနိုင်သေးသည်ပဲ၊ ပြီးတော့ သူကရော ခွင့်ပြုမှာတဲ့လား။

အနည်းဆုံးတော့ 'ရှင့်ကို ကျွန်မဓါတ်ပုံရိုက်ခွင့်ပြုပါ' ဆိုတဲ့ စကားလောက်တော့ မျက်နှာပြောင်ပြောင်နှင့် ပြောရဦးမည်ပင်။ ဟင်းဒါတွေ မလုပ်ချင်ပါဘူးကွယ်။ လောကကြီးကို ဒီလောက်ကြီးလည်း အသေးစိပ် respect အပြည့်ထားပြီး ဆက်ဆံနေစရာ မလိုပါဘူး။

အိုကေ ... စမတ်ဖုန်းကနေ zoom ကိုရသလောက်ဆွဲယူပြီး သူမျက်နှာကို အနီးကပ်ကြည့်ရှုလိုက်တော့ သူဟာလူချောတစ်ယောက်ဖြစ်နေပြန်သေးသည်။

မျက်ခုံးထူထူစိမ်းစိမ်း၊ ယောကျ်ားဆန်တဲ့ မေးရိုးအကျ၊ အရင်က ဆံပင်ကို ပုံကောင်းကောင်းညှပ်ခဲ့ဖူးပုံရပေမယ့် ခုတော့ အရိုင်းဆန်စွာ ဝဲကျလွင့်မျောလို့၊ နည်းနည်းလောက် ပြုံးကြည့်စမ်းပါ။

"အိုး"

ဓါတ်ပုံကောင်းကောင်းရိုက်ဖို့ စမတ်ဖုန်းကို ဖွင့်ခဲ့မိတယ်ဆိုပေမယ့် အကောင်းဆုံးpostကို ရပြီးထားတာတောင် သူမ click

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက် နှိပ်ပြီး မရိုက်ကူးမိသေးဘဲ ဒီလူကို zoom ဆွဲပြီးဘာကြောင့် အသေးစိပ် လေ့လာစပ်စုနေမိသလဲဆိုတော့ ဘာကြောင့်မှန်း မသိ။

တကယ်ဆို ဒီအနေအထားက အကောင်းဆုံး အနေအထားပဲ၊ ခါတ်ပုံရိုက်မယ်ဆို ရိုက်လို့ရတဲ့ အနေအထားပဲ။

"ဟင်"

သူ .... သူ ...။ ဟုတ်တယ် ဆိပ်ခံဘောတံတားနား ရပ်နေတာ သူ ဘာလုပ်ဖို့လဲ။ ကြည့်စမ်း ... ဒါကို ကျွန်မ တွေးမိဖို့ မေ့နေတယ်။ သူ့ခြေထောက်တစ်ဖက်က တံတားကို ကျော်ပြီး မြစ်ပြင်ကို ဆော့ကစားနေပြန်သည်။ ဘုရားရေ ... ဒီလူ ဘာလုပ်နေပါလိမ့်။

မိုးဇမ် အသက်ရှူရပ်တန့်ပြီး သူ့ကို အဝေးက ငေးမော ကြည့်ရှုနေမိလေသည်။ မျက်တောင်မခတ်ဝံ့။

လူငယ်လေးကတော့ မြစ်ပြင်ကို ခြေဖဝါးတစ်ဖက်နဲ့ ထိတွေ့ဆော့ကစားလိုက်၊ ခြေထောက်ကို ပြန်လည်သိမ်းယူလိုက်နှင့် အဓိပ္ပါယ်မဲ့စွာ ညနေခင်းတစ်ခုကို ဖြတ်သန်းနေစဉ် တစ်ချိန်အရောက်မှာတော့ ..

မြုန်းစားကြီး သူ့ခန္ဓာကိုယ်ကို ထိန်းချုပ်လိုက်တဲ့ အထိအတွေ့ကြောင့် အက်ခန် ရုတ်တရက် မှင်သက်အံ့ဩသွားရလေတော့၏။

ကြည့်စမ်း ... ကိုယ့်လက်ကို ပိုင်စိုးပိုင်နက် ဆုပ်ကိုင်ပြီး စိုးရိမ်တကြီး မျက်နှာလေးနဲ့ ရောက်လာလေတဲ့ မိန်းကလေး တစ်ယောက်။



"မလုပ်နဲ့"

"ဟင် ... ကိုယ် ဘာလုပ်လိုက်မိလို့လဲ"

မိန်းကလေးက မဖြေ။ သူ့ကိုသာ စိုးရိမ်တကြီး စိုက်ကြည့်နေသည်။

သူမဖြေလိုက်လို့ စကားအမှား ပါသွားမှာကိုလည်း စိုးရိမ်နေပုံရပြီး အက်ခန် နောက်ထပ် ဘာစကား ဆက်ပြောလေမလဲ ဆိုတာသာ စောင့်နေပုံရ၏။

"မင်းက ဘယ်သူလဲ"

ဒီတော့မှ မိန်းကလေးက ဆုပ်ကိုင်ထားတဲ့ သူ့လက်အစုံကို ညင်သာစွာ လွှတ်ချပေးလိုက်ပြီး။

"ရှင် .. မြစ်ထဲကို ခုန်ချဖို့ ကြိုးစားနေတာ မဟုတ်လား"

"မင်းကို ဘယ်သူ ပြောလဲ"

"ကျွန်မ ကြည့်နေတာ ကြာပြီ"

မှန်သည်။ မိုးဇမ်သူ ဘာဆက်လုပ်တော့လေမလဲလို့ စမတ်ဖုန်းလေးထဲကနေ zoom ဆွဲကြည့်နေတာကြာပြီ။

သူ့ရဲ့ လှုပ်ရှားမှုတွေက သာမန်လူတစ်ယောက်ထက် ကျော်လွန်လာပြီမှန်း တစတစသဘောပေါက်လာတာမို့ သူ့ကို ထိန်းချုပ်မျောင့်ဖျဖို့ သူ့ရှေ့အရဲစွန့် ရောက်ရှိလာခဲ့ခြင်းဖြစ်၏။

သူက ပခုံးတစ်ချက်တွန့်ပြလိုက်ပြီး ...

"ကိုယ့်ပုံက မြစ်ထဲကို ခုန်ချသတ်သေဖို့ ကြိုးစားနေတဲ့လူ တစ်ယောက်ပုံ ပေါက်နေလို့လား"

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း သူ ရယ်၏။ ဟက်ဟက်ပက်ပက်တော့ မဟုတ်။

ရယ်လိုက်တော့ အရင်ကထက် ပိုမို နုစ်လိုဖွယ်ရာကောင်းတဲ့ ခပ်ချောချော ယောကျာ်းတစ်ယောက် ဖြစ်နေမှန်း သူမ ထပ်မံ သိလိုက်ရ ပြန်သည်။

အရင်ရက်တွေက ဝန်ကြီးမှုဗီဂါဒီကို ဆုံးရှုံးလိုက်ရတဲ့အတွက် မိုးဇမ်သူမ ပတ်ဝန်းကျင်က လူတွေကိုသတိနဲ့ ဂရုတစိုက် စောင့်ကြည့်ဖြစ်လာခဲ့သည်။

ဟုတ်သားပဲ၊ လူတွေဟာ သူမ ထင်ထားတာလောက်လည်း ကိုယ့်ကိုယ်ကို သတ်သေကြမယ့်သူတွေမှ မဟုတ်တာ။

ကြည့် … အခုကိစ္စကပဲ သူမအတွက် ရှက်ဖို့ ကောင်းနေလေပြီ။

"ဆောရီး"

သူမ ထိုသို့ ရှက်ရွံ့စွာဆိုရင်း သူ့ရှေ့က လှည့်ထွက်တော့မည်ပြုစဉ် သူက ‥

"နေပါဦး … thanks anyway ပါ"

သူမ ခေါင်းတချက်ညိတ်ပြလိုက်မိသည်လား မပြောတတ်။

ဆည်းဆာဟာ အမှောင်ဘက် မသိမသာ ယိမ်းနေလေပြီ။ လေစိမ်းတွေက ကြမ်းပြီး အေးလာ၏။

"ဟို … မင်းရဲ့ နာမည်လေး သိခွင့်ရှိမလား"

ဒီစကားကိုတော့ သူဟာ တွေ့စကလို မှုန်ကုပ်ကုပ် အနေအထားနဲ့ မေးခြင်းမဟုတ်ဘဲ အနည်းငယ် ပြုံးတုံ့တုံ့နှင့် မေးလိုက်ခြင်းပါ။



မလိုပါဘူး။ မဆိုင်တာတွေ မေးနေလို့လည်း သူမက ဖြေနေမည်မဟုတ်။

"ကျွန်မ အလုပ်က လူတွေကို စောင့်ရှောက်ပေးဖို့ပါ"

"volunteer တစ်ယောက်ပေါ့၊ ဟုတ်လား"

ဆက်မဖြေဖြစ်တော့။

မှောင်နေပြီ …

လေတချက်အဝှေ့မှာ ကြယ်လေးတွေ ယိမ်းယိုင်လွင့်စဉ်သွားမလား ထင်မိရ၏။

■

www.burmeseclassic.com

(4)

မိုးဇမ်

မင်းရဲ့ စာတမ်းအတွက် အထောက်အကူဖြစ်မယ့် source တခု ကိုယ်ရထားတယ်။ ဟောလီဒေးမှာ အိုနိုင်ယန်ကျွန်းကို မင်းသွားကြည့်ပါလား။ အဲဒီ ကျွန်းမှာ မနက်ခင်းတိုင်း အဘိုးကြီးတစ်ယောက်က တေးသွားတစ်ပုဒ်ကို ညည်းညူရင်း လမ်းလျှောက်တတ်တယ် ... သတဲ့. သူညည်းတဲ့ တေးသွားဟာ ဝိညာဉ်ဖမ်းတဲ့တေးသွားတဲ့။ ဘာပဲဖြစ်ဖြစ် မင်းရဲ့ စာတမ်းအတွက် အထောက်အကူဖြစ်ချင် ဖြစ်နိုင်တာပဲလေ။

နောက်တစ်ခုက နောက်လာမယ့် တနင်္ဂနွေမှာ မင်းကို HHK သတင်းဌာနကနေ အင်တာဗျူးချင်လို့ ကိုယ့်ကို ဆက်သွယ်လာတယ်။ မင်းဘက်က အားမယ့်အချိန် ကိုယ့်ဆီ ဖုန်းပေးလိုက်ပါဦး။

မင်းရဲ့ ... ဝင်မီ

မိုးဇမ် ဌာနကို ရောက်ရောက်ချင်း သူငယ်ချင်း ဝင်မီရဲ့ အီးမေးကို ဖောက်ဖတ်လိုက်သည်။



အိုနိုင်ယန် ကျွန်း။

ဒီ ကျွန်းကလေးကို သူမ သွားချင်နေသည်မှာ ကြာပြီ။

ငါးနှစ်ကြာ ကောက်ယူထားသော စစ်တမ်းများအရ မစ်ရှယာမှာ suicide လုပ်မယ့်သူအများစုဟာ အေးချမ်းလှပတဲ့ အိုနိုင်ယန် ကျွန်းကို တကူးတကသွားပြီး သူတို့ရဲ့ဘဝကို အဆုံးစီရင်ပစ်လေ့ရှိသည် ... တဲ့ ...။

ဒါကြောင့် အိုနိုင်ယန်ဟာ အလှတရားနဲ့ပြည့်နေတဲ့ကျွန်းဆိုတာ ထက် ကြောက်မက်ဖွယ်ရာ ကျွန်းတစ်ကျွန်းလို နောက်ပိုင်းမှာ နာမည် ဆိုးနှင့် ကျော်ကြားလာလေတော့၏။

ဒီကျွန်းကလေးဆီ တချိန်မှာ သွားရောက်လေ့လာဖို့ ကြံစည် စိတ်ကူးနေစဉ်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် သူငယ်ချင်းဆီက အီးမေးလ် တစ်စောင် ရောက်လာခဲ့ခြင်းဖြစ်လေ၏။

"ဝိညာဉ်ဖမ်းတဲ့ တေးသွားကို ဆိုတဲ့ အဘိုးကြီး"

တီးတိုးရွက်ဆိုရင်း သူမ မျက်ခုံးတွန့်မိ၏။ ဒေါက်တာဘွဲ့ အတွက် စာတမ်းပြုစုနေသလို တစ်ဖက်ကလည်း suicide လုပ်မှု လေ့လာချရေးအတွက် စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်နေသူမို့ လာမယ့် ဆောလီးဒေးမှာ ကျွန်းကလေးဆီသွားဖို့ မိုးဇမ် ဆုံးဖြတ်လိုက်လေ၏။

ကျွန်းကလေးဆီ သူမ ရောက်တော့ နှင်းမကွဲသေး။

ကျွန်းကလေးရဲ့ မနက်ခင်းဟာ ကိုယ်မရောက်ဖူးတဲ့ နတ်ပြည် ရဲ့ ရှုမျှော်ခင်းတွေနဲ့ တူနေလေမလား ထင်မိချင်စရာပင်။

နှင်းလွှာပါးပါးလေးကြားမှာ နေရောင်ခြည်နွေးနွေးလေးက

www.burmeseclassic.com

www.burmeseclassic.com



တစတစနဲ့ ဝင်နေရာလုပ်ယူသွားသည်မှာလည်း ကြည့်တတ်၊ မြင်တတ်လျှင် ကြည်နူးချမ်းမြေ့ချင်စရာ။

ရေတံခွန်တွေကနေ မှုတ်ထုတ်လိုက်တဲ့ ရေမှုန်၊ ရေမွှားကလေးတွေဟာ ကျွန်းကလေးရဲ့ သစ်ပင်တွေ၊ ပန်းပွင့်တွေ၊ အရွက်အခက်တွေဆီ တစိမ့်စိမ့် ဖိတ်ကျလွင့်စဉ်လျက်ရှိ၏။

"စိတ်မပူပါနဲ့ ... ကျွန်းထဲကို ကျွန်မ ဝင်ကြည့်လိုက်ဦးမယ်"

"အစစအရာရာ ဂရုစိုက်ပါ ... သမီး"

မော်တော်ဘုတ် မောင်းပို့ပေးတဲ့ ဦးလေးကြီးကတော့ သောင်စပ်မှာ ကျန်နေရစ်ခဲ့လေပြီ။

"ကိုယ့်ကိုယ်ကိုသတ်သေဖို့ ကြိုးစားတဲ့သူတွေဟာ ဘာ့ကြောင့်များ ဒီကျွန်းမှာ suicide လာလုပ်ဖို့ ရွေးချယ်ကြပါလိမ့်"

သိပ်လှပြီး သိပ်သာယာလို့ပဲ ဖြစ်မှာပါ။

သူမထိုသို့ပင် တွေးတောနားလည်လိုက်ရင်း ကမ်းခြေကို တစ်ချက်အကဲခတ်လိုက်မိ၏။

လှိုင်းလုံးဖြူဖြူလေးတွေဟာ ကမ်းခြေကို သဘောကောင်းသည့် သူငယ်ချင်းတစ်ယောက်လို ခပ်ဖွဖွကလေး လာရောက် ရိုက်ခတ်နေ၏။

သဲပွင့်ကလေးတွေရဲ့ နူးညံ့မှုဟာ အိုခိုင်ယန်က ပန်းပွင့်ကလေးတွေရဲ့ ပွင့်ချပ်၊ ပွင့်ဖတ်ကလေးတွေရဲ့ နူးညံ့မှုနဲ့ တူနေလေမလား။

အိုကေ ... ကျွန်းထဲကို ဝင်ကြည့်ကြရုံပေါ့။

သူမ တစတစ်နှင့် ကျွန်းရဲ့ တောအုပ်ကလေးထဲ ကျွံဝင်လာခဲ့



လေတော့သည်။

တောရိုပ်၊ တောင်ရိပ်ရဲ့ အသံဗလံလေးတွေကို အဆက်မပြတ်ကြားနေရ၏။

"ဟင် ... အမလေး"

တစ်နေရာအရောက်မှာတော့ သစ်ပင်မြင့်မြင့်ကြီးတစ်ပင်မှာ ကြိုးဆွဲချ သေဆုံးခဲ့ဟန်တူတဲ့ ရုပ်အလောင်းတစ်ခုနှင့် တည့်တည့်ဝင်တိုးသဖြင့် သူမမှတ်တမ်းတင်ဓါတ်ပုံရိုက်ယူခဲ့လေတော့သည်။

"အို ... ဒီမှာ ဖိနပ်ကလေးတွေ"

မှန်သည်။

တောလမ်းကလေးထဲမှာ ဖိနပ်ကလေးတွေ၊ ပဝါစတွေ၊ ပန်းစည်းခြောက်ကလေးတွေ အဝတ်အစားအဟောင်းအနွမ်းတွေကို မကြာခဏ ဆိုသလို တွေ့ခဲ့ရသည်။

"suicide လုပ်သွားတဲ့သူတွေရဲ့ အဝတ်အစား အသုံးအဆောင်တွေ ထင်ပါရဲ့"

ဒီရောက်တော့မှ သူငယ်ချင်းဝင်မီကို ကျေးဇူးတင်မိရပြန်သည်။

မှန်သည်။ ဒီအချက်အလက်တွေဟာ စာတမ်းပြုစုတဲ့နေရာမှာ အရေးပါတဲ့ အခန်းကဏ္ဍတစ်ခုမှာ ပါဝင်နိုင်သည်ပင် မဟုတ်ပါလား။

"ဟယ် ... ဟိုမှာ ပန်းပွင့်ကလေးတွေ လှလိုက်တာ"

အဝါဖျော့ဖျော့နဲ့ မဲ့ညိုရောင် စပ်ကြားပန်းပွင့်ကလေးတွေကို ငုံးယူနေစဉ် နားထဲကြားလိုက်ရတဲ့ အသံ သဲ့သဲ့။

"ဘာသံပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com



လေစီးသံလား၊ ဟိုအဝေးတစ်နေရာက တရွှေ့တစ်ကောင် ညည်းညူနေတဲ့အသံလား မကွဲပြား။

ရုတ်တရက်ဆိုတော့ ခြောက်ခြားဖို့လည်း ကောင်းသလို ကျော ထဲ စိမ့်တက်သွားရလေသည်။

အို … မွှေးရနံ့ … မွှေးရနံ့တွေ။

လာခဲ့မိတာ မှားများ မှားသွားပြီလား။

တောအုပ်ကလေးထဲမှာ လူဆိုလို့ သူမ တစ်ယောက်တည်းသာ ရှိပုံပေါ်သည်။

သစ်ပင်မြင့်မြင့်တွေဆီမှာ ကြိုးခွဲချသေဆုံးထားတဲ့ အလောင်း နှစ်လောင်းနဲ့တော့ စောစောကပဲ ပက်ပင်းတိုးခဲ့သေး၏။

မျက်ခုံးတွန့်ရင် သူမအသံလာရာကို ဂရုတစိုက် နားထောင် ကြည့်တော့ …

~ယီယီ ~ အီ … အီ အို ~အို အို ~ယိုင် ~ယိုင်ယိုင် ~ ရှန် ~ယာယာ ~ ရေ ~

အေးအေး ~~ အို ~ယီး ~ယီးယီး ~ ယီ ~

စကြားကြားချင်းတုန်းက အသဲက သဲ့သဲ့ …။ နောက်ကျော စိမ့်ချင်စရာ …။

မိုးဇမ်ဟာ သစ်ပင်ကြီးတစ်ပင်ကို အကာအကွယ်ယူရင်း အသံလာရာကို စောင့်ဆိုင်းလျက်ရှိစဉ် ခဏမှာပင် …။

အဘိုးအိုတစ်ယောက်ဟာ တောလမ်းကလေးအတိုင်း အဆိုပါ တေးသွားကို ညည်းညူရင်း ထွက်လာလေတော့၏။



ဝင်မီပြောတဲ့ ဝိညာဉ်ဖမ်းတဲ့တေးသွားကိုဆိုတဲ့ အဘိုးကြီးများ လား။

စိတ်ဝင်စားဖွယ်ရာ ကောင်းသလို၊ စိတ်လှုပ်ရှားတုန်လှုပ်ဖွယ်ရာ ပါ ကောင်းသဖြင့် အသက်ရှူဖို့ကိုပင် သူမ မေ့လျော့နေလေတော့၏။

~ယီယီ ~~ အီ … အီ ~ အို ~ ~ အို ~~ယိုင် ~

အဘိုးကြီးရဲ့ လက်တစ်ဖက်မှာ သံပခြုပ်တစ်ခုကို ကိုင်ဆောင် ထားပြီး ထို သံပခြုပ်ထဲမှ အမွှေးရနံ့များက လှိုင်လှိုင်ထွက်လျက်ရှိ၏။

အဘိုးကြီးဝတ်ဆင်ထားတဲ့ ရိုးရာဖျင်ကြမ်းအင်္ကျီထူထူမှာ အတော်ကို နွမ်းဖတ်လျက်ရှိနေပြီ။

သစ်ပင်အကွယ်ကနေ အနီးကပ်တွေ့မိတော့မှ အရေး အကြောင်းတွေများတဲ့ အဘိုးအိုရဲ့ မျက်နှာဟာ ပကတိတည်ငြိမ်ပြီး အေးချမ်းလျက်ရှိ၏။

စောစောက ကြောက်စိတ်များပင် အနည်းငယ် ပြေလျော့သွားရ လေပြီ။ စောစောကလောက် မိုးဇမ်မကြောက်တော့။ သူမရှေ့မှ ဖြတ် လျှောက်သွားတယ်ဆိုရင်ပဲ မိုးဇမ်ဟာ အဘိုးကြီးနောက် မသိမသာ လမ်းလျှောက်ရင်း လိုက်သွားမိလေတော့သည်။

~~ယီယီ ~ အီအီ ~ ~ အို … အိုအို ~ အိုး ~ယိုင်း ~

အဘိုးကြီးဟာ တောလမ်းကလေးအတိုင်း တစ်လမ်းဝင် တစ် လမ်းထွက် လမ်းလျှောက်လာခဲ့ရင်း နောက်ဆုံးမှာတော့ ကျွန်းအတွင်း တစ်နေရာက သုသာန်တစ်ခုသို့ ဝင်ရောက်သွားလေတော့၏။

သူမကျောထဲ စိမ့်ကနဲ ဖြစ်သွားလိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အိုနိုင်ယန် ကျွန်းကလေးအကြောင်း သူမကြားဖူးထားပေမယ့် ကျွန်းထဲမှာ သုသာန်တစ်ခုရှိကြောင်းနှင့် ထိုသုသာန်မှာ သူမထင်ထားတာထက် ပိုမိုကြီးမားနေမှန်း အခုမှ သူမသိလေတော့၏။

အဘိုးအိုဟာ သုသာန်ထဲက အုတ်ဂူတွေကြား စောစောကတေးသွားကို စိတ်လိုလက်ရ ညည်းညူပြီးစီးသွားတော့ သံပခြုပ်ကလေးကို လေမှာမြှောက်ပြီး အမွေးရန့်တွေကို အဖက်ဖက် ပျံ့လွင့်သွားစေရန် တိတ်တဆိတ်ပြုလုပ်ပေးနေလေ၏။

သူ့နောက်တည့်တည့်မှာ မကြောက်မလန့် မတ်တပ်ရပ်နေသူတို့လို မိုးဇမ်တစ်ယောက်ပင် ရှိ၏။

အဘိုးအိုဟာ သူ လုပ်ဆောင်ရမယ့် လုပ်ငန်းဆောင်တာတွေကို တိတ်တဆိတ် စိတ်တိုင်းကျ လုပ်ဆောင်ပြီးစီးတော့မှ နောက်သို့ လှည့်မကြည့်ဘဲ အသံသဲ့သဲ့ ပြုလေတော့၏။

"ပြော .... မိန်းကလေး"

အဘိုးအို စကားကြောင့် မိုးဇမ်း အနည်းငယ်တော့ ကြောင်သွားရလေတော့သည်။

"ဟင် ... အဘိုးနောက်ကို ကျွန်မ လိုက်လာတာ သိလား"

အဘိုးအိုမှာ ညင်သာစွာ ခေါင်းညိတ်လျက်မှ မိုးဇမ်ဘက် လှည့်လာလေတော့သည်။

"ကျွန်မ စကားနည်းနည်း ပြောချင်တယ်။ ဒါပေမယ့် ဒီသုသာန်ထဲမှာတော့ မဟုတ်ဘူး။"

"နားလည်ပါတယ်။ အဘိုးနဲ့လိုက်ခဲ့၊ ဟိုဘက်ကို ဆယ့်ငါး



မိနစ်လောက် လမ်းလျှောက်လိုက်ရင် သဘာဝအတိုင်း ဖြစ်နေတဲ့ ကျောက်ဖျာတစ်ချပ်ရှိတယ်။ အရမ်းလည်း သာယာတယ်။ အဲဒီမှာ ထိုင်ရင်းစကားပြောကြတာပေါ့။

■

www.burmeseclassic.com

www.burmeseclassic.com

(4-a)

“အဘိုး စောစောကရွတ်တဲ့ တေးသွားရဲ့အဓိပ္ပါယ်ကဘာလဲ”

ကျောက်ဖျာပေါ်ရောက်ရောက်ချင်း ဟန်မဆောင်နိုင်လောက်အောင် မေးချလိုက်တာမို့ အဘိုးအိုမှာ ပြုံးလျက်ရှိလေရာ မိုးဇမ်က

“အဘိုး ရွတ်တဲ့ တေးသွားဟာ ကျွန်မတို့ မစ်ဇူယာအထိ နာမည်ကြီးနေတယ်”

“ဒီကျွန်းကို လာလေ့လာကြတဲ့ လူတွေကတဆင့် မင်းကို ‘နား’တွေဆီ ရောက်ကုန်ကြတယ် ထင်ပါရဲ့”

အမှန်အတိုင်းပြောရရင် သူမ ဗိုက်ဆာနေလေပြီ …

စိတ်လှုပ်ရှားစရာခရီးတစ်ခုကို ထွက်ခဲ့ရသဖြင့် မနက်စောစောက မနက်စာကောင်းကောင်း မစားနိုင်ခဲ့။

ထို့ကြောင့် ကျောပိုးအိတ်ကို ဖွင့်ပြီး ဘီစကစ်များရယ်၊ နို့နှင့် စတော်ဘယ်ရီ ရောစပ်ဖျော်ထားသည့် ဖျော်ရည်နှစ်ဗူး ထုတ်လိုက်ကာ

“ကျွန်မ ဗိုက်ဆာနေပြီ … အဘိုးလည်း စားပါဦး”

“ စား … စား … မိန်းကလေး”



အဘိုးအိုက သူမအစားအသောက်များကို မျက်စိနှင့်ပင်မကြည့်။ ခပ်လှမ်းလှမ်းက ပင်စည်တစ်ခုကနေ အညှောင့်ထွက်ပြီး သီးနေတဲ့ သစ်သီးစိမ်းစိမ်းအခိုင်လိုက်ကို ခူးကာ ခွဲထုတ်ပြီး အထဲက လက်မလောက်ရှိတဲ့ အစေ့မည်းမည်းကြီးများကို စားနေရင်း …

“တေးသွားရဲ့ အဓိပ္ပါယ်ဟာ ဘာလဲဆိုတာ ဃဂနဏ ကျုပ်တကယ် မသိဘူး”

သူမအဘိုးကြီးကိုသာ နားမလည်စွာ စိုက်ကြည့်နေမိစဉ် …

“တေးသွားဟာ ဘယ်သူတွေအပေါ်မှာ ဘယ်လိုသက်ရောက်တယ်ဆိုတာကတော့ ကျုပ်သိတယ်”

အဘိုးကြီးမှာ သူ့စကားသူ ကျေနပ်စွာ ခေါင်းတစ်ချက် ညိတ်လိုက်ရင်း

“တကယ်တော့ အဲဒီတေးသွားကို ကျုပ်အိပ်မက်မက်ရင်း ရခဲ့တာပါ”

“ရှင်”

“ဒီတေးသွားကို မနက်ခင်းတိုင်း ကျွန်းတလျှောက်မှာ သီဆိုဖို့ အိပ်မက်ထဲမှာ ဘယ်သူမှန်းမသိတဲ့ လူတစ်ယောက်က ကျုပ်ကို အထပ်ထပ် မှာကြားခဲ့သေးတယ်။”

အဘိုးကြီးရဲ့ စကားတွေကြောင့် သူမ အံ့ဩမိရင်း အံ့ဩမိရင်းပင်

“မင်းလည်း ရိပ်မိပါလိမ့်မယ်။ ဒီကျွန်းကလေးဟာ သာယာတယ်။ အေးချမ်းတယ်။ မစ်ဇူယာမှာ ကိုယ့်ကိုယ်ကို သတ်သေချင်

www.burmeseclassic.com

www.burmeseclassic.com



ကြတဲ့ လူတွေဟာ အေးချမ်းဆိတ်ငြိမ်တဲ့ ဒီကျွန်းကလေး ရှိရာဆီ တကူးတက ရွေးလာကြပြီး ဒီမှာ အဆုံးစီရင်ကြတယ်။ မင်းစဉ်းစား ကြည့်စမ်း မိန်းကလေး၊ ဒီ ကျွန်းသားတစ်ယောက်ဖြစ်တဲ့ ကျုပ်တို့ ရင်ထဲ ကောင်းပါ့မလားလို့"

အဘိုးအိုရဲ့ မျက်လုံးများက မီးခိုးဖျော့ရောင် မှိန်ကျသွား၏။ သေချာတာပေါ့။ သူမသာ ဒီကျွန်းသူတစ်ယောက်ဖြစ်ခဲ့မည်ဆိုပါက ဒီဖြစ်ရပ်အပေါ် ဘယ်ကျေနပ်နိုင်လိမ့်မလဲ။

"ကျုပ်ဟာ ညတွေကို စိတ်မချမ်းမြေ့စရာ အိပ်စက်ခဲ့တယ်။ မနက်မိုးလင်းတဲ့အခါ သစ်ပင်တွေမှာ ကြိုးဆွဲချပြီး သေနေမယ့် လူသေအလောင်းများတွေ့ရလေမလား စိုးတထိတ်ထိတ်နဲ့ ရှာဖွေခဲ့ တယ်။ တစ်ရက်မဟုတ် တစ်ရက် ကျုပ်မတွေ့ချင်တဲ့ မြင်ကွင်းမျိုး ကျုပ်တွေ့ခဲ့ရတယ်။ ဒီလိုနဲ့ပဲ ကျုပ်ဟာ ဘယ်သူကမှ မပေးအပ်တဲ့ တာဝန်တစ်ခုကို ယူခဲ့တယ်"

"ဘာ တာဝန်များလဲ အဘိုး"

"သတ်သေသွားကြတဲ့ ရုပ်အလောင်းတွေကို ကျုပ်ကောင်းမွန်စွာ မီးသင်္ဂြိုလ်ပေးတယ်။ တချို့ရုပ်အလောင်းတွေဟာ ဘယ်သူ၊ ဘယ်ဝါဆိုတာ သက်သေအထောက်အထားခိုင်လုံစွာ ပါရှိကြတယ်။ ယာဉ်မောင်းလိုင်စင်ပါလာတာမျိုး၊ အိတ်ကပ်ထဲမှာ ဓါတ်ပုံပါလာတာ မျိုးပေါ့။ အဲလိုဆို ကျုပ်က အရိုးပြာအိုးမှာ ဘယ်သူဘယ်ဝါဆိုပြီး နာမည်ရေးထိုးပေးထားတယ်။ တချို့ အလောင်းပိုင်ရှင်တွေဟာ ကျွန်း ကလေးကို လာရှာကြတဲ့အခါ ကျုပ်က ကူညီပေးလို့ ရနိုင်တယ်လေ။



အနည်းဆုံး သူ့တို့ မိသားစုဝင်တွေဟာ အရိုးပြာအိုးတော့ ယူသွားနိုင် တာပေါ့။ ပိုင်ရှင်မဲ့အလောင်းတွေရဲ့ အရိုးပြာအိုးတွေကိုတော့ သုသာန် ဘေးနားက အဆောက်အဦးသေးသေးလေးထဲမှာ ကျုပ်စနစ်တကျ သိမ်းထားပေးတယ်"

"သြော် .. ကျွန်မသိပြီ၊ စောစောကအဘိုး အဲဒီ အိမ်သေးသေး လေးရဲ့ တံခါးကိုဖွင့်ပြီး ရပ်နေတယ်လေ။ အဲဒီ အိမ်ကလေးကို ပြောတာလား"

"ဟုတ်တယ်၊ ကျုပ် ဆုတောင်းပေးနေတာလေ။ ပိုင်ရှင်မဲ့ အရိုးပြာအိုးတွေ ကောင်းရာ မွန်ရာဘုံဘဝရောက်ဖို့ ကျုပ် ဆုတောင်း ပေးနေတာ"

မိုးဇမ်မှာ အဘိုးကြီးရဲ့ လုပ်ရပ်ကြောင့် မလေးစားဘဲကို မနေ နိုင်တော့။

"ကျုပ် အဲဒီလို လုပ်ပေးဖန်များလာတာ နှစ်နဲ့ချီပြီးကြာလာတဲ့ တစ်နေ့ ကျုပ် အိပ်မက်မက်ခဲ့တယ်။ စောစောက တေးသွားလေးကို ဆိုပေးဖို့ အိပ်မက်ထဲမှာ ဘယ်သူမှန်းမသိတဲ့ လူတစ်ယောက်က လာပေးသွားတယ်"

"သြော်"

"အဲဒီ တေးသွားဟာ ဒီကျွန်းမှာ ကိုယ့်ကိုယ်ကို သတ်သေသွား ကြတဲ့ မကျွတ်မလွတ် ဝိညာဉ်တွေကို ကောင်းရာမွန်ရာ ဘုံဘဝ ရောက်အောင် လုပ်ပေးနိုင်တယ်တဲ့၊ ဝိညာဉ်ဖမ်းတဲ့ တေးသွားဆိုပါ တော့ မိန်းကလေး"

www.burmeseclassic.com

www.burmeseclassic.com



"အတိုး အဲဒီတေးသွားကိုဆိုခဲ့တာ ဘယ်လောက်ကြာခဲ့ပြီလဲ"

"ဆယ်နှစ်ကျော်ခဲ့ပြီ၊ နေပါဦး မင်းက ဒီအကြောင်းစုံစမ်းဖို့ သက်သက်နဲ့ ဒီကျွန်းကို လာခဲ့တာလား"

"အဲဒါတစ်ခုတည်း သက်သက်နဲ့တော့ ရောက်လာတာမဟုတ်ပါဘူး။ အိုနိုင်ယန်ဟာ မစ်ရှုယာမှာ အရမ်းနာမည်ကြီးနေလို့ လာလေ့လာတာလည်း ပါပါတယ်"

"မင်းဒီကျွန်းက နာမည်ကျော် လမ်းတစ်လမ်း အကြောင်းကို သိလား The Road to Heaven ဆိုတာလေ"

အတိုးကြီးစကားကြောင့် မိုးဇမ် လှုပ်လှုပ်ရှားရှားဖြစ်သွားရပြန်ပါသည်။ Road to Heaven။ မသိရှိရိုးလား … ပန္နလက်ဆန်လွန်းသော၊ လျှို့ဝှက်ဆန်းကြယ်လွန်းသော၊ မှော်ဆန်လွန်းသော၊ လမ်းကလေး တစ်လမ်းပင်။

"လမ်းကလေးဟာ သာမန်လမ်းတစ်လမ်းနဲ့ မတူဘူး၊ အရမ်းပန္နလက်ဆန်တယ်။ အိပ်ယာဝင်ပုံပြင်တွေ ဒဏ္ဍာရီတွေထဲက လမ်းကလေးလိုမျိုးပဲ။ လမ်းကလေးနဲ့ ပတ်သက်ပြီး အိုနိုင်ယန်က လူတွေဟာ ဂုဏ်ယူကြပါတယ်။ အဲ … မင်းတို့ မစ်ရှုယာက တော်လှန်ရေး ကဗျာဆရာ ငကြောင်တစ်ယောက် ရောက်မလာခင်အထိပေါ့"

"အတိုးနဲ့ စကားပြောရတာ အရမ်းစိတ်ဝင်စားစရာ ကောင်းတယ်။ သူက လက်ဝဲကဗျာဆရာ တစ်ယောက်ပဲ၊ မစ်ရှုယာမှာ အရင်းရှင် စနစ်ကို သူတော်လှန်ခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူး။ နောက်တော့ သူဘယ်ရောက်သွားလဲဆိုတာ ကျွန်မ မသိတော့ဘူး ကျွန်မ



ကလည်း ခပ်ငယ်ငယ်အရွယ်တုန်းကဆိုတော့လေ"

"သူ စိတ်ဓါတ်ကျပြီး ဒီကျွန်းကို ရောက်လာခဲ့တာလေ၊ သူ့ဘဝကို သူ နိဂုံးချုပ်ဖို့ ဒီကျွန်းကို ရွေးချယ်ခဲ့တာပေါ့။ ကျုပ်တို့ အိုနိုင်ယန်က သူ့ကြောင့် စပြီးကြမ္မာငင်ခဲ့တာပဲ။ သူက ကဗျာဆရာဆိုတော့ အရမ်းစိတ်ကူးယဉ်ဆန်တယ်။ ကျုပ်စောစောက ပြောတဲ့ လမ်းကလေးကို Road to Heaven လို့ နာမည်ပေးခဲ့တာလည်း သူပဲလေ၊ လမ်းကလေးဟာ လူတစ်ယောက်ရဲ့ အာရုံငါးပါးကို ဝေဝါးသွားလောက်အောင်အထိ။ ကုန်ကုန်ပြောမယ်၊ ရူးသွပ်သွားလောက်အောင်အထိ သာယာလှပတယ်ဆိုတာ ဟုတ်သင့် သလောက် ဟုတ်တယ်။ သူဟာ အဲဒီလမ်းကလေးကို 'နိဗ္ဗာန်ဆီကို သွားရာလမ်း' လို့ နာမည်ပေးခဲ့ပြီး လမ်းအဆုံးမှာ သူ့ကိုသူ အဆုံးစီရင်ခဲ့ပုံရတယ်။ သူ ဘယ်တော့မှ လမ်းကလေးထဲကနေ ပြန်ထွက်မလာတော့ဘူး။ နောက်တော့ လမ်းကလေးဟာ 'စီး' သွားပုံရတယ်။ မင်းတို့ မစ်ရှုယာက လူ့ဘဝကို ငြီးငွေ့နေကြတဲ့လူတွေ Road to Heaven ရှိရာဆီကို တကူးတက လာကြတယ်။ ငြိမ်းချမ်းလှတဲ့ လမ်းကလေးထဲကို ဝင်သွားကြတယ်။ ဘယ်တော့မှ ပြန်ထွက်မလာကြတော့ဘူး"

အတိုးကြီးဟာ စကားကို ခဏရပ်ပြီး ခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်ပြီးမှ …

"တကယ်တော့ အဲ့ဒီလမ်းကလေးဟာ ထာဝရ ငြိမ်းချမ်းအေးမြတဲ့ လမ်းကလေးပါ။ သေွးဆာနေတဲ့ လမ်းတစ်လမ်း မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အဘိုး"

"ပြော မိန်းကလေး"

"ကျွန်မကို Road to Heaven လမ်းကလေးဆီ လိုက်ပို့ပေးပါလား"

"... ... ..."

"... ... ..."

"... ... ..."

■

(4-b)

အိပ်မက်ထဲမှာ လမ်းလျှောက်နေရသလိုပါပဲ။

အဲဒီ ဥပမာဟာ သိပ်ရိုးရှင်းလို့ နောက်ထပ် ဥပမာတစ်ခု ပေးရမယ်ဆိုရင် မှော်ပုံပြင်ထဲမှာ လမ်းလျှောက်နေရသလိုပါပဲ။

Road to Heaven လမ်းကလေးဟာ သူမထင်ထားတာထက် ပိုလှပနေတယ်။ ဒါကြောင့် လူတွေဟာ အမြင်အာရုံတွေ ဝေဝါး မှောက်မှားပြီး မလုပ်သင့်မလုပ်ထိုက်တာတွေ လုပ်ခဲ့ကြတာဖြစ်မယ်။

"လူတွေဟာ သိပ်ရူးကြတယ်၊ ဒီလမ်းကလေးကို ကောင်းကင်ဘုံ ဆီသွားရာလမ်းလို့ တကယ်ထင်နေကြတဲ့သူတွေရှိတယ်။ အဲဒီ လူအများစုဟာ မင်းတို့လို ပညာတတ်တွေချည်းပဲ"

အဘိုးကြီးဟာ ဂါထာလိုလို မန္တန်လိုလို ဆုတောင်းမှုတစ်ခုကို ခပ်တိုးတိုးရွတ်ရင်း သူမကို ထိုသို့ပြောလေ၏။

လမ်းတလျှောက်မှာ suicide လုပ်သူတွေ ချန်ထားခဲ့ကြတဲ့ အဝတ်အစားအဟောင်း၊ ဖိနပ်၊ ပဝါ၊ အဟောင်းတွေမြင်ရင်း၊ ဆယ်ကျော်သက် အရွယ်တုန်းက သူမမှတ်မိနေတဲ့ အမေ့ရဲ့ အဝတ်

www.burmeseclassic.com

www.burmeseclassic.com



အစား အသုံးအဆောင်တွေများ ပါနေလေမလားဆိုတာ သူမအကဲခတ်ရင်း လမ်းကလေးထဲကို ဝင်လာခဲ့သည်။

ပဟောင့်ပေါင်းများစွာနဲ့ သူမထားသွာခဲ့လေတဲ့ မေမေဟာ ဒီကျွန်းကလေးမှာများ တိတ်တဆိတ် suicide လုပ်သွားလေသလား။

ဒါမှမဟုတ် ဒီလမ်းကလေးရဲ့ အဆုံးမှာများ suicide လုပ်သွားလေသလားတွေးရင်း မျက်ရည်များ ဝဲတက်လာရ၏။

အဘိုးအိုဟာ သူမရဲ့ ပုံမှန်မဟုတ်တော့တဲ့ အနေအထားကို အကဲခတ်မိသွားပုံရသည်။

"ကဲ … မိန်းကလေး"

သွားနေသည့် ခြေလှမ်းများကား ရပ်တန့်လိုက်ကာ ပြောခြင်းဖြစ်လေ၏။

"ရှင်"

"တို့ … လှည့်ပြန်ကြစို့"

"ကျွန်မကို လမ်းအဆုံးအထိ … ပို့ပေးနိုင်မလား အဘိုး၊ ကျွန်မ အမေရဲ့ သဲလွန်စ တစ်ခုတစ်လေများ ရမလားလို့ပါ"

"နေပါဦး …. မင်း အမေက"

"ကျွန်မ လူမမယ်အရွယ်ကတည်းက ကျွန်မကို ထားသွားခဲ့တာပါ။ တချို့ကလည်း suicide လုပ်သွားတယ်လို့ ပြောကြတယ်။ ကျွန်မ အမေသေသလား ရှင်သလားဆိုတာ ကျွန်မ မသိဘူး ဒီကျွန်းပေါ်ပဲလာပြီး suicide လုပ်သွားသလား အရာရာဘာမှမသေချာဘူး"

"မင်းအမေအတွက် ကျုပ်စိတ်မကောင်းဘူး၊ ဒါပေမယ့် ကျုပ်



တို့ လှည့်ပြန်မှ ဖြစ်လိမ့်မယ်"

"ဘာ့ကြောင့် လမ်းအဆုံးအထိ အဘိုး မလျှောက်ရဲတာလဲ၊ အဘိုးက ဒီကျွန်းသားဖြစ်ပြီး အဲလောက်တောင် သတ္တိမရှိဘူးလား"

မိုးဇမ်စကားကြောင့် အဘိုးကြီးမှာ အသာအယာ ပြုံးလိုက်ပြီး

"အဘိုး ပြောပြီးပါပကောကွယ် တော်လှန်ရေး ကဗျာဆရာကြောင့်ကနေစခဲ့တဲ့ဇာတ်လမ်းလေ ဒီလမ်းကလေးဟာ ဘီလူးစီးနေပြီကွဲ့၊ အခုလို မင်းပုံစံမျိုးနဲ့ဆို မသွားသင့်တော့ဘူး"

လမ်းပြ ကိုယ်တိုင်က နောက်ကြောင်းပြန်လှည့်နေမှတော့ သူမလည်း ဘာမှ မတတ်နိုင်တော့၊ လာရာ လမ်းကြောင်းအတိုင်း ပြန်လှည့်ခဲ့ရလေတော့၏။

"ကျုပ် ကူညီနိုင်တာ တစ်ခုရှိတယ်၊ မင်းအမေနာမည်က ဘယ်သူလဲကွဲ့"

မိုးဇမ်က အမေ့နာမည်ရွတ်ပြလိုက်ပေမယ့် အဘိုးအိုမှာ သိသလို မသိသလို ဝေဝေဝါးဝါးပုံစံနှင့် …

"စောစောက ကျုပ်ဆုတောင်းပေးခဲ့တဲ့ အရိုးပြာအိုးတွေထားတဲ့ အဆောက်အဦဆီ နောက်တစ်ခေါက် မင်းလိုက်ခဲ့ပါလား၊ မင်းအမေဟာ တကယ်ပဲ suicide လုပ်သွားခဲ့တယ်ဆိုရင်၊ အင်း … ဘယ်လိုပြောရမလဲ၊ စည်းစနစ်ကျကျ ကိုယ့်ကိုယ်ကို သတ်သေသွားခဲ့တဲ့သူဆိုရင် သူ့အရိုးပြာအိုးကို မင်းတွေ့ရနိုင်ပါတယ်"

ဝမ်းနည်းရမည်လား … ဝမ်းသာရမည်လား၊ သူမ မတွေးတတ်တော့ပါ။ အရိုးပြာအိုးမတွေ့ခဲ့ဘူးဆိုရင်ကော၊ သူမဟာ ဒီလိုပဲ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အမေကိုယ် ပဟေဠိပေါင်းမြောက်များစွာနဲ့ လှမ်းဆွတ်တမ်းတနေရဦးမည်လား၊ သဲလွန်စ တစ်ခုတစ်လေတွေ့တိုင်း ကိုယ့်အမေနဲ့များ ပတ်သက်နေလေမလား တွေးတောနေရဦးမည်လား။

ကောင်းပြီး တကယ်လို့ အဲဒီအဆောက်အဦးထဲမှာ အမေ့ရဲ့ အရိုးပြာအိုးတွေ့ခဲ့တယ်ဆိုရင်ကော ...

"ကျွီ"

သူမအတွေးတဝက်တပျက်မှာပင် အဘိုးကြီးမှာ အဆောက်အဦကို ပိတ်ထားသည့် သံတံခါးခပ်ပါးပါး အသေးလေးတစ်ချပ်ကို ဖွင့်ပေးလိုက်၏။

အထဲမှာ မီးထွန်းထားပြီး မငြိမ်းသေးတဲ့ ဖယောင်းတိုင်တစ်တိုင်ရဲ့ မီးအလင်းရောင်နဲ့အတူ နှာဝကို တိုးဝှေ့ဝင်ရောက်လာတဲ့ မွှေးရနံ့တွေ

ဩော် ... အမွှေးတိုင် ထွန်းထားတာတွေ မကုန်သေးပါလား။

"အဘိုးရယ် ... လုပ်ပေးထားလိုက်တာ စနစ်ကျလိုက်တာ"

ဒီလို အဘိုးကြီးမျိုးမှ တကယ့် volunteer စစ်စစ်ပင်။ ဘယ်အဖွဲ့အစည်းနဲ့မှလည်း မပတ်သက်၊ နာမည်ကြီးလိုစိတ်လည်း မရှိ၊ ဒီအလုပ်ကို မှီပြီး ကိုယ်ကျိုးရှာဖွေနေတာမျိုး (ဥပမာ - သူမလို volunteer လုပ်ရင်း စာတမ်းပြုစုနေတာမျိုး) လည်းမဟုတ်။ ဘယ်ဌာနကမှလည်း ငွေတစ်ပြားတစ်ချပ် လာမပေး။

သူ့ဟာသူ ကျွန်းကလေးတစ်ကျွန်းမှာ လူသေအလောင်းများနှင့် အုတ်ဂူတွေကြား ... သူ့ဟာသူ အဖြူစင်ဆုံး တောက်ပနေလေသည်။



မေမေ ... သမီး ဘာဆုတောင်းရမလဲဟင်။

အရိုးပြာအိုးတွေ့ပါစေလို့ ဆုတောင်းရမှာလား၊ မတွေ့ပါစေနဲ့ ဆုတောင်းရမှာလား။

ဝမ်းနည်းရမှာလား၊ ဝမ်းသာရမှာလား အမေရယ်။

မိုးဇမ်ဟာ ပါးပြင်မှာ မျက်ရည်များ ပါးပါးပေါက်ပေါက် ကျဆင်းလျက် အချက်အလက်ဒေတာ အပြည့်အစ ရေးထိုးထားနိုင်သည့် အရိုးပြာအိုးများကို တစ်အိုးပြီးတစ်အိုး ကြည့်ရှုလာစဉ် ပြာအိုးတစ်လုံး အရောက်မှာတော့။

"ဟာ"

■

www.burmeseclassic.com

www.burmeseclassic.com

နှင်မရှိတော့
ငါ့မှာလည်း တသမ်းသမ်းတစေဝေရယ်
ငါ့ဒါဏ်ရာနဲ့ငါ
ခွေခေါက်နေရတာပဲ ကောင်းတယ်။

(5)

ဘယ်လောက်တောင် ရယ်စရာကောင်းလိုက်တဲ့ အဖြစ်အပျက်တစ်ခုလဲကွယ်၊ လွန်ခဲ့တဲ့ တစ်လလောက်က မိုးဇမ် ဓါတ်ပုံချောင်းရိုက်ဖို့ ကြံစည်ခဲ့တဲ့ လူတစ်ယောက်က အခုတော့ မိုးဇမ်ကို ပြန်ပြီး ဗီဒီယို ရိုက်နေပြီလေ။

သူ မိုးဇမ်ကို ဗီဒီယို ရိုက်နေသည်မှာ မိုးဇမ်သူ့ကို ဓါတ်ပုံရိုက်တုန်းကလို ခိုးကြောင်ခိုးဝှက်တော့မဟုတ်။

Official ... Official မှ တကယ် Official ရယ် ...။

မိုးဇမ်ဟာ သူမတာဝန်ယူ ဆောင်ရွက်နေတဲ့ လုပ်ငန်းများနဲ့ စာတမ်းကိစ္စအတွက် ဂျာနယ်များ၊ မဂ္ဂဇင်းတိုက်များမှ အင်တာဗျူးများ မကြာခဏဆိုသလို ဖြေကြားပေးခဲ့ဖူးသော်လည်း ယခုလို ရုပ်သံလိုင်းအတွက် ဗီဒီယို အရိုက်မခံရဖူးသဖြင့် အနည်းငယ် တုန်ယင်နေသည်။

“Suicide တွေ လျော့ချဖို့ ဘာတွေ အရေးတကြီး လိုအပ်မယ်ထင်သလဲ”

“ကလေးသူငယ်တွေကို မှားယွင်းခွင့်ပေးရမယ်။ ဒုတိယ

www.burmeseclassic.com

www.burmeseclassic.com



အခွင့်အရေးမျိုး ဆိုပါစို့၊ Second chance ပေးရမယ်၊ နောက် ကျွန်မတို့တိုင်းပြည်အတွက် အရေးပေါ်လိုအပ်နေတာ ဂုဏ်သိက္ခာဆိုင်ရာကျင့်ဝတ်ကို တတ်နိုင်သလောက် လျှော့ချပေးရမယ်"

"အို ... မင်းဘာကို ဆိုလိုတာပါလိမ့်"

မိုးဇမ်အဖြေကြောင့ မေးမြန်းနေသူ အမျိုးသမီးမှာ မျက်လုံးကလေးဝိုင်းစက်ပြီး အံ့အားသင့်သွားရလေပြီ။ စကားဝိုင်းကလေးမှာ တစတစ နှင့် အရှိန်ကောင်းလာလေတော့၏။

မိုးဇမ်မှာ သူမအဖြေကြောင့် အံ့အားတသင့် နားမလည် ဖြစ်သွားသူ အမျိုးသမီးကို နားလည်မှုနှင့် ခေါင်းညိတ်ပြလိုက်ပြီး

"ကျွန်မပြုစုတဲ့ စာတမ်းအရ suicide လုပ်သွားကြသူ အများစုဟာ အခြေခံအချက် (၅)ချက်ထဲက တစ်ခုမဟုတ်တစ်ခုနဲ့ ငြိစွန်းပတ်သက်နေတယ်"

"စိတ်ဝင်စားစရာပဲ ဘာတွေများပါလိမ့်"

"နောင်တကြောင့်၊ ယုံကြည်ပြိုင်မှုတွေကြောင့်၊ အလိုဆန္ဒကြောင့်၊ ဂုဏ်သိက္ခာကြောင့်၊ အရှုံးပေးလိုတဲ့ စိတ်အခံရှိတာကြောင့်၊ တမလွန်ဘဝဟာ ငြိမ်းချမ်းလိမ့်မယ်လို့ တရားသေယူဆထားတာတွေကြောင့်ပါ။ ဝန်ကြီးမူဇီဂါဒီ သေဆုံးမှုကိုပဲ ကြည့်ပါ။ ဒါ ကျွန်မတို့တိုင်းပြည်ရဲ့ ရတနာတပါး မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးလိုက်ရတဲ့ သာဓက တစ်ခုပဲ။ ဝန်ကြီးဟာ ဂုဏ်သိက္ခာစံညွှန်းကို အမြင့်ဆုံးမှာ ထား ထားပုံရတယ်။ တကယ်ဆို ဒီကိစ္စလောက်နဲ့ ကိုယ့်ကိုယ်ကို suicide လုပ်သင့်သလား စဉ်းစားကြည့်ပါ"



"ကိုယ်တစ်ခုပြောကြည့်မယ်၊ တို့တိုင်းပြည်ကလူတွေ ဝန်ကြီးလိုပဲ ဂုဏ်သိက္ခာစံညွှန်းကို အမြင့်ဆုံးထားတတ်ကြတာဟာ အရင်က တို့ဘိုးဘွားတွေ ကျူးလွန်ခဲ့တဲ့ သမိုင်းအမှားတွေကြောင့်လည်းပါမယ်ထင်တယ်"

"မှန်ပါတယ် ကျွန်မဆိုလိုတာကို ရှင်ကောင်းကောင်းသဘောပေါက်တယ် ဒုတိယကမ္ဘာစစ်မှာ ကျွန်မတို့နိုင်ငံကို ကမ္ဘာက အဏုမြူဗုံးကြဲပြီး ဒဏ်ခတ်အပြစ်ပေးခဲ့တယ်။ ဒါဟာ လွယ်လွယ်နဲ့ အမှားတစ်ခုကို ထပ်မကျူးလွန်မိစေဖို့ ကျွန်မတို့အားလုံး မက်ခဲ့ကြရတဲ့ အိပ်မက်ဆိုးကြီးတစ်ခုပဲ"

"ကတ် ... ကတ် ... ခဏရပ်"

ဒါရိုက်တာက စကားဝိုင်းကို ခဏရပ်ဖို့ အမှောင်ထဲကနေ လှမ်းအော်နေသည်။

ဟင် ... ကျွန်မ ဘာအမှားများ လုပ်မိလိုက်လို့ပါလိမ့်။

မိုးဇမ်ကို ချိန်ရွယ်ပြီး ရိုက်နေကြတဲ့ ကင်မရာက သုံးလုံး။ ရှေ့တည့်တည့်က တစ်လုံး၊ ဘေးတစ်ဖက်တစ်ချက်ဆီမှာ တစ်လုံး။ နောက် ... မီးတွေကလည်း ကိုယ့်မျက်နှာတည့်တည့်ဆီ ထိုးထားလိုက်ကြသေးသည်။

ကိုယ့်မှာတော့ မီးရောင်တွေကလွဲပြီး တခြားဘာမှ မမြင်ရတော့အခု ဟိုဆရာသမားကိုလည်း အော်တဲ့အသံကလွဲပြီး ဘယ်မှာရောက်နေသလဲ ဆိုတာ မသိ။

"ကင်မရာကို တည့်တည့်မကြည့်နဲ့နော်၊ ခဏ ခဏ သတိပေး

www.burmeseclassic.com



တယ် အရမ်းလည်း မော့မကြည့်နဲ့ အရမ်းလည်း ငုံ့မကြည့်နဲ့ ကင်မရာ သုံးလုံးကို ရှောင်ပြီး အဆင်ပြေသလို ကြည့် အဲဒါဆိုရပြီ”

အဲဒီတော့မှ အမှောင်ထုကို နည်းနည်းကျင့်သားရသွားတဲ့ မျက်လုံးတွေက သူဘယ်မှာ ရောက်နေသလဲဆိုတာ လှမ်းမြင်သွားရသည်။

အို … ကြည့်စမ်း၊ သူဟာ မိုးဇမ် ပုံရိပ်လာထင်နေတဲ့ မော်နီတာခေါ် တီဗီအသေးလေးကို မျက်တောင်မခတ်တမ်းငေးရင်း လှမ်းအမိန့်ပေးနေတာပဲ။

သူကြည့်တဲ့ အကြည့်တွေဟာ ကူတို့ဆိပ်ကမ်းညနေခင်းတုန်းက ကျွန်ုပ်သူ့ကို ငေးကြည့်နေတဲ့ အကြည့်တွေနဲ့ သိပ်တူတာပဲ။

“အိုကေ … ရယ်ဒီ၊ ဖိုက် … ဖိုး … သရီး … တူး … ဝမ်း”

ဒီစကားဝိုင်းဟာ ရုပ်သံလိုင်းတစ်ခုကနေ လူထုကြား စိမ့်ဝင်သွားအောင်ဖန်တီးပေးရမယ့် စကားဝိုင်းမို့ မိုးဇမ်တတ်နိုင်သလောက် စကားတွေကို အနှစ်များများပါအောင် စုပြောပေးနေရသည်။

ကိုယ့်စကားကိုယ်လေယူလေသိမ်း၊ ကိုယ့်မျက်ဝန်းအကြည့်တွေကို ယောကျ်ားတစ်ယောက် စိုက်ကြည့်နေတဲ့အတွက်လည်း စိတ်ထဲမှာ မလုံမလဲ၊ ရှိန်းမြမြ။ ကိုယ်ကြည့်တဲ့အကြည့် မှန်ကန်ရဲ့လား။ ဘယ်အချိန် ကတ် … ကတ် … ထအော်လိုက်မှာလဲ ဆိုတာလည်း စိုးရိမ်နေရ။

တစ်ခါတစ်ရံ အင်တာဗျူးမေးတဲ့ အမျိုးသမီးက စကားအမှား



ပါသွားတာမျိုး၊ ချောင်းဆိုးလိုက်တာမျိုးဆို

“ဒါရိုက်တာ အက်ခန် ဆောရီး … ပြန်ရိုက်မယ်နော်”

လို့ ပြောတတ်တာမို့ သူ့နာမည် အက်ခန်ဆိုတာ တစ်ယောက်နဲ့ တစ်ယောက် မရင်းနှီးကြပါဘဲ သိရှိလာကြ သည်။

“ကတ် … ပြီးပါပြီ၊ တကယ်ကောင်းတဲ့ စကားဝိုင်းလေးပါ”

စကားဝိုင်းလေးပြီးဆုံးသွားတော့ teamwork ရှိတဲ့ ရုပ်သံရိုက်ကူးရေးဝန်ထမ်းများပီပီ လက်ခုပ်သုံးလေးချက်တီးလိုက်ကြပြီး break ဖြုတ်ကြ၏။

ဟူး … အခုမှပဲ အသက်ဝဝရှုနိုင်တော့တယ်ကွယ်။

နှစ်နာရီလုံးလုံး ၁၈°C လောက် ဖွင့်ထားတဲ့ အဲကွန်းခန်းထဲမှာ ထိုင်လိုက်ရလို့ လူလည်း ချမ်းစိမ့်ပြီး ညောင်းတောင့်သွားတာပဲ။

“ဟင်း”

မိုးဇမ် သက်ပြင်းအသာအယာချလိုက်ရင်း ရယ်လည်းရယ်ချင်မိရသည်။

ရုပ်သံရိုက်ကူးရေးက ကလေးတွေလေ မရိုက်ခင်တုန်းကတော့ ကိုယ့်ကို အသားကုန် ဂရုစိုက်ကြတာ ရိုက်လည်းပြီးသွားရော ပစ္စည်းသိမ်းတဲ့သူနဲ့ မီးကြိုးတွေသိမ်းတဲ့သူနဲ့ ကိုယ့်ကို လှည့်တောင် မကြည့်ကြတော့ဘူး။

အသံပိုင်းဆိုင်ရာစနစ် ကောင်းမွန်စေဖို့ ကိုယ့်ရဲ့ ရင်ညွန့်နဲ့ ခါးတစ်ပိုက်မှာ ဝါယာကြိုးနဲ့ တွဲဆက်တပ်ဆင်ထားတဲ့ မိုက်ကရိုဖုန်း

www.burmeseclassic.com

www.burmeseclassic.com



ပါ ကိရိယာလေးကို တပ်တုန်းက တပ်ပေးထားတဲ့ကောင်မလေး ဖြုတ်တဲ့အချိန်ရောက်တော့ ဘယ်ရောက်သွားမှန်းမသိ။

ရင်ညွန့်ထက်က မိုက်ကရိုဖုန်းလေးကို ဖြုတ်တော့ ကိုယ်ကပဲ သိပ်တောကျနေလို့လားမသိ၊ ဖြုတ်လို့ မရချေ။

"ရလား … မိုးဇမ်"

"ဟင်"

ဒါရိုက်တာ အက်ခ်နဲ … သူမ ရှိရာဆီကို ကော်ဖီပူပူတစ်ခွက် ကိုင်ရင်း မြန်းစားကြီးရောက်ရှိလာပြီး ရုပ်သံရိုက်ကူးရေးဝန်ထမ်း ကောင်မလေး တစ်ယောက်တစ်လေ အနားမှာရှိလေမလား ဝေ့ဝဲကြည့် လိုက်သေး၏။

"ရတယ်၊ သူတို့ကို ခေါ်မနေပါနဲ့ … နောက်ထပ် ရိုက်ကူး ရေး အတွက် အလုပ်ရှုပ်နေကြပုံပေါ်တယ်"

ကိုယ်ကဖြုတ် ဖြုတ်လို့ကမရ၊ ဒါရိုက်တာက ကော်ဖီခွက် ကလေးကိုင်ရင်း ကိုယ့်ကို စောင့်ကြည့်နဲ့ …။

"ရလား … ဖြုတ်ပေးရမလား"

ခေါင်းညိတ်ပြလိုက်မိတာလား။ ထူပူပြီး ကျောက်ရုပ်လို ငြိမ် သက်သွားမိတာလားမပြောတတ်၊ ကိုယ့်ရင်ညွန့်ထက်က မိုက်ကရိုဖုန်း ပိစိကွေးလေးကို သူ့လက်ချောင်းတွေနဲ့ တည်တည်ငြိမ်ငြိမ် ဖြုတ်ပေး နေပေမယ့် မိုးဇမ်ရင်တွေ အခုန်မြန်နေသည်။

ဒီလူနဲ့တော့ ဒုက္ခပဲကွယ်။ မိုက်ကရိုဖုန်းလေး ဖြုတ်ပြီးသွားပြန် တော့လည်း ဝါယာကြိုးနဲ့သွယ်တန်းထားတဲ့ ခါးတပိုက်ဆီက



လက်ဝါးတစ်ပြားစာ ကိရိယာလေးကို (မိုးဇမ် အသားနဲ့ လုံးဝ မထိ မကပ်မိစေရန် သူဘာသာ ကြိုးစားပြီး) ဖြုတ်ပေးပြန်သည်။

ခန္ဓာကိုယ်နှစ်ခု ပူးကပ်နေမှုကြောင့် သူ့ ပင့်သက်ချွေးချွေးက မိုးဇမ်ရဲ့ ရင်ညွန့်တပိုက် လာရောက်ထိကပ်နေ၏။

အဲ သူ့ရင်ဘတ်မှာ မိုးကြိုးသွားပုံပါတဲ့ ဆွဲကြိုးလေးတစ်ကုံး။ ယောကျ်ားတွေဟာ ဆွဲကြိုးဆွဲလေ့ရှိကြသလား။ မိုးဇမ် မသိ။

ဒါဆို သူကရော မိုးကြိုးသွားပုံပါတဲ့ ဆွဲကြိုးလေးကို ဘာ အဓိပ္ပါယ်နဲ့ ဆွဲထားလေသလဲ။ အို … ကိုယ်နဲ့မှ မဆိုင်ပဲ၊ ဘာတွေး စရာ လိုသလဲ။ ကဲ .. ဖြုတ်ပြီးပါတော့ကွယ်၊ မြန်မြန်။

"အဲ … ဆရာ၊ ဆောရီး .. အဟိ"

"အေး … ညည်းတို့တွေ အရေးဆို အဲလို ပစ်ပစ်သွားကြ"

အဲဒီတော့မှ ရိုက်ကူးရေးဝန်ထမ်းမလေးတစ်ယောက် အပြေး ရောက်လာပြီး မိုးဇမ်ကို တောင်းပန်တဲ့အပြုံးလေးနဲ့ ကိရိယာလေးကို ခါးမှ ဖြုတ်သိမ်းယူသွားလေတော့၏။

သူက စောစောက ခုံမှာ ခဏတင်ထားတဲ့ ကော်ဖီပူပူလေးကို မိုးဇမ်ဆီ ကမ်းပေးလိုက်ရင်း မိုးဇမ် နံဘေးမှာ ဝင်ထိုင်လိုက်ကာ

"ကော်ဖီသောက်ပါဦး၊ ချမ်းနေမှာပေါ့"

"ဟုတ်ကဲ့ .. thank you"

မိုးဇမ် တကယ်လုံးဝ ဟန်မဆောင်နိုင်။

ဒီလိုအချိန်မှာ ကော်ဖီပူပူတစ်ခွက်လောက် သောက်ချင်နေတာ သူဘယ်လိုများ သတိထားမိပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



ချမ်းစိမ့်နေတဲ့ ရင်တစ်ခုလုံး ကော်ဖီပူပူနွေးနွေးတစ်ခွက်ကြောင့် နွေးထွေးသွားရလေသည်။

"ပြောသွားတဲ့ စကားတွေက တော်တော်နားထောင်လို့ကောင်းတာပဲ"

မိုးဇမ်ပြုံးရင်းသား ခေါင်းတစ်ချက်ငုံ့မိသွားသည်။

အက်ခန် … ရှင်လည်း ဒါရိုက်တာ မလုပ်ဘဲ မင်းသားလုပ်ပါလား။

ရှင့်ရဲ့ ရုပ်ရည်ချောချောမောမောနဲ့ဆိုရင် တော်ရုံမိန်းကလေး ကြွေဆင်းသွားလောက်တယ်။

"ဟို …တစ်ခါ ညနေခင်းတုန်းက ကိုယ့်ကို ဘာ့ကြောင့် နောက်ကနေ မပြောမဆိုနဲ့ ဝင်ဆွဲသလဲဆိုတာ အခုမှပဲ သဘောပေါက်တော့တယ်။ နေပါဦး … လူတွေဟာ အဲဒီလောက်တောင်ပဲ suicide လုပ်ဖို့ ကြိုးစားနေကြသလား"

"ရှင် မှန်းထားတာထက်တောင် များသေးတယ်"

သူက ပခုံးတွန့်ရင် ရှုံ့မဲ့ပြ၏။

"မင်းရဲ့ Life styleနဲ့ မင်းရဲ့ဘဝခံယူချက်တွေက တော်တော်စိတ်ဝင်စားဖို့ကောင်းတာပဲ"

ပြောရင်း မိုးဇမ်ကို တစ်ချက်စိုက်ကြည့်သည်။

ဘာကြာလိုက်မလဲ၊ သုံးစက္ကန့်လောက်ပေါ့။ ရင်ဘတ်ထဲအထိ ထိုးထွင်းပြီး ကြည့်လိုက်တဲ့ အကြည့်ရိုင်းတစ်ချက်။

နောက် … ဘာမှ မပြောတော့ဘဲ သူထွက်သွား၏။



တစ်ယောက်နှင့်တစ်ယောက် မိတ်ဆက်မှုမပြုကြဘဲ တစ်ယောက်နာမည်တစ်ယောက်သိရှိသွားကြ၏။

ရိုက်ကူးရေး ပြီးဆုံးသွားတဲ့နောက် သူ့ကို ဘယ်တော့မှ မတွေ့ရှိရတော့ဟု သူမထင်ထားမိခဲ့သော်လည်း။

■

www.burmeseclassic.com

www.burmeseclassic.com

## (6)

မှောင်ရီဖြိုးဖျ ညနေရီ။

ရထားသံလမ်းထက်မှာ လူငယ်လေးတစ်ယောက် ငေးမောရီဝေစွာ မတ်တပ်ရပ်လျက်ရှိ၏။

သူ့လက်ထဲက စီးကရက်တစ်လိပ် မီးလောင်ကျွမ်းနေသလို အချိန်တွေ တရိရိ ကုန်ဆုံးသွားလျှင် ပိုကောင်းလိမ့်မယ် ထင်သည်။

ရောက်နေရာအရပ်ကနေ နောက်ကြောင်းကို ပြန်လှည့်ကြည့်လိုက်စမ်းပါ။ ဘဝမှာ ဘာများ အဆင်ပြေခဲ့တာ ရှိခဲ့လို့လဲ။

ဒီပြဿနာတွေရဲ့ အစဟာ နယ်မြို့လေးတစ်မြို့က အထင်ကရ ဆရာဝန်ကြီးဖြစ်သူ သူ့အဖေကိုပဲ အပြစ်ပုံချရလေမလား။

"ဟင့်အင်း ... အဖေ့ကို ကျွန်တော် အပြစ်ပုံမချရက်ပါဘူး"

တစ်ယောက်တည်း တီးတိုးပြောဆိုမိရင်းက ဝမ်းနည်းခြင်းက လှိုက်တက်လာ၏။ တိမ်တွေ ခရမ်းရောင်၊ လိမ္မော်ရောင်၊ ငွေမှင်ရောင် တောက်ပသွားတိုင်း လူသားတွေရဲ့ စိတ်တွေ ယိမ်းယိုင်သွားလေ့ရှိကြပါသလား သူမသိ။



နယ်မြို့လေးတစ်မြို့ကနေ မြို့တော်ကို တက်လာစဉ် ယိုင်နဲ့နေတဲ့ အိပ်မက်တွေ တစ်စစီ ပြိုကွဲမသွားအောင် တည့်မတ်ခဲ့ရတဲ့ ဘဝကြမ်း ကြမ်းတွေကို သူ ပြန်သတိရနေမိသည်။

ပြိုင်ဆိုင်မှုတွေ ပြင်ထန်လွန်းတဲ့ နေရာ။

ကိုယ်လိုချင်တဲ့ နေရာလေး တစ်နေရာစာရဖို့ ဂိုထောင်မှာ ကုန်ဝင်ထမ်းရင်း၊ ငါးလေလံဒိုင်တွေမှာ အလုပ်ကြမ်းသမား ဝင်လုပ်ရင်း ကျောတစ်ချစာ အဆောင်ကျဉ်းကျဉ်းလေးမှာ ခြောက်သွေ့ငြီးငွေ့စွာ အိပ်စက် အချိန်ကုန်ဆုံးခဲ့ရင်း စောင့်စားခဲ့ရသည်။

"ကိုယ်လိုချင်တဲ့ တစ်နေရာစာလေး ရနိုင်ဖို့"

ပြောရင်း ခြောက်သွေ့အက်ကွဲစွာ သူရယ်မိပြန်သည်။

ဒီနေ့တော့ သူအလုပ်ပြုတ်ခဲ့ပါပြီ။

ဒါဟာ အံ့ဩထူးဆန်းဖွယ်ရာ ကောင်းတယ် ထင်ရပေမယ့်လည်း စေ့စေ့ငုငု ပြန်တွေးကြည့်လိုက်တော့ သိပ်လည်း အံ့ဩစရာ မကောင်းလှပါ။

ကုမ္ပဏီနဲ့ ဘွန်းထိုးထားတဲ့ သုံးနှစ်စာချုပ် ဒီနေ့မှာပဲ ပြည့်ခဲ့သည်။ ပုံမှန်အရဆိုလျှင် ကုမ္ပဏီနှင့် သူစာချုပ်အသစ် ဆက်လက်ချုပ်ရမည်သာ။

သို့သော် ထိုသို့ဖြစ်မလာခဲ့။

သူ့နေရာကို သူ့ထက် Skill ပိုမိုကောင်းမွန်သော ပညာရှင်တစ်ယောက်က ဝင်ရောက်နေရာယူသွား၏။

ထိုပညာရှင်ကိုလည်း သူအပြစ်မဆိုချင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူရောက်နေသည့် နေရာကိုက ပြိုင်ဆိုင်မှုတွေ ပြင်းထန်လှသည့် နိုင်ငံဖြစ်၍နေသည်။

တစ်ချက်ကလေး အမှားမခံကြ၊ တစ်မိနစ်လေး အရှုံးအထင်းမခံကြ၊ ခြေလှမ်းတစ်လှမ်း နောက်အကျန်မခံနိုင်ကြ။ အားလုံးဟာ ဆတ်ဆတ်ထိမခံ လူသားတွေချည်းပင်။ မိသားစုဝင်များ ထမင်းလက်ဆုံ မစားကြရ။ ကလေးတော်တော်များများသည်လည်း အိမ်မှာ ထက် ဂေဟာတွေ ရောက်နေကြတာများ၏။

လူတွေဟာ စက်ရုပ်ဆန်လာ၊ လူတွေက နှလုံးသားမဲ့လာ၊ လူတွေဟာ တာဝန်ယူမှု ပါရှိလာသလို တာဝန်ယူရမှာ ပိုကြောက်လာကြ။

"သော် ..."

ရောက်တတ်ရာရာ လျှောက်တွေးနေသည့် စိတ်ကူးများက ဟိုး ... မျပျက ဥသြဆွဲသံနဲ့အတူ တွေ့လိုက်ရတဲ့ ရထားတစ်စီး ကြောင့် လွင့်စဉ်သွားရသည်။

ခဏလေးပဲ။

စက္ကန့်ပိုင်းလေးပဲ ... ပြီးရင် ပြီးသွားမှာပဲလေ။ မဟုတ်ဘူးလား။ ယှဉ်ပြိုင်မှုတွေရဲ့ ဝေးရာဆီကို သွားချင်တယ်။ ခက်ခက်ခဲခဲ ရုန်းကန်လှုပ်ရှားရမှုတွေရဲ့ ဝေးရာဆီ။ တစ်ချက်ကလေးမှ အမှားမခံနိုင်။ တစ်မိနစ်မှ အရှုံးအထင်းမခံနိုင်ကြတဲ့ ဆတ်ဆိတ်ထိမခံ လူ့အဖွဲ့အစည်းတွေရဲ့ ဝေးရာဆီ။

အဲဒီမှာ ဘာတွေရှိမှာလဲ။ ရှိနေရင် မဖြစ်သေးဘူး။ ဘာမှ မရှိတဲ့ တစ်နေရာကို ...။ ဟုတ်တယ် ဘာမှ မရှိတဲ့ တစ်နေရာကို သွားချင်တယ်။ ကျွန်တော့်ကို ခေါ်သွားပေးကြပါ၊ Please!



ကျွန်တော် ငယ်ငယ်ကတည်းက ကျွန်တော်နဲ့ ကျွန်တော့် မိသားစုကို ကြည့်ကြတဲ့ ခပ်စိမ်းစိမ်းအကြည့်တွေရဲ့ ဝေးရာဆီ၊ အဲဒီကို ခေါ်ဆောင်သွားပေးပါ။ ကျွန်တော် လိုက်ခဲ့ချင်တယ်။

မြက်ရိုင်းပင်ရှည်တွေဟာ လေယူရာ ယိမ်းနွဲ့နေသလိုပဲ ကျွန်တော့်ကံကြမ္မာဟာ မျိုးစုံယိမ်းထိုးနေပါပြီ ...။

လောကကြီးမှာ အောက်ပိုင်းသေနေတဲ့ လူတွေကိုပဲ လူနာလို့ သတ်မှတ်လို့ရတာမဟုတ်ဘူး။ အထက်ပိုင်းသေနေကြတဲ့ လူတွေကိုလည်း လူနာတစ်ယောက်လို ဖေးမကြပါဦး။ ကျေးဇူးပြု၍ ... တစ်ဦးနဲ့ တစ်ဦး။ မေတ္တာ၊ ကရုဏာစိတ်ထားတွေနဲ့ လဲနေတဲ့သူကို ထူလို့ မလျှောက်နိုင်တော့တဲ့သူကို တွဲလို အဲဒီလို .. အဲဒီလို ..

"သော် ...."

အပြာရင့်ရင့်ရောင်သန်းနေတဲ့ ညရှုခင်းထဲ မီးရထားကြီး ထိုးသွင်းလိုက်တဲ့ မီးရောင်ကြောင့် ဝါဝင်းသွား၏။

လေကြမ်းတွေက ကြမ်းထန်ခက်မာလာ။ သူ့ ဆံပင်တွေရောကာ ဝဲကာနှင့် ...

ကျောက်ရုပ်တစ်ရုပ်ကို မတ်တပ်ရပ်နေရင်းမှ ဘယ်ကနေ ဘယ်လိုပေါ်လာမှန်းမသိတဲ့ စိတ်ကူးတစ်ခုက သူ့ကို လှမ်းပြီး လှုံ့ဆော် လာ။

"တစ်ယောက်ယောက်ကို နှုတ်ဆက်သွားရရင် ကောင်းမ

www.burmeseclassic.com

www.burmeseclassic.com



လား”

ဟုတ်တယ်လေ … သူက သစ်ရွက်ကလေး တစ်ရွက်မှ မဟုတ်တာ။ လူ့အသက်လေး တစ်သက် … ‘ဖြုတ်’ကနဲ ကြွေဆင်းသွားချင်တယ်ဆိုရင်တောင် အနည်းဆုံး လူတစ်ယောက်လောက်ကိုတော့ "Goodbye" လို့ နှုတ်ဆက်သွားရင် ပိုပြီး ပြီးပြည့်စုံ မသွားနိုင်ဘူးလား။

ကဲ … ဘယ်သူ့ကို နှုတ်ဆက်သွားရမလဲ။

စကားတွေ အများကြီးမပြောချင်ဘူး။ Goodbye ဆိုရုံလောက်ကလေး။

တကယ်တမ်း ဖုန်းဆက်မယ်ဆိုပြန်တော့ မိတ်ဆွေတစ်ယောက်တစ်လေကို မယ်မယ်ရရ အတည်ပြုစဉ်းစားလို့မရတဲ့ ကိုယ့်အဖြစ်ကိုယ် မုန်းတီးနာကြည်းမိပြန်လာ။

အဆောင်က သူငယ်ချင်းတစ်ယောက်ကိုလား။ ဌာနက လူတစ်ယောက်။ နေဦး … မဟုတ်သေးဘူး။ သူတို့က ကိုယ့်အပေါ် တကယ်ရော ရင်းနှီးခင်မင်စိတ်နဲ့ ဆက်ဆံခဲ့ကြလို့လား။

တွေးရင်း နာကျင်လာ။

ရထားကြီးမှာလည်း နှင်းမှုန်တွေကြားထဲ တစ်စတစ်စ ပိုမိုပီပြင်နီးကပ်လာ၏။

“*၅ဆိုရင်ကော”

တွေးသာ တွေးလိုက်ရသည်။ ဖြစ်ပါ့မလား။

တော်ကြာ ကိုယ့်ကို ကူညီ ကယ်တင်ဖို့ အရေးပေါ် ဌာနက



လူတွေ ရောက်ချလာရင် ဘယ်လိုလုပ်မလဲ။

အို … ဒါတွေ အသာထားစမ်းပါ။

စက္ကန့်ပိုင်းလေးအတွင်း သူတို့ ကိုယ့်ဆီရောက်မလာနိုင်ပါဘူး။

သွေးရူးသွေးတန်းဆန်ဆန်တော့ မဟုတ်။

သူဟာ တည်ငြိမ်စွာပဲ တံတွေးတစ်ချက် မြိုချလိုက်ရင်း *၅ဆီ ဖုန်းဆက်သွယ်လိုက်လေတော့၏။

■

www.burmeseclassic.com

www.burmeseclassic.com

(7)

"ဟုတ်ကဲ့ *၅ က လက်ခံစကားပြောနေပါတယ်"

မိုးဇမ်ထိုသို့ဆိုလေတော့ တစ်ဖက်က ချက်ချင်းစကားမပြောသေးဘဲ သက်ပြင်းတစ်ချက်ကို ပျင်းတွဲတွဲချလိုက်ပြီးမှ …

"ဘယ်ကနေ ဘယ်လိုစပြီး ပြောရမလဲဆိုတာ မပြောတတ်တော့ပါဘူး"

အဘိုးကြီးတစ်ယောက်ရဲ့ အသံ။

"အဆင်ပြေသလို ပြောပါရှင်၊ ကျွန်မစိတ်ဝင်တစားနားထောင်နေပါတယ်"

"ငါဟာ လောကကြီးမှာ အသုံးမဝင်တော့ပါဘူး"

ထိုသို့ ပြောပြီး အကြာကြီး စကားစ ပြတ်သွားပြန်ပါသေးသည်။ မိုးဇမ်က စကားကို အဆက်မပြတ်ပြောဖို့ force မလုပ်။ suicide လုပ်တော့မည့် လူ၏ဒေတာများကိုသာ ပညာပါပါ လှမ်းယူရင်း သူ့စကားကို စောင့်ကာ နှစ်သိမ့်ချွေးနွေးပေးလျက်ရှိလေ၏။

"သန်သန်မာမာ မသွားနိုင် မလာနိုင်၊ စိတ်သွားတိုင်း ကိုယ်



မပါနိုင်ခဲ့တာ ကြာပြီဆိုပါတော့၊ ပြန်တွေးကြည့်ရင် နောင်တတွေအများကြီးရပါတယ်။ ငါအရွယ်ကောင်းတုန်းက မွေးထားတဲ့ သားသမီး နှစ်ယောက်ကို လက်ခံချင်အောင် နားဝင်အောင် မဆုံးမခဲ့မိဘူး။ ငွေရှာနိုင်တဲ့အရွယ်၊ ကိုယ့်ဝင်ငွေကို မိသားစုက မှီခိုအားထား စားသောက်နေရတဲ့ အခြေအနေဆိုတော့ ငါသူတို့ကို ဆက်ဆံခဲ့မိတာ မောက်မာရိုင်းစိုင်းခဲ့မိတယ်"

နောင်တကြောင့် suicide လုပ်တော့မည့် သူတစ်ဦးဟု မိုးဇမ်စိတ်ထဲက တွေးလိုက်မိသည်။ ခုထိအဘိုးကြီးရဲ့ နာမည်သာ မေးလို့ရသေးသည်။ တခြားဘာမှ သိခွင့်မရသေး။

"ခု … အရာရာဟာ အေးစက်နေပါပြီ။ တစ်နေ့ပြီးတစ်နေ့ငြီးငွေ့ … နောင်တတွေနဲ့။ ငါဝဋ်လည်နေပြီလေ၊ ကလေးတွေရဲ့ဝင်ငွေကို ပြန်မှီခိုလာရတဲ့ဘဝမှာ ငါ မနေချင်တော့ဘူး။ မနေပျော်တော့ဘူး"

"အဘိုး အရင်တုန်းက ငွေရှာနိုင်တဲ့ အရွယ်တုန်းက စီးပွားရေးက တစ်ဖက်နဲ့ဆိုတော့ ကလေးတွေကို ရှင်းပြဖို့ အချိန် သိပ်မရခဲ့ဘူးမို့လား။ အဘိုး ဒီအချိန်မှာ အချိန်တွေ အများကြီးရနေပြီပဲလေ၊ ကျွန်မဆီကို ဖုန်းဆက်ရင်ဖွင့်သလိုပဲ အဘိုး သားသမီးတွေကို ရှင်းပြရင်ဖွင့်ကြည့်ပါလား"

"အေးစက်ကုန်ပါပြီ ကလေးရယ် အေးစက်ကုန်ပါပြီ"

"အဘိုးကြီးစားကြည့်ပါဦး၊ နွေးထွေးလာနိုင်ပါသေးတယ်"

"ကလေးတွေက မရက်စက်ကြပါဘူး၊ ငါ ငွေရှာပြီး သူတို့ကို

www.burmeseclassic.com

www.burmeseclassic.com



ကျေးမွေးခဲ့တုန်းကလောက်လည်း မမောက်မာကြပါဘူး၊ ငါ့ကို ထောက်ပံ့ပေးကြပါတယ်၊ စောင့်ရှောက်ပေးကြပါတယ်။ ငယ်ငယ်က ငါဟာ အိမ်ကို အင်မတန်ပူအောင်၊ ဆူအောင် ထားခဲ့မိတယ်။ ဒီဒါဏ်တွေကို နှစ်ပေါင်းများစွာ သူတို့ ခံစားခဲ့ကြရတယ်လေ။ ခုချိန်မှာ သူတို့ ငါ့ကို ဆက်ဆံကြတာ စကားအများ အပါမခံကြဘူး။ လုပ်ရပ်အများတွေ အပါမခံကြဘူး၊ ဖော်ဖော်ရွေရွေ စကားပြောဆိုနေရင်တောင် သူတို့ အတင်းဖျစ်ညှစ်ဟန်ဆောင်နေမှန်းသိသာပါတယ်''

''သြော် ... အတိုးရယ်''

''သွေးအေးနေတဲ့ မျက်လုံးအကြည့်တွေအောက်မှာ မနေချင်တော့ဘူး သမီးရယ်၊ နောင်တတွေနဲ့ တမြည့်မြည့် အသက်ရှင်နေတာထက်စာရင် 'တီ' ကနဲ သေဆုံးသွားလိုက်ချင်ပါတယ်''

မိုးဇမ် ဘာဆက်ပြောလို့ ပြောရတော့မှာမှန်းပင် မသိတော့။

ကြေကွဲစရာ ...

ကြေကွဲစရာကောင်းလှတဲ့ လောကကြီးရယ် ..

''မင်းကို အရမ်းကျေးဇူးတင်ပါတယ်၊ ရင်ဖွင့်လိုက်ရလို စိတ်တွေ ပေါ့ပါးသွားတယ် ဥတ်ဘိုင်၊ မိန်းကလေး''

ဟင် ...

တစ်ဖက်မှ ထိုသို့ ပြောပြီး ဖုန်းချသွားလေပြီ။

ဘုရားရေ၊ အတိုးကြီး ... အတိုးကြီး ထင်ရာစိုင်းသွားလေပြီလား၊ ဆောင်းဦးကာလမှာ ချယ်ရီသစ်ရွက်တွေ တဖြုတ်ဖြုတ် ကြွေဆင်းကြသလိုပဲ လူ့အသက်တွေဟာ လွယ်လွယ်နဲ့ ကြွေဆင်းကုန်တော့



မှာလား။

''*9 မှာ ဖုန်းခေါ်သံတွေနဲ့ ဆေးရုံ၊ သားဖွားခန်းတွေမှာ အူဝဲ ဆိုတဲ့ ငိုသံတွေ ဟန်ချက်ညီကြပါရဲ့လား၊ ဒီနှစ်ခု ဟန်ချက်ညီမှဖြစ်မှာ၊ အဲဒီ balance ပျက်ယွင်းသွားတာနဲ့ ငါတို့ တိုင်းပြည်၊ ငါတို့ ကမ္ဘာ''

ရုတ်တရက် ဝင်ရောက်လာသော ဖုန်းခေါ်သံကြောင့် မိုးဇမ်အတွေးတို့ ရပ်တန့်သွားရလေပြီ။

''ဟဲလို ... 9 ကပါရှင်''

''ဟဲလို''

ဟာ ...

တစ်ဖက်က 'ဟဲလို' ဆိုတဲ့ အသံလေးကြောင့် မိုးဇမ်များစွာ တုန်လှုပ်ခြောက်ခြားသွားရန်ပြန်ပါသည်။

ဘုရားရေ ... ကလေးအသံလေး။ ဆယ်နှစ်အောက် ကလေးအသံလေး။ အံ့သြတုန်လှုပ်သွားသည့် အနေအထားကို သေသေချာချာ ထိန်းချုပ်ပြီးကာမှ ...

''ကောင်းသော မနက်ခင်းပါ၊ သားလေးရေ၊ သား breakfast ရော စားပြီးပြီလား''

''သား ... သားလေ''

''အင်းပြော ..''

''စာတွေ မလိုက်နိုင်ဘူး''

''ဟုတ်တယ် အန်တီ ငယ်ငယ်တုန်းကလည်း စာတွေ မလိုက်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ခဲ့ဘူး၊ သားနဲ့ အန်တီနဲ့ကတော့ ဒီနေရာမှာ တူသွားပြီ''

''ဒါပေမယ့် အန်တီက လူကြီးပဲ၊ အန်တီ့ကို ရိုက်မယ့်သူ မရှိနိုင်ဘူး၊ အန်တီ့ကို ဆူမယ့်သူ မရှိနိုင်ဘူး''

ကလေးငယ်စကားကြောင့် သူမရင်ထဲ ဆစ်ကနဲ နာကျင်သွားရပြန်သည်။ ကလေးသူငယ်များအပေါ် ခြောက်လန့်နေသော ရိုက်နှက်ခြင်း၊ အပြစ်ပေးခြင်းများ။

တို့ကမ္ဘာမှာ ဘယ်တော့မှ ဒီသံသရာက ပြီးဆုံးမှာလဲ။

''ရှိပါတယ် သားရဲ့၊ အန်တီ့မှာ ကြောက်ရမယ့် သူတွေရှိပါတယ်။ အန်တီကိုယ်တိုင်လည်း အမှားတစ်ခုကို လွယ်လွယ် ကျူးလွန်ခွင့် မရတဲ့ သားတို့လို လူတန်းစားမျိုးထဲကပဲ၊ ဒါနဲ့ သားလေးနာမည် ဘယ်လိုခေါ်သလဲ၊ အသက်ဘယ်လောက်ရှိပြီလဲ''

ကလေးကသူ့နာမည်နှင့် အသက်ကို ပြောပြ၏။

မိုးဇမ် ထင်ထားသည့်အတိုင်း ဆယ်နှစ်အောက်ကလေးငယ်လေး တစ်ယောက်ပင်။

''သား သင်္ချာတွေ မလိုက်နိုင်ဘူး အန်တီ၊ သင်္ချာကို မကြိုက်ဘူး၊ သင်္ချာတွေ အရမ်းမုန်းတယ်၊ သင်္ချာမတွက်တတ်ရင် သားတို့ အသက်ရှင်လို့ မရနိုင်ဘူးလားဟင်''

ကလေးရယ် ... ကလေးလေးရယ်။

''သား မေမေက သားအိမ်စာတွေကို ကူလုပ်မပေးဘူးလား''

''လုပ်ပေးတယ် ဒါပေမယ့် သားကို ငေါက်၊ ငေါက်ပြီး အပြစ်ပြောလေ့ရှိတယ် ခေါင်းခေါက်တယ်။ လက်ဆစ်တွေရိုက်တယ်။



ဒူးထောက် အပြစ်ပေးတယ်''

''ဒါက လိမ္မာစေချင်တဲ့သဘောဖြစ်မှာပါကွယ်၊ သားကို တော်စေချင်တယ်လေ''

''ဟင် အန်တီလည်း တခြားလူကြီးသူမတွေလိုပဲ လူကြီးတစ်ယောက်အပြစ် လုပ်တာကို ဖုံးဖုံးဖိဖိနဲ့ ပြောတတ်တဲ့ လူစားမျိုးပါပဲလား''

''အို မဟုတ်ပါဘူး၊ မဟုတ်ရပါဘူးကွယ်၊ သားခံစားချက်ကို အန်တီနားလည် ပေးနိုင်ပါတယ်။ သားဘက်က အန်တီရှိပါတယ် သား''

''ကျွန်တော် အိမ်စာတွေ မလုပ်နိုင်ဘူး၊ အိမ်စာအကြွေးတွေ ပိနေပြီ။ ကျောင်းက ဆရာမကလည်း ကျွန်တော့်ကိုငြိုးတယ်၊ ကျွန်တော့်ကို ကျောင်းက သူငယ်ချင်းတွေက ဝိုင်းနှိမ်ကြတယ်။ လှောင်ပြောင်ကြတယ်။ ကျွန်တော်လေ ... အဟင့် ... ဟီး''

''သား ... ဟဲလို ... ဟဲလို''

ဖုန်းလိုင်း ပြတ်သွားပြန်သည်။

ဆယ့်ငါးမိနစ်အတွင်းမှာပဲ စိတ်ကယောင်ခြောက်ခြားဖြစ်နေသော (suicide လုပ်ဖို့ ကိုးဆယ်ရာခိုင်နှုန်းခန့် သေချာပြီး ဖြစ်လေသော) သူ နှစ်ယောက်နှင့် မိုးဇမ်စကားပြောခွင့်ရလိုက်လေသည်။

တစ်ယောက်က အသက်ခုနှစ်ဆယ်ကျော်အဘိုးကြီး။

တစ်ယောက်က ခုနှစ်နှစ်သားလေး။

အဘိုးကြီးက နောင်တကို ခံနိုင်ရည်မရှိသူ။ ခုနှစ်နှစ်သားလေး

www.burmeseclassic.com

www.burmeseclassic.com



က ဖိအားတွေရဲ့ ဒဏ်ကို ခံနိုင်ရည်မရှိသူ။

နာမည်နဲ့ အသက်ကလွဲပြီး ဘာမှ မမေးလိုက်ရ။ သူတို့ကို နားဝင်အောင် နှစ်သိမ့်ဆွေးနွေး မပေးလိုက်ရ။

ကိုယ်ပြောချင်ရာများ ပြောပြီး သူတို့ ဖုန်းချသွားကြလေပြီ။ ကိုယ့်ဆီဖုန်းခေါ်ပြီး သူတို့ ဘာဆက်လုပ်ကြမှာလဲ။ ဘာဆက်လုပ်ကြမှာလဲ။

သူမထိုသို့ ဆောက်တည်ရာမရ စိတ်ရှုပ်ထွေးနေစဉ်မှာပင်

နားထဲသို့ ပြင်းထန်စွာ ဝင်ရောက်လာလေသည့် ဖုန်းခေါ်ဆိုမှု တစ်ခု။

■

(8)

ညနေခင်း ကျူတို့ဆိပ်ကမ်းလေးရဲ့ ကောင်းကင်က ခါတိုင်းလို လိမ္မော်နဲ့ ခရမ်းရောင်တွေ လှပစွာ ရောယှက်နေဆဲ။

ဟိုး … ခပ်မြင့်မြင့်မှာ ကြိုးကြာနီတွေ အုပ်စုဖွဲ့ ပျံသန်းသွားကြတာကို မိုးစပ်မြင်တွေနေရပြီး ခပ်နိမ့်နိမ့် ပျံသန်းနေကြတဲ့ ဇင်ယော်တွေကိုတော့ သူမ နှစ်လိုဖွယ်ကောင်းစွာဖြင့် အစာကလေးများ လေပေါ် မြှောက်၍ ကျွေးနေမိ၏။

မြစ်ပြင်ပေါ် နေလုံးနီနီကြီး မေးတင်သွားတယ်ဆိုရင်ပဲ မြစ်ဟာ ရွှေတွေ စီးဆင်းနေသည့်အလား ဝင်းလက်တောက်ပနေလေ၏။

“… … … … … …”

သူမ ခပ်တိုးတိုးလေး ရွတ်ဆိုနေမိသည်မှာ The Road to Heaven လမ်းကို လျှောက်ခဲ့စဉ်က အဘိုးကြီးရွတ်ဆိုခဲ့သည့် အစွမ်းထက် ဂါထာတစ်ပုဒ် …။

ဘာကြောင့်မှန်းမသိ။ ကျွန်းကလေးပေါ်မှာတုန်းက အဘိုးကြီးနှင့် သူမ၏ ကနဦး ဆက်ဆံရေးမှာ ခပ်စိမ်းစိမ်းဖြစ်နေခဲ့ပြီး သို့နိုင်ယန်

www.burmeseclassic.com



ကနေ ခွဲခွာခါနီးတော့မှ တစ်ယောက်နှင့်တစ်ယောက် အတော်အတန် ရင်းနှီးသွားကြလေတော့သည်။

"မခက်ဘူး ... သမီး ဒီဂါထာလေး ရွတ်ကြည့်စမ်း"

အဘိုးကြီး ရွတ်ပြတဲ့ ဂါထာကို သူမ နားထောင်လိုက်သည်နှင့် ဘယ်နေရာမှာ ရွတ်ဆိုခဲ့မှန်း ရိပ်မိသွားရပြီ။

"ဩ ... road to heaven မှာ အဘိုးရွတ်ခဲ့တဲ့ ဂါထာမဟုတ်လား"

အဘိုးကြီး ရွတ်ပြတဲ့ ဂါထာကို သူမနားထောင်လိုက်သည်နှင့် ဘယ်နေရာမှာ ရွတ်ဆိုခဲ့မှန်း ရိပ်မိသွားရပြီ။

"ဩ road to heaven မှာ အဘိုးရွတ်ခဲ့တဲ့ ဂါထာမဟုတ်လား"

အဘိုးကြီးက ခေါင်းညိတ်ပြခဲ့ပြီး ...

"လူ့ဘဝဆိုတာ ဆန်းကြယ်တယ်။ the road to heaven ကို သမီးနောက်တစ်ကြိမ်ပြန်ရောက်မလာနိုင်ဘူးလို့ ဘယ်သူပြောနိုင်မလဲ။ ရောက်ဖြစ်ခဲ့ရင် သမီးရဲ့အသက်အန္တရာယ်အတွက် အဲဒီဂါထာလေးရွတ်ပေးနော်"

"ဒီဂါထာကလည်း အိပ်မက်ထဲမှာ ရခဲ့တဲ့ ဂါထာလား"

သူမက ထိုသို့ မေးလေတော့ အဘိုးကြီးက သဘောကျစွာ ရယ်လိုက်ပြီး ...

"မဟုတ်ပါဘူး သမီးရယ် အဘိုးတို့တံငါသည်တွေ ပင်လယ်ပြင်ထွက်တိုင်း မိရိုးဖလာရွတ်နေကြ အန္တရာယ်ကင်းဂါထာတစ်ပုဒ်ပါ"



"နေပါဦး ... အဘိုးတို့ တံငါသည်တွေဆိုတော့ ဒီကျွန်းမှာ အိမ်ခြေဘယ်လောက်လောက်ရှိလဲ၊ တစ်မြို့နယ်စာရှိလား၊ ရွာကြီးတစ်ရွာစာရှိလား"

"လူဦးရေအားဖြင့်တော့ အရင်တုန်းက မြို့သေးသေးလေးတစ်ခုမှာနေတဲ့ လူဦးရေပမာဏလောက် ရှိခဲ့ဖူးတယ်။ လွန်ခဲ့တဲ့ ဆယ်နှစ်၊ ဆယ်ငါးနှစ်လောက်ကစပြီး အိုနိုင်ယန်ကို suicide လုပ်တဲ့သူတွေရောက်လာပြီး ဒီမှာ သတ်သေတာတွေများများလာတာနဲ့ ကျွန်းသူကျွန်းသားတွေဟာ ခြောက်ခြားလာပြီး မစ်ရှုယာကို တဖြည်းဖြည်းပြောင်း အခြေချကုန်ကြတယ်"

"ဩော်"

မစ်ရှုယာက လူတွေက အိုနိုင်ယန်ကို အသေအဖြစ်နဲ့ ကူးပြောင်းပြီး အိုနိုင်ယန်က လူတွေက မစ်ရှုယာကို အရှင်အဖြစ်နဲ့ ကူးပြောင်းသွားကြသတဲ့၊ ခပ်ကြောင်ကြောင် movement တစ်ခုပါပဲ။

"ခုတော့ အိုနိုင်ယန်မှာ လူသိပ်မရှိကြတော့ဘူး၊ ကျွန်းသားလေးငါးယောက်လောက်ပဲ ရှိကြတော့တယ်"

အဘိုးကြီးက သူမကို နူးညံ့ညင်သာစွာ တစ်ချက် ကြည့်လိုက်ပြီး ...

"တို့တွေ စကားတွေသာ ပြောလာကြတယ်၊ ခုထိတစ်ယောက်နဲ့တစ်ယောက် မိတ်မဆက်ကြရသေးဘူး။ အဘိုးနာမည်က ကမ်မူတော်ပါ၊ တံငါသည်ကြီးပေါ့"

ဒီတော့မှ သူမလည်း သူမကိုယ်သူမ ကမန်းကတန်း မိတ်ဆက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။

နောက်တော့ အိုနိုင်ယန်ကို ခွဲခွာလာခဲ့ရ၏။

“သမီးတို့ ဝေးကွာသွားကြတာ ခဏပါ မေမေ၊ မေမေ… အခု သမီးနားရောက်နေပြီပဲ”

သူမ လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်က အိုနိုင်ယန်ကနေ အမှတ်မထင် ရှာဖွေတွေ့ရှိခဲ့လေတဲ့ မိခင်ဖြစ်သူရဲ့ အရိုးပြာအိုး။

ဒီညနေမှာတော့ ကူတို့ဆိပ်ကမ်းလေးထက်ကနေ မြစ်ပြင်ကျယ်ကြီးဆီသို့ အရိုးပြာများ ရေမျောပစ်လိုက်မည် စိတ်ကူးထားသည်။

မေမေ … မေမေ့ကိုတော့ သမီးရှာတွေ့ခဲ့ပါပြီ။ မေမေ့ကို နာကျင်စေခဲ့တဲ့လူတစ်ယောက်ကိုတော့ သမီး မတွေ့သေးပါဘူး။ သူ့ကို သမီးသွေးအေးအေးနဲ့ ဆက်ရှာဦးမှာပါ။ သမီး ကတိပေးတယ် မေမေ။ မေမေ့အတွက် သမီးတစ်နေ့မှာ လက်စားချေနိုင်ပါလိမ့်မယ်။

အရိုးပြာများက အိုးထဲမှတဆင့် မြစ်ပြင်ကျယ်ဆီသို့ လေအတိုက်မှာ လွင့်စဉ်သွားကြသည်။

မြို့ရဲ့ ဘယ်ဘက်အခြမ်း မြို့ပြညကတော့ မီးရောင်စုံ ထိန်ထိန်ငြီးလျက် ရှိချေပြီ။ ဒီနိုင်ငံမှာ လမ်းဘေးစည်းကမ်းမဲ့ စွန့်ပစ်ထားတဲ့ အမှိုက် တစတလေ မရှိ …။ မတော်တဆဟူသည့် အကြောင်းပြချက်နှင့်ပင် မီးခဏတဖြုတ် ပျက်ခြင်းမရှိ။

အစိုးရဘက်မှ အားလုံးတာဝန်ကျေသည်။ သို့သော် အစိုးရအပိုင်းမှ ကိုင်တွယ်ဖြေရှင်းပေးမှု ညံ့ဖျင်းနေသည့် အခွက်တစ်ခွက်



တော့ရှိ၏။ အဲဒါကတော့ …

“ဟင်း”

သူမ သက်ပြင်းတစ်ရှိုက် မှုတ်ထုတ်ပစ်လိုက်မိသည်။

ဒီနေ့ မနက်သတင်းစာထဲမှာ တွေ့လိုက်ရတဲ့ နာရေးကြော်ငြာနှစ်ခုကို ပြန်လည်မြင်ယောင်သွားမိရင်း စိတ်မချမ်းမသာ ဖြစ်မိသွားရပြန်သည်။

သချ်ိုင်းတွေကို ကြောက်တဲ့ကလေးနဲ့ သားသမီးများရဲ့ အေးစက်တဲ့ ဆက်ဆံရေးကို သီးမခံနိုင်တော့သည့် အဘိုးအို သူတို့နှစ်ယောက်စလုံးရဲ့ နာရေးကြော်ငြာတွေ ဒီနေ့ထုတ်သတင်းစာရဲ့ နာရေးကြော်ငြာမှာ ပါလာခဲ့လေတော့၏။

သူတို့တွေ လူ့လောကကြီးထဲမှာ မရှိကြတော့ဘူး။

ဟိုတစ်နေ့ကပဲ သူတို့နဲ့ ကျွန်မ ဖုန်းထဲကနေ နောက်ဆုံးအကြိမ်စကားပြောလိုက်ရသေးတယ်။ သူတို့ကိုယ်သူတို့ သတ်မသေမိကြစေဖို့ ကျွန်မ နှစ်သိမ့်ဆွေးနွေးမပေးလိုက်နိုင်ဘူး ….

အဲဒီလိုတွေးမိပြန်တော့ အဘိုးကြီးနဲ့ ကလေးလေး ဖုန်းခေါ်ဆိုမှုအပြီးမှာ ထပ်မံ ဝင်ရောက်လာပြန်တဲ့ ဖုန်းခေါ်ဆိုမှုတစ်ခုကို မိုးဇမ်ပြန်လည် သတိရမိသွားပြန်သည်။

သူရော …. သူ အခု ဘာလုပ်နေပြီလဲ။

နာမည်မေးကြည့်ရာ မပြောသဖြင့် သူ့ကို အခုအချိန် သဲလွန်စရှာ၍ ခြေရာခံ၍ မရနိုင်ပါ။

အဲဒီနေ့က ….

■

www.burmeseclassic.com

www.burmeseclassic.com

(9)

"ဟဲလို၊ *9 က လက်ခံစကားပြောနေပါတယ်ရှင်"

"ဝေမှိုင်းတွေငိုကြ
ညက အေးစက်ထုံကျင်လို့
တော့ခမ်းဆဲ … အိပ်စက်ခြင်းရေယာ၊
သူတို့ကို နှင်ပြေတော့ညီပါ
ဒါလေဖျော် …
မနက်တာ အရှေ့
ထောင်ဝက်စက်တို့အပေါ် ရောက်လာပြီ။
ငှက်တွေက အာရုဏ်ဦးမှာ
မြူပြင်ကို အပြစ်တွေပီ"

ဟင် ‥။

တစ်ဖက်မှ ထိုသို့ပြောလာမည်ဟု ထင်မှတ်မထားမိပါ၍ မိုးဇမ်ကြောင်အမ်းအမ်းဖြစ်သွားရ၏။

ကြည့်စမ်း …. ကဗျာလေးတစ်ပုဒ်ကို ရွတ်ပြနေတာပဲ။



ကဗျာလေးက ရွတ်လို့ပြီးသွားပြီလား။ မောလို့ခဏနားသလားမသိ။ ဆက်လက်ရွတ်ဆိုစရာ ကဗျာအပိုဒ်များရှိသေးလျှင် ကိုယ့်ကြောင့် အနှောက်အယှက်ဖြစ်သွားမည်စိုးသဖြင့် မိုးဇမ်အသံပင်မထွက်ဝံ့ဘဲ တိတ်တိတ်ကလေး နေနေစဉ် ‥

"ကြည့်ပါ …
တောင်တောင်ရဲ့ အထွတ်ဆုံးထိပ်။
ကြေကြေကွဲကွဲ ငါ့အသည်းကို လွှင့်ကြပြီ။
ညရဲ့ နားရွက်ဆီ ရိုက်ခတ်ကြပြီး
နေ့ရဲ့ မျက်လုံးကို ငါအသည်း။
အော်မြည်နေတဲ့ လေတိုက်ကို ရှုထွက်စေ
မုန်တိုင်းနဲ့အတူ ထောက်ကူကြပါ"

မိုးဇမ် ပြုံးမိသွားရပြီ။

တစ်ဖက်က ဘယ်သူဆိုတာ သူမ မသိ။ ဘာကြောင့် ကဗျာတစ်ပုဒ်ကို ကြေကြေကွဲကွဲနဲ့ *9 ကို လာရွတ်ပြနေရသလဲဆိုတာ မိုးဇမ်မခန့်မှန်းတတ်။

သို့သော် ထိုကဗျာဟာ ဘယ်သူ့လက်ရာဆိုတာကိုတော့ သူမ ရိပ်မိသွားသဖြင့် ပြုံးမိသွားရခြင်းဖြစ်လေ၏။

"နားထောင်လို့ အရမ်းကောင်းပါတယ်။ ဗိုလျှဘာလီတ်ရဲ့ ကဗျာလေးတစ်ပုဒ်ပဲ"

တစ်ဖက်မှ ကဗျာရွတ်သူမှာ အံ့အားသင့်သွားပုံရပြီး

"အားဟား … *9 မှာ အနုပညာခံစားမှုမြင့်မားသူတွေရှိ

www.burmeseclassic.com

www.burmeseclassic.com



မှန်း ကျွန်တော်အစက မသိခဲ့ဘူး''

မိုးဇမ်မှာ ကော်ဖီတစ်ငုံကို ဖိမ်နှင့်ငုံလိုက်ကာ ပြုံးမိရင်း ..

''ဝီလျံဘလိတ်ရဲ့ အရှူးတေးကဗျာပဲရှင် ကျွန်မသိတာပေါ့ ရှင်က ကဗျာဆရာလား''

''မင်းက ထောက်လှမ်းရေး ကျွမ်းကျင်လှချည်လား၊ ၈၀ ငါ ဘယ်သူလဲဆိုတာ မင်းကို ပြောမပြဘူး''

''ကောင်းပြီလေ ဒါဆိုလည်း *9 ကို ဘာ့ကြောင့် ဖုန်းခေါ်ရသလဲဆိုတာ ပြောပြပေါ့။ ဒါမှမဟုတ် နောက်ထပ် ဝီလျံဘလိတ်ရဲ့ ကဗျာတွေ ထပ်ရွတ်ပြမလား ကျွန်မ နားထောင်ပေးမယ်''

ဒါဟာ suicide လုပ်တော့မည်လို့ အကြမ်းဖျင်းယူဆရသူ တစ်ယောက်ရဲ့သက်တမ်းကို (အနည်းဆုံး ငါးမိနစ် ဆယ်မိနစ် လောက်အထိပဲဖြစ်ဖြစ်) ဆွဲဆန့်ပစ်လိုက်တဲ့ မိုးဇမ်ရဲ့ ပညာရပ်တစ်ခု ပါပဲ။

အခုအနေအထားဟာ မြွေတစ်ကောင်နဲ့ အလမ္ပာယ်ဆရာ တစ်ယောက်လိုပါပဲ။

တစ်ယောက်နဲ့တစ်ယောက် အပြိုင်တော့ ညှိနေကြသည်။

သို့သော် ပွဲကတော့ အန္တရာယ်ကစားပွဲ။

မိုးဇမ်စကားကြောင့် တစ်ဖက်အမျိုးသားမှာ သက်ပြင်း တစ်ချက်ရှိုက်လိုက်ပြီး ...

''ကိုယ့်မှာ အချိန်သိပ်မရှိတော့ဘူးလေ''

''ဘာဖြစ်လို့လဲ''



''ဟိုး မှုန်ပျပျမှာ ရထားလာနေပြီ''

''ဟင် ရှင်က ဘယ်ခရီးကို သွားမှာလဲ''

''ကိုယ်က ရထားသံလမ်းပေါ်မှာ မတ်တပ်ရပ်နေတဲ့သူပါ ဘယ်ခရီးကို သွားမယ်ဆိုတာ မင်းသိလောက်ပါပြီ မိန်းကလေး''

ဘုရားရေ။

အဆန်းတကြယ်ပါလား။

suicide မလုပ်ခင် မိန်းကလေးတစ်ယောက်ကို (ဒါမှမဟုတ် သူစိမ်းတရံစာ တစ်ယောက်ကို) ကဗျာရွတ်ပြသွားလေသူ လူတစ်ယောက်။

မိုးဇမ်ဟာ ထိုလူရဲ့ ရူးကြောင်ကြောင် လုပ်ရပ်ကို အံ့အားသင့်ပုံ မပြဘဲ။

''ရှင့်အသံက အရမ်းဆွဲဆောင်မှုရှိတယ်''

''thank you ပါ၊ တကယ်တော့ *9 ကို ဖုန်းခေါ်လိုက်တာဟာ မိန်းကလေးတစ်ယောက်နဲ့ တွေ့ပါစေလို့ ရည်ရွယ်ပြီး ဖုန်းခေါ်လိုက်တာ မဟုတ်ပါဘူး မိန်းကလေးဖြစ်ဖြစ် ယောကျ်ားလေးဖြစ်ဖြစ် ကျွန်တော် နောက်ဆုံးကြွေလွင့်မသွားခင် သူ့ကို ကဗျာလေးတစ်ပုဒ်လောက် ရွတ်ပြသွားချင်လို့ ဖုန်းခေါ်လိုက်တာပါ''

မိုးဇမ် ရင်တွေတုန်ပြီး စိတ်တွေ လှုပ်ရှားလာသည်။

ရထားက ဘယ်နားလောက်ရောက်နေပြီလဲ။

အဝေးကြီးမှာလား ... နီးလာပြီလား။

ရုတ်တရက် ဖုန်းလိုင်းပြတ်ထွက်သွားခဲ့ရင် နောက်တစ်နေ့ထုတ်

www.burmeseclassic.com

www.burmeseclassic.com



သတင်းစာထဲမှာ ရထားက လူကို တက်ကြိတ်လိုက်တဲ့သတင်းကို စောင့်ဖတ်ပြီး …

ထိတ်လန့်ခြောက်ခြားဖွယ်ရာ သေဆုံးနေတဲ့ လူတစ်ယောက် (ဒါမှမဟုတ် ဦးနှောက်တွေ၊ အူကလီစာတွေ ဟောင်းလောင်း ပွင့်ထွက်နေတဲ့) လူတစ်ယောက်ရဲ့ သတင်းဓါတ်ပုံကိုကြည့်ပြီး …

"သြော် သူဟာ ငါနဲ့ ဖုန်းထဲမှာ နောက်ဆုံးစကားပြောသွားတဲ့ သူပါလား" လို့တွေးရင်း တုန်လှုပ်ခြောက်ခြားနေရတော့မည်လား။

"ကျွန်မကို နောက်ထပ် ကဗျာလေးတစ်ပုဒ်လောက် ရွတ်ပြပါဦး"

"အချိန်မရှိတော့ဘူး မိန်းကလေးရယ်၊ စက္ကန့်သုံးဆယ်လောက်ပဲ အချိန်ရတော့တယ်"

"ကျွန်မ ရှင့်ကို မြင်ဖူးချင်တယ်"

"ဘာ"

ပြောပြီး မိုးဇမ်မျက်နှာတစ်ပြင်လုံး ရေနွေးပူနဲ့ အပက်ခံလိုက်ရသလို ပူနွေးသွားရလေတော့၏။

တစ်ဖက်က 'ဘာ'ဆိုတဲ့ အံ့အားသင့်သွားတဲ့ အသံလေးက လည်း တိုးတိုးကလေး။

လုပ်ပါ။ ရှင် သံလမ်းပေါ်ကနေ ဘေးကို ဆင်းပစ်လိုက်စမ်းပါ။

မာယာသုံးပြီး ရှင့်အသက်ကို ကယ်တင်နေတာလေ။ ရှင် မသိဘူးလား။

"ကျွန်မ ရှင့်ကို မြင်ဖူးချင်တယ်လို့"



"ကျွတ် … အချိန်မရှိတော့ဘူးကွ"

"အင်တာနက်ဖွင့်ပြီး viber ကနေ ဓါတ်ပုံမြစ်မြစ် ပို့ပေးလိုက်ပါလား မြန်မြန်"

"ကိုယ့်မှာ အချိန်မရှိဘူး"

သူ့ရဲ့ ကယောင်ကတမ်း အသံ။

ဘုရားရေ ဖုန်းထဲကနေ တစတစ ကြားလာရတဲ့ ရထားခုတ်မောင်းသံ။

"အချိန်မရှိရင် ရထားသံလမ်းပေါ်ကနေ ဘေးကို ခုန်ဆင်းလိုက်"

"အာ"

"ခုန်ဆင်းလိုက်ဆို … ကျွန်မပြောနေတယ်"

"ဟာ .. အေး"

ဒီပုံစံအတိုင်းသာဆို *9 မှာ ဝင်လုပ်ရင်း မိုးဇမ်နှလုံးရောဂါရတော့မှာတော့ အသေအချာပင်။

သူ့ရဲ့ ကယောင်ကတမ်း ရေရွတ်သံ။

ဖုန်းထဲကတဆင့် ကြားလိုက်ရတဲ့ တဝေါဝေါ ဆူညံသံတွေ

"ဘော် …"

ရထားဥဩသံလား … ရထား ဘရိတ်ဆွဲလိုက်တဲ့အသံလား၊ အရာရာ မိုးဇမ်မသိကွဲ။

"ဟဲလို … ဟဲလို"

ဒုက္ခပဲ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှာ ဘာတွေဖြစ်ကုန်ပြီလဲ။

ဒီလူကို ရထားကြိတ်သွားတဲ့အသံလား။ ဒါမှမဟုတ် သူ ကိုင်ထားတဲ့ ဟမ်းဖုန်းကို ရထားတက်ကြိတ်သွားတဲ့ အသံလား။

အရာရာဟာ ဆူညံလုံးထွေးပေါက်ကွဲ …။

"ဟဲလို … *9 က ပြောနေပါတယ်၊ အကြောင်းပြန်ပါဦးရှင်၊ *9 က ပြောနေပါတယ်"

ဖုန်းလိုင်းက ပြတ်တောက်မသွားသေး။

မိုးဇမ် စိတ်လှုပ်ရှားခြင်းကြီးစွာဖြင့် ဖုန်းကိုကိုင်ရင်း ဆက်သွယ်မှု ပြုနေလေတော့၏။

"ဟဲလို"

"ဟဲလို"

နောက်ထပ် သုံးမိနစ်လောက် အဆက်အသွယ် ပြတ်တောက်ပြီးကာမှ

"ဟိတ် … မိန်းကလေး"

အမလေး။ တစ်ဖက်က ခပ်ပြတ်ပြတ် လေသံကြောင့် မိုးဇမ် လန့်ဖျတ်သွားရလေတော့၏။

"အဲ .. ဟို .. ရှင် … ရှင်နော်"

"မင်း ငါ့အသက်ကို ကယ်လိုက်တာလား"

ဟား တော်ပါသေးရဲ့။ ဒီလူမသေဘူး။ ဒါပေမယ့် သူရဲ့ ဆုံးဖြတ်ချက်ကို မိုးဇမ် ကပျက်ယပျက် ဝင်လုပ်ခဲ့မိတဲ့အတွက် မိုးဇမ်ကို ဒေါသထွက်နေပုံတော့ရ၏။



နောက် သေချာပေါက် ဆုံးဖြတ်ထားတဲ့ကိစ္စတစ်ခုအပေါ် မမြင်ဖူးတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ကန့်ကွက်မှုကြောင့် အပျက်စီးခံလိုက်တဲ့ သူ့လုပ်ရပ်အပေါ်လည်း သူ အလွန်တရာ စိတ်ဆိုးနေပုံရ၏။

မိုးဇမ်ကတော့ ဟန်ဆောင်မနေနိုင် အသံထွက်ပြီးပဲ ရယ်မောလိုက်မိလေတော့သည်။

"ဘာရယ်တာလဲ၊ ငါ့ အစီအစဉ်တွေ အကုန်ပျက်ကုန်ပြီ"

ဖုန်းထဲမှာ ဘောက်ဆတ်ဆတ် ပြောတတ်တဲ့ သူ့အသံကို မိုးဇမ် မမှု။

"ရှင့်အသက်ကို ကျွန်မ ကယ်တင်ခဲ့နိုင်တယ်လေကွယ်"

■

www.burmeseclassic.com

www.burmeseclassic.com

## (10)

ဒါဟာ တကယ်မိုက်ရူးရဲဆန်လှတဲ့ အချိန်အချက်တစ်ခုပါပဲ။

ဒါပေမယ့် ကျွန်မ မိုက်ရူးရဲဆန်စွာ လုပ်ခဲ့မိပါတယ်။

ဆာဂါယော်ပင်လယ်စာ စားသောက်ဆိုင်ကလေးရဲ့ အတွင်းဘက် တစ်နေရာမှာ Oldies တေးသွားက ခပ်သဲ့သဲ့ ပျံ့လွင့်နေလေ၏။ အဆိုသံကို ဖျောက်ထားပြီး စန္ဒယားနဲ့တယောနှစ်မျိုးတည်းနှင့် Yesterday Once More လို Bridge over Trouble water လို သီချင်းတွေ တီးခတ်ထားတာကို နားမထောင်ရသည်မှာ မှင်သက်ကြည်နူးဖွယ်ရာ လွမ်းမောဆွေးမြည့်စရာ ကောင်းနေလေတော့သည်။

ဆိုင်ရဲ့အပြင်မှာ နှင်းတွေ တဖွဲဖွဲကျရောက်နေကြောင်း ပြတင်းမှန်ကတဆင့် တွေ့မြင်နေရသည်။ ဆိုင်အတွင်းထဲမှာတော့ အနွေးဓါတ်ပေးထားသဖြင့် နွေးနေလေ၏။

မိုးဇမ်ဟာ သူမရဲ့ဝင်ငွေအနည်းအကျဉ်းလေးနှင့် ဒီလို ဈေးကြီးလှသည့် ပင်လယ်စာ အစားအသောက်ဆိုင်တွေမှာ မကြာခဏ စားသောက်တတ်သည့် မိန်းကလေးတစ်ယောက်တော့ မဟုတ်လှပါ။



တကယ့်တကယ်က ဒီလို ညနေခင်းတွေမှာဆို မိန်းကလေးအဆောင်က တစ်ယောက်အခန်းလေးထဲမှာ ခေါက်ဆွဲနဲ့ အသားကိုရောပြုတ် အသီးအရွက် လတ်လတ်ဆတ်ဆတ်တွေကို မိယောနိ(စ်)နဲ့ သုပ်ပြီး ပြီးသလို စားသောက်ပစ်လိုက်သည်ပင်။

ခုတော ...

မိုးဇမ်အသာအယာပြုံးမိရင်း သက္ကလပ်ကုတ်အင်္ကျီရှည်ကို ညင်သာစွာ ချွတ်လိုက်ပြီး ထိုင်ခုံနောက်မှီမှာ ဖြန့်၍ တင်လိုက်၏။

ဘယ်လိုလူစားမျိုးများ ရောက်လာလေမလဲ။

သီချင်းစမ်းပါဘီ၊ ကိုယ့်စကားတစ်ခွန်းကြောင့်၊ ကိုယ်ချသုံးလိုက်တဲ့ ဆိုက်ကိုတစ်ခုကြောင့်၊ ရထားအကြိတ်မခံရဘဲ အသက်မသေ လွတ်မြောက်သွားသူ တစ်ယောက်ကို မိုးဇမ်တွေ့ချင်စမ်းပါဘီ။

ဝိတ်တာလေးရောက်လာပြီး မီနူးကတ်ကို ပေးလိုက်တယ်ဆိုရင်ဘဲ သူမဟာ ဟင်းပွဲများကို စိတ်ကြိုက်ကြည့်လိုက်ပြီး ...

"ဂဏန်းခရုဆီချက်၊ ပုဇွန်ထုပ် ကော်ရည်ဆမ်း၊ တို့ဟူးဖြူဟင်းရည်၊ ငုံးပြုတ်သုပ်၊ ခြောက် ခဏ reserved လုပ်ထားတာနော် ခြောက်နာရီခွဲတော့မှ ဟင်းပွဲတွေကို လာချပေးပါ"

စာပွဲထိုးလေးက ခေါင်းညိတ်ရင်း ထွက်ခွာသွားလေ၏။

နာရီကို ကြည့်မိတော့ (သူသာ အချိန်အတိအကျ လာတတ်သူဆိုပါက) ဆယ်ငါးမိနစ်တိတိလိုသေးသည်။

တကယ်တော့ ဒီဒင်နာဟာ သူ့ကို ဂုဏ်ပြုပြီး ကျွေးမွေးတဲ့ ညစာစားပွဲလေးတစ်ခုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ရဲ့ အသက်ကို ကယ်တင်ပေးခဲ့နိုင်သည့်အတွက် မိုးဇမ်ပျော်နေသည်။ သူဟာ တယ်လီဖုန်းထဲက လေသံအရ အရွယ်ရောက်ပြီးသော ယောက်ျားတစ်ယောက်ဖြစ်မှန်း မိုးဇမ်ကောင်းကောင်း ရိပ်မိထားလေရာ …

မိန်းမချောလေးတစ်ယောက်က သူ့အသက်ကို ကယ်တင်ပေးသွားသည်ဟူသည့် အတွေးလေးသူ့ခေါင်းထဲရောက်သွားစေရန် မိုးဇမ်သူမကိုယ် သူမ အလှပဆုံးပြင်ဆင်လာခဲ့မိလေ၏။

အလှပဆုံး ရင်ညွန့်ဖော် ဇာဂါဝန်အနီရင့်ရောင်ကလေးဝတ်ဆင်လာခဲ့ပြီး စိန်နဲ့ပုလဲနက်ရင်ထိုးကလေး တွယ်လာခဲ့သည်။ လည်တိုင်တလျှောက်မှာတော့ ဘာဆွဲကြိုးမှ ဆွဲမလာဖြစ်ခဲ့။ မိတ်ကပ်ပါးပါးအိုင်းရှဲဒိုး ခပ်ပြေပြေကလေးတင်ပြီး ပန်းဖျော့ရောင် Lip Gloss ကလေး နှုတ်ခမ်းပေါ်တင်လာခဲ့မိသည်မို့ မိုးဇမ် နှုတ်ခမ်းလေးမှာ နှင်းရည်တွေရွှဲစိုနေသည့် ပန်းနုရောင် နှင်းဆီဖူးကလေးနှင့် တူနေလေတော့၏။

ဟင် … ဒါဟာ အလုပ်သဘောထက် ကျော်လွန်သွားတဲ့ လုပ်ဆောင်ချက်တစ်ခုပဲ။ suicide လုပ်တော့မယ့် လူတစ်ယောက်ကို ဆိုက်ကိုသုံးပြီးကယ်တင်တာ ကိုယ့်ကိုယ်ကို သားကောင်တစ်ယောက်လို ချောင်ဖိတ်ပြီး အမှုားခံစရာလိုသလား။

အို မဟုတ်သေးပါဘူး။

ဒီဥပမာ ဒီ အသုံးအနှုန်းကြီးက ရင့်သီးလွန်းပါတယ်။

နာမည်၊ ဖုန်းနံပါတ်၊ အလုပ်အကိုင်နဲ့ နေရပ်လိပ်စာ ဘာဆို



ဘာတစ်ခုမှ မေးမရတဲ့ လူတစ်ယောက်ဟာ *9 မှာ ချိန်းဆိုခဲ့တဲ့ အချိန်းအဆက်အတိုင်း …

ဆာဂါယော် ပင်လယ်စာဆိုင်က အနီရောင်ဂါဝန်ဝတ်ထားတဲ့ ကောင်မလေးတစ်ယောက်ရဲ့ စားပွဲဝိုင်းကို တကယ်ရောက်ချလာမှာလား။

အို … သူတကယ် ရောက်ချလာမှပဲ။

"မိန်းကလေး ကျွန်မရှင့်ကို မြင်ဖူးချင်တယ်ဆိုတဲ့ စကားတစ်ခွန်းကြောင့် သံလမ်းပေါ်ကနေ ဘေးကိုခုန်ချခဲ့တာနော်"

ဖုန်းထဲမှာ ဒီစကားကို သူပြောခဲ့တာ သူမကို တွေ့ဖူးချင်လို့ပဲ ဖြစ်မှာပေါ့ … စိတ်ရှုပ်ပြီကွယ်။

တွေ့ရင်ကော ဘာတွေ ပြောဆိုကြမလဲ။

စိတ်တော့ လှုပ်ရှားချင်စရာ။

"ဟင် .."

ပထမဦးဆုံး နှာဝသို့တိုးဝှေ့ဝင်ရောက်လာတဲ့ နှင်းဆီပန်းတွေရဲ့ ရနံ့တွေ။

နှင်းဆီပန်းစည်းကြီးကို သူမ ရှေ့တည့်တည့်မှာ၊ စိတ်လှုပ်ရှားခြင်းကြီးစွာ တွေ့လိုက်ရသဖြင့် မှင်သက်ပြီး နှင်းဆီပန်းစည်းပိုင်ရှင်ကို မော့အကြည့်မှာတော့ …

"အို"

■

www.burmeseclassic.com

www.burmeseclassic.com

(10-a)

အက်ခန်း …။

သူမ အကြည့်မမှားယွင်းပါ။

အက်ခန်းမှ အက်ခန်းအစစ်ရယ်။ နှင်းဖွဲဖွဲကျဆင်းထားတဲ့ လမ်းမ ထက်မှာ အချိန်ကြာကြာ လမ်းလျှောက်လာရ၍ ထင်သည်။ သူ့ကုတ် အင်္ကျီရှည်မှာ ဆီးနှင်းတစ်ချို့ကပ်ညှိနေပြီး ဦးထုပ်မှာလည်း ဆီးနှင်း တွေ ဖွေးနေလေ၏။

"ကျွတ် … ကွာ"

သူဟာ သူ့အသက်ကို ကယ်တင်ပေးလိုက်သည့် *9 မှ မိန်း ကလေးကို မည်သူမှားလဲ စိတ်လှုပ်ရှားခြင်းကြီးစွာ ကြည့်မိလေရာ၊ ရုပ်သံ ရိုက်ကူးရေးနေ့တုန်းကသူ့ ဗီဒီယိုကင်မရာရှေ့ ရောက်ခဲ့ဖူးသူ (တနည်း ကူတို့ဆိပ်ကမ်းမှာ သူ့ကို နောက်ကနေ အတင်းပြေးဖက် ပွေ့ဖူးသူ) မိန်းကလေးတစ်ယောက်ဖြစ်နေရာ စိတ်က သိကအောက် ဖြစ်သွားသည့်ပုံနှင့် (သို့သော် သူ့မျက်နှာကတော့ ပြုံးတုံ့တုံ့နှင့်ပင်)

"*9ကို ဖုန်းဆက်လိုက်မိပါတယ် ခါတ်သိနဲ့လာတိုးနေတယ်"



"အက်ခန် အို ဘုရားရေ ဟို တနေ့ညနေက ရထားသံလမ်း ပေါ် မတ်တတ်ရပ်ပြီး ဖုန်းခေါ်တာ ရှင်လား အိုး"

သူက သူမရှေ့ တည့်တည့်က ထိုင်ခုံမှာ ဝင်ထိုင်လိုက်ပြီး။

"မဟုတ်ဘူးလို့ပဲ ပြောလိုက်ချင်တယ် တကယ်ပဲ"

တကယ်တော့ သူရဲ့မဟုတ်ဘူးဆိုတာက ဟုတ်တယ်လို့ ဝန်ခံလိုက်ခြင်းပါ

"ကဲ … ရော့"

နှင်းဆီပန်းစည်းကြီးကို အတင်းထိုးပေးနေသဖြင့်

"ကျွန်မက ဘာလုပ်ရမှာလဲ"

"ဘာလုပ်ရမှာလဲ မင်းကို ပေးတာပေါ့"

ပေးတာကလည်း ဆောင့်ဆောင့်အောင့်အောင့်။

နောက်တော့ သူရဲ့ ဂရုတစိုက်အကြည့်တွေက သူမမျက်နှာ ပြင်ဆီ ရင်ညွှန့်တဝိုက်ဆီ တကိုယ်လုံး ဆီသို့ ခြုံငုံရောက်ရှိသွားပြီး

"မင်းဒီနေ့ အရမ်းလှတယ်"

"… … …"

"အရမ်းကို လှတယ်"

"အိုး … …"

နောက်တစ်ကြိမ် ထပ်ပြောလေတော့ သူမရှိုးတို့ရှန်းတန်းနှင့် 'အိုး'ကနဲ ဖြစ်သွားလေရာ သူက နှာခေါင်းကို တချက် ရှုံ့မဲ့မဲ့လုပ် လိုက်ပြီး။

ဒါရိုက်တာ တစ်ယောက်ရဲ့ အမြင်လေကွာ၊ လှသို့လှတယ်

www.burmeseclassic.com

www.burmeseclassic.com



ပြောတာ မပြောရဘူးလား။

"ရှင် မထင်ရဘူးနော်"

"ဘာကိုလဲ"

"လမ်းကြောင်းပေါ်ကို ရောက်နေတဲ့လူတစ်ယောက်ပဲ ဘာလို့ မိုက်မိုက်မဲမဲတွေ လျှောက်လုပ်ချင်ရတာလဲ"

"အလုပ်ပြုတ်လာခဲ့လို့လေကွာ ခုကိုယ်က jobless"

ပြောရင်း သူက စားပွဲပေါ်မှာ အသင့်တင်ထားလေတဲ့ ဝိုင်အနီကို ခွက်ထဲစောင့်ငှဲ့ကာ တစ်ကျိုက်မော့လေ၏။

"ဒါ suicide လုပ်တော့မယ့် လူတစ်ယောက်ပြောရမယ့် ဆင်ခြေမဟုတ်ဘူး"

"ကိုယ့်အကြောင်းတွေ မင်းကို အကုန်ပြောပြလိုက်ရင် မင်း ထိုင်ငိုသွားမှာပေါ့"

"ကျွန်မကိုယ်တိုင်လည်း Borken family က ဆင်းသက်လာခဲ့တာပါ။ ဒါပေမယ့် ကျွန်မ ဘယ်အရာကိုမှ လွယ်လွယ်ကူကူ အရှုံးမပေးခဲ့ဘူး"

"နေစမ်းပါဦး မင်း ဟိုတနေ့က ရုပ်သံအင်တာဗျူးမှာပြောသွားတုန်းက မင်းက ဒေါက်တာဘွဲ့အတွက် စာတမ်းပြုစုနေတဲ့သူဆို"

"ဟုတ်တယ်လေ ဘာ လိမ်ထားတာများပါနေလို့လဲ"

"အဲဒီတုန်းက *၅ က ဝန်ထမ်းလို့ ဘာလို့မပြောခဲ့တာလဲ"

"အဲဒီမှာ ကျွန်မက volunteer ပဲ အခကြေးငွေယူပြီး အလုပ်လုပ်တဲ့ ဝန်ထမ်းမဟုတ်ဘူး"



"သြော် ...."

သူ့ပုံစံ၊ သူ့အရိပ်အယောင်က သူထင်ရာစိုင်းပြီး လုပ်ချင်ရာလုပ်ခဲ့သည့်အဖြစ်ကို ရင်းနှီးသည့်လူတစ်ယောက်သိသွား၍ မလုံမလဲနှင့် ရှက်ကိုးရှက်ကန်း ဖြစ်နေသည့်ပုံ။

"နှင်းဆီပန်းတွေ လှလား"

"လှပါတယ်"

"ဘယ်လိုလဲ ကိုယ်ကဗျာထပ်ရွတ်ပြရဦးမှာလား"

အကြည့်နှစ်ခုက လေထဲမှာ သိမ်မွေ့နူးညံ့စွာ ဆုံစည်းသွားကြလေသည်။

သူ့အကြည့်တွေကို သူမကြာကြာ ရင်မဆိုင်နိုင်သဖြင့် မျက်နှာကို တစ်ဖက်လွှဲလိုက်ပြီး ...

"အဲဒီနေ့က မိုက်ရူးရဲဆန်တဲ့လုပ်ရပ်ကို ဘာ့ကြောင့် လုပ်ချင်ခဲ့ရတာလဲဆိုတာ ကျွန်မကို ရှင်းမပြနိုင်ဘူးလား"

"ဘာလဲ မင်း စာတမ်းပြုစုတဲ့အထဲမှာ ကိုယ့်ကို episode တစ်ခုအနေနဲ့ ရေးဖို့ တစ်ခုအတွက်လား"

"ရှင် ခွင့်မပြုရင် ကျွန်မမလုပ်ပါဘူး၊ ရှင့်အတွက် စိုးရိမ်ပူပန်စိတ် သက်သက်နဲ့ မေးနေတယ်လို့ သဘောထားပြီးပြန်ဖြေပေးပါလား"

သူက ခေါင်းတချက်ညိတ်လိုက်ပြီး ...

"မင်းဟာ လှူလှရုံတင်မကဘူး စကားပြောလည်း သိပ်ကောင်းတယ် မိုဗမ်"

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာပဲ ကိုယ့်ရင်ဘက်ကို ချိန်ရွယ်ပြီး မြားတွေ တစ်စင်းပြီး တစ်စင်း လွှတ်နေလေပြီ ။

"ဒါပေမယ့် ကိုယ်ဟာ ကိုယ့်ဘဝ လျှို့ဝှက်ချက်တွေကို ဘယ်တော့မှ လွယ်လွယ်ကူကူနဲ့ ပြောမပြတတ်တဲ့ လူစားမျိုးပါ။ အထူးသဖြင့် မင်းလို ခပ်ချောချော မိန်းကလေးတစ်ယောက်ကိုပေါ့"

အက်ခ်နံစကားကြောင့် သူမ မျက်နှာနွေးသွားရပြန်သည်။

ဒုက္ခပဲ ဒီလူ့စိတ်ဟာ normal ရောဟုတ်ရဲ့လား၊ စိတ်ရောဂါ အနုစား တစ်မျိုးတစ်လေများရှိနေလေမလား။

သူ့ဘဝ ဇာတ်ကြောင်းကို သူမဘယ်လိုများ နှိုက်ထုတ်ကြည့်ရမလဲ။

အဲဒီ source ကို လိုက်မယ့်အစား အလုပ်ပြုတ်ခဲ့တဲ့သူကို အလုပ်တစ်ခု ပြန်ရအောင် သူမ ကူညီပေးသင့်သလား။

သူမထိုသို့ တွေးတောနေစဉ် reserved လုပ်ထားသည့် ဟင်းပွဲများ ရောက်ရှိလာလေပြီ။

"ဟာ မင်းက ကိုယ့်ကို တကယ့်ကို စပယ်ရှယ်ဧည့်ခံပြီး ဒင်နာလုပ်ပေးတာကိုး"

ဟင်းလျာများကို ကြည့်ရင်း သူကပြော၏။

"စား .. အက်ခ်နံ၊ ကျွန်မတို့ ညစာအတူစားရင်း စကားပြောကြတာပေါ့"

"အိုကေ"

သူမမျှော်လင့်ထားသလို သူ့ဘဝဇာတ်ကြောင်းများကို အလွယ်



တကူ မကြားခဲ့ရတာ ကံဆိုးသည်လား မပြောတတ်ပါ။ ဒီနေရာမှာ မိုးဖမ်အစား တခြားသူတစ်ယောက်ဖြစ်ပါက အက်ခ်နံ သူ့ဘဝ ဇာတ်ကြောင်းကို တစ်စွန်းတစ်စ ပြောချင်ပြောပေလိမ့်မည်။

စာရင်းသောက်ရင်းနှင့် သူမက ..

"စောစောက ရှင်အလုပ်ပြုတ်ခဲ့တယ်လို့ ပြောတယ် ခု ကျွန်မ အလုပ်တစ်ခု အပ်မယ်လေ ဘယ်လိုသဘောရလဲ"

"ဘာ အလုပ်လဲ"

"Documentary တစ်ခု ရှင်ရိုက်ပေးရမယ်။ ရှင် သတိထားမိမလားတော့ မသိဘူး။ ရှိမီယိုနဲ့ ဂျူးလီးယက်လိုပဲ အချစ်အတွက် အသက်စွန့်သွားတဲ့ ပုံပြင်တစ်ပုဒ်၊ ကျွန်မတို့ တိုင်းပြည်မှာ အရမ်းနာမည်ကြီးတယ်"

သူမထိုသို့ ပြောလိုက်သည်နှင့် ဘာကို ဆိုလိုမှန်း သူသဘောပေါက်သွားလေပြီ။

"ဗန်ရန်ဖင်းနဲ့ ရှင်မေယာ။ အဲဒါက ပုံပြင်မှ မဟုတ်တာ။ တချို့ကလည်း နတ်သမိုင်းလို့ ပြောကြတယ်။ တချို့ကလည်း တကယ်ဖြစ်ခဲ့တဲ့ ပါးစပ်ရာဇဝင်လို့ပြောကြတယ်"

"အဲဒါပြောတာပေါ့ ရှိမီယိုနဲ့ ဂျူးလီးယက်က ရှင်းတယ်။ ရှိတ်စပီးယားဖန်တီးထားတဲ့ ပြဇာတ်။ ကျွန်မတို့ဒီနိုင်ငံက ဗန်ရန်ဖင်းနဲ့ ရှင်မေယာက အရမ်းရှုပ်ထွေးတယ်။ လူတွေက ပုံပြင်အဆင့်ထက် ကျော်လွန်ပြီး နေရာပေးကြတယ်"

"သိပ်ချစ်ကြတဲ့ ချစ်သူနှစ်ယောက်။ ရှင်ကွဲ အကွဲမခံနိုင်ကြလို့

www.burmeseclassic.com



နှစ်ယောက်လုံး အဆိပ်သောက်ပြီး သေသွားကြတဲ့ ဇာတ်လမ်းလေး၊ ခက်တာက အဲဒီ ဇာတ်ကောင်နှစ်ယောက်ကို လူတွေက အရမ်း roll ပေးပြီး မိရိုးဖလာ နတ်သမိုင်းထဲ ထည့်လိုက်ကြတဲ့ ကိစ္စပဲ”

“အဲဒီလောက်နဲ့တင် ရပ်သွားကြတာ မဟုတ်သေးဘူးလေ အက်ခ်န်။ သူတို့နှစ်ယောက်ဟာ သေသွားတော့ ကောင်းကင်ဘုံ ရောက်သွားပြီး လူသားတွေကို စောင့်ရှောက်တယ်တို့ ဘာတို့ ဖန်တီးပစ်လိုက်ကြတယ်။ အဆိုးဆုံးက အဲဒီဇာတ်ရုပ်နှစ်ရုပ်ကို ရုပ်ထု တွေထု၊ ပန်းချီကားတွေဆွဲပြီး နေရာတော်တော်များများမှာ ထားကြတဲ့ ကိစ္စပဲ”

“အချစ်ရဲ့သင်္ကေတအဖြစ် အထွဋ်အမြတ်ထားကြတဲ့ သဘော ပါ၊ မင်းက မကျေနပ်ဘူးလား”

သူက သူ့ထုံးစံလေးအတိုင်း သူမ မခံချင်အောင် စသလို နောက်သလို ပြုံးတုံ့တုံ့ အမူအယာလေးနှင့် မေးလေ၏။

သူမက တည်ငြိမ်လေးနက်သည့် မျက်ဝန်းအကြည့်လေးနှင့် သူ့ကို ကြည့်လိုက်ရင်း

“ကျွန်မတို့ မစ်ရှုရာမှာ သတ်သေမှု နှုန်းထားတွေ မြင့်မား နေတဲ့ အချက်တွေထဲမှာ အဲဒီဇန်ရန်ဖင်းနဲ့ရှင်မေယာ ဇာတ်လမ်းလေး ကလည်းပါနေတယ်။ ရှင်မသိဘူးလား”

“ဘယ်လို …”

“လူတွေဟာ သူတို့ရုပ်ထုတွေ၊ ပန်းချီတွေမြင်တိုင်း hero လို့ မသိစိတ်က သတ်မှတ်နေကြတယ်၊ အဲဒီရုပ်တုတွေဟာ လူတွေရဲ့



မသိစိတ်ကို Suicide လုပ်ဖို့ အားပေးနေသလိုပဲ။ ရှင်က အဲဒီနှစ်ခုရဲ့ ပတ်သက် ဆက်နွယ်မှုကို လူစိတ်ဝင်စားလောက်အောင် ရိုက်ပေး နိုင်ရမယ်။ ရှင့်ရဲ့ သိပ်ကောင်းလာရင် အာဏာပိုင်အဖွဲ့အစည်းနဲ့ လူထုက စောစောက ကျွန်မတို့ပေးချင်တဲ့ message ကို ရမှာပဲ”

“ဩော် …”

အက်ခ်န် မိုးဇမ်ရဲ့ တွေးခေါ်နိုင်မှုကို ဖြုံတော့သွားရလေပြီ။ ခေါင်းတဆက်ဆက် ညိတ်လိုက်၍ …

“မင်းဟာ တကယ်အတွေးအခေါ်ကောင်းတဲ့ မိန်းကလေးပဲ”

အဲဒီစကားရဲ့အဆုံးမှာတော့ “ဒါ့ကြောင့် မင်းကို ငါရဲ့ အတိတ် ဘဝက ဇာတ်လမ်းတွေကို ပြောမပြချင်တာ” လို့ စိတ်ထဲက တိတ်တိတ်ကလေး ကြိတ်ပြောမိပြန်ပါသည်။

“Documentary ရိုက်ဖို့ ဘတ်ဂျက်ကိုလည်း မပူနဲ့။ ကျွန်မတို့ နဲ့ ချိတ်ဆက်ထားတဲ့ အလှူရှင်တွေဆီကနေ ရှာပေးနိုင်တယ်။ ရှင့် ဘက်ကသာ စောစောက ကျွန်မတို့ပေးချင်တဲ့ message တွေ များများပေးနိုင်အောင် ရိုက်ပေးဖို့ပဲ၊ အဲဒီ ဇာတ်ကားမှာ ရှင် နာမည် အကြီးအကျယ် ရသွားနိုင်သေးတယ်ဆိုတာ မမေ့နဲ့ အက်ခ်န်”

“အိုကေ အိုကေ ကိုယ်စဉ်းစားပါ့မယ်”

■

www.burmeseclassic.com

(10-b)

အပြင်မှာ နှင်းဖွဲဖွဲ ကျဆင်းလျက်ရှိသည်။ အဖြူရောင် ငွမ်းစိုင်လေးတွေလို နှင်းကလေးတွေက သူမရဲ့ ကုတ်အင်္ကျီပေါ် တင်လာသည်။

အက်ခန့်ပေးတဲ့ ပန်းစည်းကြီးကိုင်ပြီး ဆာဂါယော် စားသောက်ဆိုင်ထဲက ထွက်လာတော့ မိုးချုပ်နေလေပြီ …

"ဒင်နာအတွက် ကျေးဇူးတင်ပါတယ်"

"ရထားသံလမ်းပေါ်ကနေ ခုန်ချပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ရှင် ကျွန်မစကားကို တကယ်နားထောင်ခဲ့တယ်"

"ဒါကလည်း မင်းမှန်းမသိလို့ပါ"

ပြောပြီး နှစ်ယောက်သား ရယ်မိကြပြန်သည်။

တကယ်ဆို ညစာစားပြီးသည်နှင့် စားသောက်ဆိုင်ကအပြန် တစ်ယောက်တစ်လမ်း သွားကြဖို့ပါ။ မိုးချုပ်နေပြီ ဖြစ်၍ မိုးဇမ်ကို သူစိတ်မချ ဖြစ်နေမိပြန်သည်။

"မိုးဇမ် မင်းအဆောင်ကို ကိုယ်လိုက်ပို့ပေးမယ် ဆိုရင်ကော"



သူ့စကားထဲမှာ မမြင်ရတဲ့ နှောင်တွယ်မှုတွေ အများကြီးပါနေမှန်း သူမရိပ်စားမိပါသည်။ သူမသည်လည်း ယခုလို ယောကျ်ားတစ်ယောက် (အထူးသဖြင့် သူ့လို ယဉ်မှုန်သန့်ပြန့်တဲ့ ခပ်ချောချော ယောကျ်ားတစ်ယောက်) နှင့် အတူတွဲလမ်းလျှောက်နေရခြင်းအပေါ် သာယာနှစ်သက် နေမိပြန်တော့၏။

နေဦး။ ကျွန်မ စိတ်တွေ သိပ်ယိမ်းယိုင်သွားလို့ မဖြစ်ဘူး။ နောက်ပြီး ကျွန်မဟာ *9 ကို သွေးပျက်ခြောက်ခြားပြီး ဖုန်းဆက်သွယ်လာတဲ့ လူတွေကိုလည်း တစ်ခါမှ အပြင်မှာဆုံဖူးတာ မဟုတ်ဘူး။

ကျွန်မသူ့ကို ကယ်တင်နိုင်ခဲ့တာကတော့ ဟုတ်တယ်။ သူဟာ ကျွန်မစကားတစ်ခွန်းကြောင့် သေမင်းလက်လျှော့လိုက်ရတဲ့ လူတစ်ယောက် ဆိုတာလည်း ဟုတ်တယ်။ ဒါပေမယ့် သူဟာ ကျွန်မအတွက်တော့ အန္တရာယ်နည်းနည်းများတယ်။

အခုလို မိုးချုပ်တဲ့ ညအချိန်မျိုးမှာပေါ့။

"ကိုယ့်ကို စိုးရိမ်နေတာလား။ ကိုယ်က မင်းကို စိတ်မချလို့ နော် … မိုးဇမ်"

"အဲ အဲလိုမဟုတ်ပါဘူး ကျွန်မက ရှင့်ကို ဘာလို့ ကြောက်ရမှာလဲ"

"အဟား ဟား"

စီးနေကျ မှတ်တိုင်ကိုရောက်တော့ ဘတ်(စ်)ကားတစ်စီးတလေမျှ မတွေ့ရ။ အဆောင်ကို အများဆုံး ရောက်တဲ့ ဘတ်(စ်)ကား အဝါတွေက ည ရှစ်နာရီခွဲဆို လိုင်းသိမ်းသွားတတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါဆို … ပန်းခြံလမ်းက မှတ်တိုင်မှာ သွားစီးရတော့မှာပေါ့ ၄ ကီလိုမီတာ လောက်တော့ လမ်းလျှောက်ရပေလိမ့်မည်။

"ရှင် လမ်းလျှောက်နိုင်မှလား ပန်းခြံလမ်းမှတ်တိုင်ကို သွားစီးရမှာ နည်းနည်းဝေးတယ်"

"ကားပေါ်ရောက်အောင်အထိ ကိုယ်လိုက်ပို့ပေးခဲ့မယ်"

လမ်းမကြီးပေါ်ကနေ လမ်းချိုးအကွေ့ရောက်တော့ နီယွန်မီးရောင်တွေက အရင်ကလောက် တောက်ပမှုမရှိတော့ လမ်းမီးခါတ်တိုင်တွေက တစ်တိုင်နှင့်တစ်တိုင် အနည်းငယ် ကွာဝေးလာသည်။

ကြယ်ရောင်၊ လရောင်ရဲ့အလင်းတော့ ဝင်းဝင်းရှိသေး၏။

"ကျွန်မငယ်ငယ်တုန်းက ဆရာဝန်သိပ်ဖြစ်ချင်တာ"

"ခပ်ကြီးကြီး ရည်မှန်းချက်ပဲ"

"ဣဝ မေမေ့ကို ဆေးကုပေးချင်ရုံ သက်သက်ပါ၊ မေမေက ချူချာတယ်။ ရောဂါထူတယ်။ အဆိုးဆုံးက စိတ်ကျ ရောဂါမေမေ့မှာ ရှိတယ်"

"ဪ အခုရော သက်သာသွားပြီလား"

"သက်သာသွားပါပြီ တမလွန်မှာ ငြိမ်းချမ်းနေပြီလေ"

"ဟင်"

"မငြိမ်းချမ်းပဲ ကျန်ခဲ့သူဆိုလို့ သူ့သမီးလေး တစ်ယောက်ပဲရှိတယ်။ ခု သူရှင်နဲ့ စကားပြောနေတယ်လေ"

မိုးဇမ်က စကားပြောကောင်းလှသည်။ သူ့စိတ်ထဲမှာလည်း



မင်းဟာ သိပ်အသည်းယားဖို့ကောင်းတဲ့ ကောင်မလေးတစ်ယောက်ပဲ လို့ တိတ်တိတ်ကလေး ပြောနေမိလေ၏။

"စိတ်နာဖို့ ကောင်းတာက မေမေသေသွားတယ်ဆိုတာကို လွန်ခဲ့တဲ့ တစ်လ၊ နှစ်လကမှ ကျွန်မသိခဲ့တာ၊ မေမေဟာ ပဟေဠိ ပေါင်းများစွာ ထားခဲ့ပြီး ကျွန်မတို့ သားအဖကို ပစ်သွားခဲ့တယ်။ သူ့ စိတ်ဖောက်ပြန်သွားခဲ့တာလေ။ သူ ဘယ်ရောက်လို့ ရောက်သွားမှန်း ကျွန်မတို့ မသိခဲ့ရဘူး၊ သေသလား ရှင်သလားဆိုတာလည်း ကျွန်မတို့ မသိခဲ့ရဘူး"

လမ်းကလေးမှာ တဖြည်းဖြည်းနှင့် အမှောင်ထဲ တိုးဝင်လာကာ လူသူပြတ်လာ၏။

စကားတပြောပြောနှင့် လမ်းလျှောက်လာခဲ့မိတဲ့အတွက် မိုးဇမ်သူ့ကိုရော မိမိအနေအထားကိုပါ ကြောက်ရကောင်းမှန်း မေ့လျော့နေလေပြီ။

"ဒါပေမယ့် လွန်ခဲ့တဲ့ တစ်လလောက်ကတော့ အမေ့အုတ်ဂူကို ကျွန်မရှာဖွေတွေ့ရှိခဲ့ပါတယ်။ အဘိုးကြီးတစ်ယောက်ရဲ့ ကောင်းမှုကြောင့်ပါ။ ကျွန်မတစ်သက်လုံး မရေမရာဖြစ်နေတဲ့ ပဟေဠိတစ်ပုဒ် အဆုံးတော့ သက်သွားရပါတယ်။ အဆုံးမသတ်သေးတာဆိုလို့ တစ်ခုပဲ ရှိတော့တယ်"

"ဘာများလဲ"

"ကလဲ့စားချေဖို့လူတစ်ယောက်ကို ကျွန်မလိုက်ရှာရလိမ့်မယ်"

ဘာရယ်မဟုတ် မိုးဇမ်နှင့်သူ ဖျတ်ကနဲ အကြည့်ဆုံသွားကြ

www.burmeseclassic.com



သည်။ ပြောရမည်ဆိုလျှင် မိုးဇမ်နှင့် အက်ခန်ဟာ တစ်ယောက်အကြောင်း တစ်ယောက်ဇစ်ဇစ်မြစ်မြစ်လည်း သိရှိကြသည်မဟုတ်။ ကိုယ့်ဇာတ်ထုပ်ကို ကိုယ်လိုအပ်သလောက်သာ ထုတ်ပြောကြသူတွေ အဆင့်လောက်သာ။

သို့သော် တစ်ယောက် ဒုက္ခရောက်မှာကိုတော့ တစ်ယောက်က ပူပင်တတ်ကြသည့် အနေအထား။

သူတို့ ထိုသို့ တစ်ယောက်နှင့်တစ်ယောက် လျှို့ဝှက်သိပ်သည်းမှု ကိုယ်စီနှင့် သိမ်မွေ့စွာကြည့်မိသွားစဉ်ခဏမှာပင် ...

"ဘုတ်"

"အ ..."

မျက်နှာချင်းဆိုင်မှ လမ်းလျှောက်လာသည့် လူတစ်ယောက်က အက်ခန်ကို ခပ်ပြင်းပြင်းဝင်တိုက်လိုက်သည်မို့ သူ အနည်းငယ် ယိုင်ထွက် သွားရလေတော့သည်။

"ဟာ ခင်ဗျား ဘယ်လိုလူလဲ လူတစ်ယောက်လုံးတောင် မမြင်ဘူးလား"

ထိုသူက ခေါင်းစွပ်အင်္ကျီအမည်းရောင် ဝတ်ထားပြီး သူ့ခေါင်းကိုလည်း ခေါင်းစွပ်စွပ်ထား၏။

"ဟင်"

သေချာကြည့်လိုက်တော့မှ သူ့မျက်နှာမှာ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်ကလွဲပြီး ခေါင်းစွပ်တစ်ထပ် ထပ်စွပ်ထားမှန်း သိလိုက်ရသည်။

ညဥ့်နက်နက်မှာ ဒီလိုပုံစံ ဒီလိုအနေအထားတွေ့လိုက်ရ၍



ခြောက်ခြားဖွယ်ရာတော့ ကောင်းလေသည်။

ဒီနိုင်ငံ၊ ဒီမြို့ရဲ့ ရာသီဥတုက ကြမ်းတမ်းလွန်းတာမို့ ဆောင်းရာသီရောက်တိုင်း မျက်လုံး၊ နှာခေါင်းနှင့် ပါးစပ်နေရာ အပေါက်ဖောက်ထားပြီး တစ်ခေါင်းလုံး စွပ်ထားလို့ရသည့် ခေါင်းစွပ်များကို ဆွယ်တာဆိုင်တော်တော်များများမှာ ရောင်းချကြပါသည်။

အအေးဒဏ်ကို ကာကွယ်ဖို့ သဘောရိုးနဲ့ စွပ်တဲ့သူများလည်းရှိသလို ခေါင်းစွပ်အကာအကွယ်နဲ့ ဒုစရိုက်လုပ်လိုသည့်လူများလည်း ရှိနိုင်သည်ပဲ။

"ဘာလဲ မင်းက မကျေနပ်ဘူးလား"

ပခုံးနှင့် တွန်းတိုက်ခံလိုက်ရတာမို့ အက်ခန်မှာ ယိုင်သွားရပေမယ့် ထိုသူကတော့ ကျောက်ရုပ်လို မတ်မတ်ရပ်နေပြီး အိတ်ထောင်အိပ်ထဲလက်ထည့်ကာ သွေးအေးအေးနှင့် တစ်လုံးချင်း ပီပီသသ မေးလေ၏။

"လာပါ ကျွန်မတို့ ကိုယ့်လမ်းကိုယ်သွားရအောင်"

မိုးဇမ်ကလည်သည်။ အက်ခန်လက်ကို ဆတ်ကနဲ ဆွဲလိုက်ရင်း ထိုနေရာမှ တွန်းတွန်းတိုက်တိုက်နှင့် ထွက်လာခဲ့လေတော့ သူလည်း မိုးဇမ်နောက် မလိုက်ချင် လိုက်ချင်နှင့် ပါလာခဲ့ရလေသည်။

ကြည့်စမ်း ...။

ကိုယ်တို့ နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် လက်တွဲဆုပ်ကိုင်ထားတဲ့ အနေအထားတောင် ရောက်လာပြီ။

ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ ကောင်းလိုက်တဲ့ သူမရဲ့ လက်ဖဝါး

www.burmeseclassic.com

www.burmeseclassic.com



နုနုလေးရဲ့ အထိအတွေ့။ လွှတ်ပေးရမှာကို သိသိကြီးနှင့် သူ တစ်စက္ကန့်ရရ ဆုပ်ကိုင်ထားမိလေသည်။ လက်ဖဝါးလေးကို မရဲတရဲ နှင့် ဖျစ်မိလိုက်သေးသည်။

မိန်းကလေးရေ .. မင်းကို ဘတ်(စ်)ကားအဝါပေါ် မြန်မြန်တင်ပေးမှ ဖြစ်တော့မယ်။ ကြာရင် မလွယ်ဘူး တကယ်မလွယ်ဘူး။

"ဘယ်လိုကြီးလဲ မသိဘူးနော် ကြောက်စရာကြီး"

"ညလေ ဘာမဆို ဖြစ်နိုင်တယ်"

"ခေါင်းစွပ်ကြီးက စွပ်ထားသေးတယ်။ အသံက ညြညြနဲ့ အေးတိအေးစက်ကြီး"

"အဲဒါကြောင့် မင်းကို စိတ်မချတာ"

"ခု စိတ်ချလို့ ရနေပြီ"

သူမက သူမလက်ကလေးကို လွှတ်ပေးဖို့ အညင်သာဆုံးပြောလိုက်တဲ့ စကားလေးတစ်ခွန်းပါ။ နောက် လက်ကလေးကို လွှန့်လူး၍ အသာအယာ တိုးဇာ့ရုန်းကန်သွားလေသည်။

စကားစက ပြတ်သွားကြပြန်သည်။

မိုးဖမ်ရင်ထဲမှာ အက်ခန်အပေါ်ကြောက်စိတ်က သူ့အလိုလို ပြန်ဝင်လာပြန်သည်။

"ညပဲ ဘာမဆိုဖြစ်နိုင်တယ်" တဲ့။

အို ဟုတ်ပါရဲ့၊ ကျွန်မရဲ့ အခုအနေအထားက အန္တရာယ်များ လိုက်တာ။

အက်ခန်ဆိုတာ လွန်ခဲ့တဲ့တစ်ပတ်လောက်က ညနေခင်းတစ်ခု



ကတင် စိတ်တွေထိန်းချုပ်မှုမဲ့ပြီး ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်ခဲ့သူ တစ်ယောက်မဟုတ်လား။

ခပ်ရိုင်းရိုင်းပြောရရင် သူက သူ့အသက်သူ တန်ဖိုးမထားတဲ့ သေမထူးနေမထူး လူသားတစ်ယောက်။ ကိုယ်က ကိုယ့်အသက်ကို ကိုယ် အရမ်းတန်ဖိုးထားတဲ့သူ။

အခုနေများ သူကိုယ့်ကို တစ်နေရာခွဲခေါ် အနိုင်ကျင့်၊ သတ်ဖြတ်ပြီး သူကိုယ်သူ သေကြောင်းကြံစည်သွားရင် ဘယ်လိုလုပ်မလဲ၊ ဘယ်လိုလုပ်မလဲ။

*၅ ကို ဖုန်းဆက်တဲ့ လူတစ်ယောက်နဲ့ အပြင်မှာ Date မိတာတောင် လွန်လွန်းချေပြီ။

တကယ်ဆို ဆာဂါယော်ကအတွက်ကတည်းက တက္ကစီငှားစီးခဲ့သင့်သည်။

အခုတော့ ဘာမဟုတ်တဲ့ ပိုက်ဆံလေးကို ကြည့်မိခဲ့သည့်အတွက် ကိုယ့်အသက်က သူ့လက်ထဲကို ရောက်နေလေပြီ။

မိုးဖမ်မရဲတရဲနှင့် သူ့မျက်နှာကို စောင့်ငဲ့အကြည့်မှာတင် ..

"အို ..."

■

www.burmeseclassic.com

(10-c)

သွားပြီ။

အရာရာ နောက်ကျသွားလေပြီ။

အက်ခန်ဟာ မိုးဇမ်ရဲ့ လက်ကို ရုတ်တရက် ဆောင့်ဆွဲပစ်လိုက်ပြီး လမ်းကျဉ်းကလေးထဲကနေ နောက်ဖေးလမ်းကြားတစ်ခုဆီ တရွတ်တိုက် ဆွဲခေါ်သွားလေပြီ။

“ရှင် … ရှင် ဘာလုပ်တာလဲ”

“အသံမထွက်နဲ့ တိတ်တိတ်နေ”

အက်ခန်ရဲ့ ခပ်အုပ်အုပ်စကား။

သူမသည်လည်း ဒီစကားတစ်ခွန်းသာ ပြောလိုက်နိုင်သည်။

အက်ခန်ရဲ့ လှုပ်ရှားမှုက မြန်ဆန်လွန်းလှ၏။ ခြေလှမ်းကျဲကြီးများနှင့် မှောင်ရိပ်ကွယ်တစ်ခုဆီ ဆွဲခေါ်သွားပြီး ရေညှိတွေနဲ့ အေးစက်နေတဲ့ တိုက်နောက်ဘေး နံရံဟောင်းတစ်ချပ်မှာ မိုးဇမ်ကို ဆွဲကပ်လိုက်၏။

“ရှင် …”



အက်ခန်က သူမပါးစပ်ကို သူ့လက်ဝါးနှင့် တင်းကျပ်စွာပိတ်ပစ်လိုက်၏။ သူမ လှုးလွန့်လှုပ်ရှားလေသောအခါ သူမ တစ်ကိုယ်လုံးကို ထိန်းချုပ်ဖက်ပွေ့ ပစ်လိုက်ပြန်သည်။

အက်ခန့်မျက်နှာဟာ လရောင်အောက်မှာ နားလည်ရ ခက်ခဲလွန်းလှ၏။

သူ့စိတ်တွေက ရထားသံလမ်းပေါ် ပြန်ရောက်သွားလေသလား ဒီတစ်ခါ သူတစ်ယောက်လည်းမဟုတ်။ သူမပါ အဆစ်ပါလာသည်။

သူမ ကြောက်လွန်း၍ ရင်တွေ တဆတ်ဆတ်တုန်လာသည်။

ရုန်းလေ သူ့ရင်ခွင်ထဲရောက်လေ … နှင်းဆီပန်းစည်းကြီးမှာလည်း သူမနဲ့ သူ့ရင်ခွင်ကြား မွမွကြေလာသည်။

နှင်းဆီရနံ့ မိန်းမတစ်ယောက်ရဲ့ ကြောက်စိတ်၊ သူစိမ်းတစ်ရံစာ တစ်ယောက်ရဲ့ ရင်ခွင်ထဲ နားလည်ရခက်ခဲတဲ့ ယောကျ်ား တစ်ယောက်ရဲ့ စိတ်အခြေအနေ။

ဘာတွေလဲ ဘာတွေဖြစ်ကုန်ပြီလဲ။

သူမ အက်ခန်ကို တောင်းပန်တိုးလျှသည့် မျက်လုံးနှင့် ကြည့်ရှုလိုက်မိစဉ် …

“ဟင်”

အက်ခန်က စောစောက သူမတို့ ဖြတ်လျှောက်ဝင်လာတဲ့ လမ်းကလေးဆီကို မေးဆတ်ပြလိုက်ရာ သူမ ယောင်ယမ်းကြည့်လိုက်ချိန်မှာတော့ …

လရောင်အောက်မှာ ထင်ထင်ရှားရှားတွေ့လိုက်ရတဲ့ အရိပ်မည်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခု။

ဘုရားရေ။ စောစောက မျက်နှာဖုံးစွပ်နဲ့လူ။

သူ့ပုံစံ သူ့အမူအယာက တွေ့ထားပြီးသား ပစ်မှတ်တစ်ခု ရုတ်တရက် ပျောက်ဆုံးသွား၍ လိုက်ရှာဖွေနေသည့် ပုံစံနှင့် …။

စောစောက အနေအထားအရဆိုလျှင် ဒီလူဟာ ဒီလမ်းပေါ်မှာ တွေ့စရာအကြောင်းကိုမရှိ။ သူတမင် ပြန်ကွေ့လာခဲ့၍သာ ဒီနေရာ ရောက်ရှိလာခဲ့ခြင်းဖြစ်ပေလိမ့်မယ်။ ဘုရားရေ …. သူ ခြေရာခံပြီး လိုက်လာတာ မိုးဇမ်တို့နှစ်ယောက် နောက်ကိုလား။

ခုမှ အက်ခန့်ရဲ့ စောစောက လှုပ်ရှားမှုတို့ကို သူမသဘော ပေါက်လာသည်။

သူမက မှင်သက်အံ့အားသင့်စွာနှင့် အက်ခန့်ကို စိုက်ကြည့် လိုက်တော့မှ သူက သူမပါးစပ်မှာ အုပ်ထားတဲ့ သူ့လက်ကို ပြန်ခွာ ပေးပြီး လက်ညှိုးနှင့် နှုတ်ခမ်းကိုတော့ကာ တိတ်တိတ်နေရန် အချက်ပြ၏။

သူမခေါင်းကို တွင်တွင်ညိတ်ပြလိုက်သည်။ ကြောက်လန့် တကြားဖြစ်နေ၍ မျက်ရည်များ အလိုလိုစီးကျလာ၏။

“လူခြေပြတ်တဲ့ ညဘက်တွေမှာ ဖြစ်လေ့ရှိတဲ့ ပုံမှန်မဟုတ်တဲ့ အနေအထားပါ။ ကိုယ်တို့ ပညာသားပါပါ ရှောင်နိုင်ရင် ဒီအန္တရာယ် က လွတ်ပါလိမ့်မယ်။ ဘာမှ မဟုတ်ပါဘူး”

အက်ခန့်က သူမနားနားလေး တိုးကပ်ကာ လေသံဖွဖွနှင့် ပြော၏။ ခုထိ သူနှင့်သူမမှာ ပွေ့ဖက်ထားဆဲ အနေအထား။ တနည်း



ပြောရရင် လူနှစ်ယောက်ကိုယ်ရောင်ဖျောက်ပြီး နံရံမှာ တစ်သား တည်းကျအောင် တွယ်ကပ်နေတဲ့ အနေအထားပေါ့။

“မင်းမသိဘူး ကိုယ်နဲ့ကတောက်ကဆဖြစ်ပြီး ကိုယ်တို့နောက် သူပြန်လှည့်ပြီး လိုက်လာတယ်။ မင်းကို အသိပေးလိုက်ရင် အခြေ အနေတွေ တမျိုးဖြစ်ပြီး ဆိုးကုန်မှာစိုးလို့ ကိုယ်တိတ်တိတ်ကလေး ငြိမ်နေတာ။ ကိုယ်တို့အတွက် ထွက်ပေါက်ကောင်းကောင်းရတဲ့ အနေအထားရောက်မှ ကိုယ်မင်းကို ဆတ်ကနဲ ဒီအထဲ ဆွဲခေါ် လာခဲ့တာ”

သူမ ခေါင်းကိုသာ တွင်တွင်ညိတ်နေလိုက်ပြီး ထပ်မံစကား မပြောတော့ရန် လက်ညှိုးကလေးနှင့် သူ့နှုတ်ခမ်းကို ဖိကပ်ထား လိုက်သည်။ သူက သိပ်အကြောက်အလန့်ကြီးမဟုတ်သည့် မျက်နှာ အရိပ်အယောင်နှင့် ပြုံးရင်း ခေါင်းညိတ်ပြလေ၏။

မရည်ရွယ်ပါဘဲ လရောင်အောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက်အကြာကြီး နင့်နေအောင် စိုက်ကြည့်မိသွားကြသည်။ မရည်ရွယ်ပါဘဲ တစ်ယောက်ကိုတစ်ယောက် တိုး၍ ဖက်ပွေ့မိကြ သည်။

သိစိတ်တွေကလွတ်ကာ နှင်းဆီရနံ့နဲ့ ရောယှက်ပြီး ထူးဆန်း တဲ့ နေရာတစ်ခုဆီ ရောက်ရှိသွားကြသလို ပြိုင်တူခံစားလိုက်ကြရ သည်။

အဲဒီနေရာဟာ လေပေါ်မှာ မျောလွင့်နေရသလို၊ တိမ်တွေနဲ့ အတူ စီးမျောနေရသလို …။

www.burmeseclassic.com

www.burmeseclassic.com



ပွစ္စေးတဲ့ အထိအတွေ့မှာ ရင်ခုန်သံတွေက မြန်ဆန်လာ။

ဘဝတလျှောက်လုံး သံမဏိလို တင်းမာစွာ လျှောက်လှမ်းလာခဲ့သည့် သူမစိတ်တွေ ပျော့ပြောင်းနူးညံ့သွားရလေတော့၏။

ဒါဟာ ပထမဦးဆုံး ရရှိဖူးခဲ့သည့် ယောကျ်ားတစ်ယောက်ရဲ့ အကာအကွယ်ပေးမှု။ နောက်ပထမဆုံး ရောက်ရှိဖူးသည့် ယောကျ်ားတစ်ယောက်ရဲ့ရင်ခွင်။

သူ့လည်ပင်းမှာ ဆွဲထားသည့် မိုးကြိုးသွားသဏ္ဍာန် ဆွဲကြိုးလေးကို သူမအနီးကပ် ထပ်မြင်ဖူးရပြန်သည်။

ဒီဆွဲကြိုးလေးကို သူမ ပထမဆုံး သတိထားမိစဉ်က သူမရဲ့ ရုပ်သံအင်တာဗျူးအတွက် သူ့ရဲ့ ရိုက်ကူးရေးစတင်ခဲ့တဲ့နေ့က။

အဲဒီနေ့ကလည်း သူ့ကို သူမတစ်ခါရင်ခုန်ခဲ့မိပါသည်။

ခုတစ်ခါ ရင်ခုန်မိကြရသည်မှာ နှစ်ယောက်စလုံးပင်။

သူမ သတိပြန်ဝင်လာသည့် အချိန်ရောက်တော့ သူမလက်ခုံကလေးကို သူက ဖွဖွပင်နမ်းရှိုက်၍ နေလေသည်။

"အက်ခန်"

ထပ်မလုပ်ဖို့ သူ့နာမည်ကို သူမဖွဖွတိုးတိုးရွတ်ဆို၍ ခေါ်တော့ သူက အသာအယာခေါင်းညိတ်ပြကာ သူမလက်ဖဝါးလေး တစ်ဖက်နှင့် သူ့ပါးကို အပ်ထားလိုက်၏။

ကံကြမ္မာရဲ့ အကွေ့အဝိုက်များက ဆန်းကြယ်လွန်းလှသည်။

မိမိကိုယ်ကို သေကြောင်းကြံစည်ဖူးကြသူများသည် တကယ် အန္တရာယ်ကျရောက်လာပါက သူတပါးကို မှန်ကန်စနစ်ကျစွာ



ကာကွယ်ပေးတတ်ကြောင်း အက်ခန်နှင့်တွေ့မှ သူမ သဘောပေါက်သွားရလေတော့သည်။

အက်ခန်ဟာ လည်ဆံမွေးလေးတွေ ပွတ်သပ်ပေးလိုက်ရုံနဲ့ လိမ္မာငြိမ်သက်သွားတဲ့ မြင်းရိုင်းလေးတစ်ယောက်လိုပဲ။

ချစ်ဖို့ကောင်းသလို ကြောက်ဖို့လည်း ကောင်းလေရဲ့။

"ဟိုလူ မရှိတော့ရင် ဒီနေရာက ကျွန်မတို့ ထွက်ကြစို့လေ"

သူမရဲ့ တိုးလျလျ အသံကို ကြယ်လေးတွေပင် ကြားသွားပြီး ပြုံးသွားကြသည် ထင်ပါ၏။

■

www.burmeseclassic.com

ဒီလိုနဲ့
လအနည်းငယ် ကြာခဲ့လေသောအခါ....

ကနဦးနွေကို အစပိုက်မို့
စံပယ်ပွင့်လေးတွေနဲ့ ဆောင်စေချင်လေးလား
ဖွဲ့ကတ်ဝင် နွေကာစဝင်နဲ့
တကြိုကြိုနဲ့ပြုံးဆီး ကဘဲ့ငှားတော့
သဲသောင်ဦးက ချစ်ကြိုးတန်းတန်း
ဒီဒီ ချစ်ကြိုးကို အချစ်က ထိကနဲ ပြတ်သွားတော့တယ်။
နှင်းစေမှိုင်တော့
ငါ့မှာထည်း တောင်းတင်းလေးလေးရယ်
ငါ့ ဒဏ်ရာနဲ့ငါ
ပွေ့ပိုက်နေရတာပဲ ကောင်းတယ် ...
နှင်းပြင်ရောက်လာတော့
ပြောင်းလဲပေါက်ကလေး ပွင့်လာတယ်
ချစ်သူပြန်လာရင်
ပင်လယ်ရေတွေ ချိုလာလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com

## (11)

ဒီနေရာလေးက ...

မြို့ပြရဲ့ ဒုတိယမြောက် လူအစည်ကားဆုံး ဧရိယာ။

အဓိက လမ်းမကြီးငါးခု ပေါင်းဆုံရာ အရပ်

မီးပွိုင့်မိလျှင် ကြာတတ်လွန်းတာမို့ ဒီလမ်းဆုံကို ရောက်သည်နှင့် ကားမောင်းသူများမှာစက်ကို စိတ်အေးလက်အေးပိတ်လိုက်ကြပြီး တစောင်၊ သတင်းစာ၊ ဒါမှမဟုတ်လည်း မိုးပျံတိုက်တာကြီးများရဲ့ နံရံမှာ ချိတ်ထားတဲ့ ဧရာမ LED တီဗီကြီးများမှ သီချင်းများ၊ ကြော်ငြာများကို အေးအေးလူလူ ကြည့်ရှုရာအရပ် ပင်။

သတိ ဒီနေရာမှာ ကားပိတ်မရပ်ရ။ ဆိုင်းဘုတ်ချိတ်ဆွဲထားသည့် ခြံကျယ်ကြီးများရှေ့မှာတော့ ညနေခင်းရောက်လာခဲ့ပြီမို့ တွန်းလှည်းနှင့် ရောင်းချသည့် ခေါက်ဆွဲဆိုင်ကလေးများ၊ ပေါက်စီ၊ ကြက်ကြော်ဆိုင်ကလေးများ တစ်စတစ်စ နေရာယူလာကြလေပြီ။

တလောက တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ကမ်းပိန်း တစ်ခုလုပ်ထား၍ ထိုလှုပ်ရှားမှု၏ အမှတ်တံဆိပ်ဖြစ်သည့် သံလွင်ခက်



ကို ဂျိုးငှက်ငယ်ကလေး ကိုက်ချီထားသည့်ရုပ်ပုံပါ တီရှပ်ဝတ်ဆင်သူ တချို့ကိုလည်း ဟိုမှာ ဒီမှာ တွေ့မြင်နေရသည်။

အဲဒီ ဂျိုးငှက်ကလေးဟာ သံလွင်ခက်ကလေးကိုက်ချီရင်း မိုးဇမ်သွားလိုသည့်အရပ်ကို အလွယ်တကူ လမ်းညွှန်ပြသလာနိုင်လျှင် ဘယ်လောက် ကောင်းလိုက်မလဲဆိုတဲ့အတွေးနဲ့ သူမ နှစ်ထပ်ဘတ်(စ်)ကားကြီးပေါ်မှ ဆင်းလိုက်၏။

အမလေး။ လူစီးကြောင်းကြီးထဲ သူမ အမှုန်အစက်ကလေး တစ်စက်အဖြစ် နစ်မြုပ်သွားရလေပြီ။

တကယ်တော့ ဒီနေရာ၊ ဒီအရပ်ထိရောက်အောင် သူမ မနည်း စုံစမ်း၍ လာခဲ့ရခြင်းဖြစ်၏။

အက်ခန်နဲ့ နောက်ဆုံးတွေ့ဆုံပြီး နောက်တနေ့ Documentary အတွက် မိုးဇမ်အလှူရှင်များထံ အကြောင်းကြားဆက်သွယ်ပြီး ဘတ်ဂျက်ကိစ္စလုံးပန်းရသည်။

သူမတင်ပြသည့် ရည်ရွယ်ချက်က ကောင်းမွန်သဖြင့် ရက် အနည်းအကြာမှာပင် အလှူရှင်များဘက်မှ လုပ်ဆောင်မည့်ပရောဂျက်ကို အသေးစိတ်တင်ပြ၊ ကုန်ကျစရိတ်တွက်ချက်ပြီး ဘတ်ဂျက် တောင်းယူရန် စာဝင်လာ၏။

မိုးဇမ်ဘယ်အချိန်များ အက်ခန် ဆက်သွယ်လာလေမလဲဆိုတာ စောင့်မျှော်နေရတော့သည်။ ဌာနက ဖုန်းနံပါတ်များကို သူသိသည်။

တစ်ပတ်၊ နှစ်ပတ်ကနေ တစ်လ၊ နှစ်လာသာ ကြာသွားသည်။ အက်ခန်အဆက်အသွယ် ရမလာ။

www.burmeseclassic.com

www.burmeseclassic.com



အက်ခန်ရယ် တို့နှစ်ယောက်ရဲ့ အမှတ်တရ ညလေးကို မင်းမေ့သွားပြီလား။ မင်းကိုယ့်ကို မလွမ်းဘူးလား။

အဲလိုအတွေးတွေဝင်လာတော့ သူမရင်ထဲ ဆစ်ကနဲ နာကျင်ရ၏။ အက်ခန်နဲ့ အဆက်အသွယ်ရဖို့ သူအလုပ်လုပ်ခဲ့ဖူးတဲ့ ရုပ်သံဌာနတွေဆီ ဆက်သွယ်ကြည့်ရင်း နောက်ဆုံးနေထိုင်ခဲ့သည့် အဆောင်လိပ်စာကို သူမရလာခဲ့ခြင်းဖြစ်လေသည်။

လူစည်ကားရာ မှတ်တိုင်ကနေ လမ်းသွယ်ကလေးတွေထဲ ဝင်္ကဘာလို တစ်လမ်းပြီး တစ်လမ်း ဝင်ရောက်လာခဲ့ရာ နောက်ဆုံးကြွက်ကလေးတွေ တူးဖော်ထားသည့် မြေတွင်းလမ်းကြောင်းလေးတွေလို ခပ်မတ်မတ် လမ်းကျဉ်းကလေးများ ဆင်ခြေလျှောလမ်းကျဉ်းကလေးများစွာကို ဖြတ်သန်းလာပြီးသည့်နောက်မှာတော့ အမျိုးသားအဆောင် တစ်ဆောင်ကို သူမ တွေ့လိုက်ရတော့လေ၏။

အဆောင်က ပြင်ပအသွင်အပြင် ကြည့်လိုက်ရုံနှင့် အထဲမှာ အတော်ကြပ်ကြပ်တည်းတည်း နေထိုင်ရမည်မှန်း သိသာလွန်းသည်။ နံရံတွေက အေးစက်စိုစွတ်ပြီး ဆေးသားများကွာကျနေ၏။

စိုစိုထိုင်းထိုင်းနှင့် အနံ့အသက်ကလည်း မကောင်း။

ယောကျ်ားသုံးလေးယောက်လောက် အသံကြောင်များနှင့် သီချင်းဆိုကာ ဖြစ်သလို ချက်ပြုတ်နေသည်ကိုလည်း သူမ အဝေးက တွေ့မြင် နေရသည်။

သူမ သက်ပြင်းအသာယာချလိုက်ရင်း ...

"ဟို ဒီအဆောင်မှာ အက်ခန်ရှိသလားမသိဘူး။ ရုပ်သံဌာနမှာ



အလုပ်လုပ်တဲ့ ဒါရိုက်တာလေ"

"အက်ခန် .. အက်ခန်၊ နေဦး မေးကြည့်လိုက်ဦးမယ်"

အနုပညာသမားတစ်ယောက်အတွက်ဒီနေရာ ဒီပတ်ဝန်းကျင်ဒီကလူတွေနဲ့ သူဘယ်လိုများ ဖန်တီးမှုတွေ ပုံဖော်လုပ်ဆောင်နေပါလိမ့်။

တကယ်မလွယ်။

အနံ့အသက်မကောင်း၊ အေးချမ်းဆိတ်ငြိမ်ခြင်းမရှိ၊ လူဗြောက်သောက်နှင့် အက်ခန်ဘယ်လိုများ ရပ်တည်ရှန်းကန်နေရပါလိမ့်။

"အဲ အက်ခန်ဆိုတာ ဒါရိုက်တာပေါက်စကို ပြောတာလား"

စုံစမ်းပေးသည့်လူက အထဲဝင်သွားပြီး သိပ်မကြာ ပြန်ထွက်လာကာ ထိုသို့ဆိုလေတော့ သူမခေါင်းကို တွင်တွင်ညိတ်ပြလိုက်ရသည်။

"သူမရှိတော့ဘူးဗျ အဆောင်က ထွက်သွားပြီ"

"ရှင်"

အက်ခန်အတွက် သူမရင်ပူသွားရပြန်သည်။ ဘုရားရေ သူမကိုလည်း ဘာမှ မတိုင်ပင်ပါလား။ ဘာမှလည်း မသိရပါလား။

"သူ ဘယ်သွားမယ်ပြောသွားလဲ"

"ဘာကိုမှ ပြောမသွားဘူး သူဟာသူ ထွက်သွားတာ"

"သဲလွန်စ နည်းနည်းလောက်များ မရနိုင်ဘူးလား"

အမျိုးသားက သူမကို စူးစိုက်စွာ တစ်ချက်ကြည့်လိုက်ရင်း

"ဘယ်ထွက်သွားလဲဆိုတာ ကျွန်တော် ပြောမပြနိုင်ပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



သူ့အဆောင်မှာ နောက်ဆုံးနေထိုင်ခဲ့တဲ့ အခြေအနေတွေကိုတော့ ကျွန်တော် သိသလောက် ပြောပြနိုင်ပါတယ်”

“ဟုတ်ကဲ့ ပြောပြပါ”

“စိတ်ကျနေပုံပဲ ဘယ်သူနဲ့မှ သိပ်စကားမပြောဘူး ဘယ်သူနဲ့မှ သိပ်မရောဘူး အလုပ်ပြုတ်လာတယ်လို့လည်း သိရတယ်”

“ဟုတ်ကဲ့ အဲဒီကိစ္စ ကျွန်မသိပါတယ်”

“ကျွန်တော်တို့လည်း အဲလောက်ပဲသိတာ။ သူက အေးပါတယ်။ ခုထိ အဆောင်မှာ သူရှိနေတယ်လို့ပဲ ထင်နေတာ။ ခင်ဗျားလာမေးလို့ အဆောင်မှူးဆီ သေသေချာချာသွားမေးမှ သူအဆောင်ကထွက်သွားမှန်းသိတော့တယ်”

“အဆောင်မှူးနဲ့ ကျွန်မ ခဏဝင်တွေ့လို့ရမလား”

“အဆောင်မှူးက အဆောင်ဖွင့်လာတာ အံတိုနေပြီဗျ။ ဘယ်လူမှုရေးကိစ္စမှ သူခေါင်းထဲထည့်မထားဘူး။ အရင်တုန်းက အဆောင်မှာ ကေ့(စ်)တွေဘာတွေတက်ရင် သူဝင်ပါရတာတွေ ခေါင်းခံရတာတွေ ရှိဖူးတယ်။ နောက်တော့ ဒီလူက နပ်သွားတယ်။ ဘယ်ကိစ္စမဆို လွတ်အောင် ရှောင်တယ်။ အဲဒီလူမှာ နှလုံးသားကို မရှိတော့တာ။ ကျွန်တော့်ကို စကားပြောတာကမှ ခင်ဗျား စကားပြန်ရဦးမယ်။ အဆောင်မှူးဆီ လိုက်သွား။ ခင်ဗျားဘာစကားတစ်ခွန်းမှ မကြားစေရဘူး။ ဘယ်အပြင်လူကိုမှလည်း သူထွက်မတွေ့ဘူး”

“ဪ ...”

ကိစ္စက ပြတ်ရောပေါ့။



လေဟာနယ်တစ်ခုလို ရင်ထဲမှာ ကွက်လပ်များစွာနှင့် အဆောင်ကနေ သူမပြန်လာခဲ့ရလေတော့သည်။

အက်ခန် ...။

ရှင်နဲ့ပတ်သက်ပြီး ကျွန်မသတင်းကောင်းသာ ကြားပါရစေနော်။

ဘယ်လို အခက်အခဲပြဿနာတွေနဲ့ပဲ ကြုံကြုံ ကျွန်မတို့နှစ်ယောက်ရဲ့ နောက်ဆုံးညကလို ရှင် တည်တည်ငြိမ်ငြိမ်နဲ့ ပြဿနာတွေ ဖြေရှင်းနိုင်ပါစေကွယ်။

■

www.burmeseclassic.com

www.burmeseclassic.com

## (12)

"အား"

အသံထွက်ပြီး မရေရွတ်မိပေမယ့် ရင်ထဲကနေ သူကြောက်လန့်တကြား အော်မိလိုက်ခြင်းပါ။ မျက်လုံးကိုမှိတ် ခေါင်းကိုခါယမ်းပြီး နောက်တစ်ကြိမ် ပြန်ကြည့်မိတော့ မြင်ကွင်းက အရင်လို မဟုတ်တော့ သာမန်မြင်ကွင်းတစ်ခုဖြစ်လို့နေ၏။

အက်ခန်ဟာ အစိမ်းရောင်တောက်ပနေသည့် မျက်လုံးပိုင်ရှင်လူများကို နေရာအနှံ့မှာ မကြာခဏဆိုသလို တွေ့တွေ့နေမိသည်။ အစိမ်းရောင် တောက်တောက်မျက်လုံးတွေနဲ့ဆိုတော့ လူတွေဟာ လူတွေနဲ့လည်းမတူ။ ဒါကြောင့် ထိုသို့အဖြစ်မျိုးကြုံတွေ့ရတိုင်း မျက်လုံးကိုမှိတ် ခေါင်းကို ခါးယမ်းပစ်လိုက်ပြီး သေချာအောင် နောက်တစ်ကြိမ် ပြန်လည်ကြည့်ရှုရပြန်သည်။ အဲဒီတော့လည်း အစိမ်းရောင်မျက်လုံးများက အရောင်ပြောင်းသွားကြပြန်သည်။

နောက်ထပ်တစ်ခါ အက်ခန့်စိတ်ထဲမှာ စိုးရွံ့စိတ်တစ်ခုလည်းရှိသေး၏။ အဆောင်က သူ့ရဲ့ ခပ်ကျဉ်းကျဉ်းအခန်းလေးမှာ အပေါ်ထပ်



မှာမို့ ထပ်ခိုးနှင့်နီးသည်။ တစ်ခါတစ်ရံ ထပ်ခိုးမှာ အောင်းနေသည့် ခိုညည်းသံများကို ကြားရသည်။ တစ်ခါတစ်ရံ အတောင်ပံခတ်သံ တစ်ခါတစ်ရံ ထပ်ခိုးကျဉ်းကျဉ်းလေးထဲမှာ ငှက်တွေ အချင်းချင်း ဗိုလ်လုရန်ဖြစ်နေသော တောင်ပံခတ်သံများက ခြောက်ခြားဖွယ်ရာလည်း ကောင်းလှ၏။

နောက်တော့ အက်ခန်ဟာ သူ့ရဲ့ စိုးရွံ့အားငယ်စိတ်များကို တစ္ဆေတစ်ကောင်အသွင် ဖန်တီးပစ်လိုက်ပြီး တစ္ဆေညည်းသံ၊ တစ္ဆေတစ်ကောင်ရဲ့ ခြေသံစသဖြင့် ထင်ယောင်ထင်မှား ဖြစ်လာသည်။

"အနုစား စိတ်ပိုင်းဆိုင်ရာ ဝေဒနာတစ်ခုပါ။ ခင်ဗျားရဲ့ ငယ်ဘဝနဲ့ စပ်ဆက်နေလိမ့်မယ်လို့ ထင်တယ်။ ခင်ဗျားရဲ့ ငယ်ဘဝကို ကျွန်တော့် ကို ပွင့်ပွင့်လင်းလင်း တိုင်ပင်ပါ'

ဆေးခန်းတစ်ခုအတွင်းမှ စိတ်ရောဂါဆရာဝန်ကြီးရဲ့ အမိန့်ပေးဟန်ဆန်သည့် ကြည်လင်နူးညံ့သည့် စကားတစ်ခွန်း။

သူလည်းချောင်းဝမှာ တစ်ခုခု တစ်ဆို့သလို ခံစားလာရသည်။ တံတွေးကို အနိုင်နိုင်မျိုချပစ်ရသည်။ ဘယ်ကနေ စ ပြောရမလဲ။ ဒါတွေ မေ့ထားခဲ့တာကြာပြီပဲ။

"ကျွန်တော့်အဖေမှာ ပရော့စတိတ်ဂလင်းနဲ့ဆိုင်တဲ့ ရောဂါတွေရှိပါတယ်ဆရာ"

"ဟင်"

ထင်မှတ်မထားတဲ့ အဖြေတစ်ခုကြောင့် စိတ်ရောဂါဆရာဝန်ကြီး တည်တည်ငြိမ်ငြိမ်နှင့်ပင် မျက်ခုံးပင့်တက်သွားရချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ပရော့စတိတ်ဂလင်းဆိုတာ ဆေးပညာအရ သုတ်ရည်လွှတ်ပေးသော အကျိတ်ဆိုင်ရာ ရောဂါတစ်ခုပင်။

"ဆောရီး ဒီစကားက ကျွန်တော့်လက်စွဲစကားမဟုတ်ပါဘူး။ ကျွန်တော့်အမေတလျှောက်လုံး ဖြောင့်ချက်ပေးလာတဲ့စကားပါ"

ဆရာဝန်ကြီးက ခေါင်းပဲ တဆတ်ဆတ်ညိတ်ရင်း နားထောင်နေလေတော့၏။

"ကျွန်တော့်တို့ဟာ ဘဝတလျှောက်လုံးမျက်လုံးစိမ်း တွေရဲ့ အကြည့်အောက်မှာပဲ နေခဲ့ကြရတယ်"

"ခုမင်းရဲ့ မိဘအုပ်ထိန်းသူတွေကရော"

"ကျွန်တော် နယ်မြို့လေးတစ်မြို့ကနေ ထွက်ပြေးလာခဲ့တဲ့သူပါ၊ ဒါပေမယ့် ကျွန်တော် မလိမ်တတ်ဘူး အမေ့လို မလိမ်တတ်ဘူး အမေ့လိုလည်း ဟို .. ဟို .. ကျွန်တော် အနုပညာသမားတစ်ယောက်ပါ။ ကျွန်တော် အနုပညာသမားတစ်ယောက်ပါ"

တော်သေးသည်။ ထိုဆေးခန်း၌ပင် သူ့ကို ချုပ်နှောင်ပြီး အရူးထောင်တွေဘာတွေ မပို့ခဲ့ကြ၍။ လူကောင်းပကတိလို ဟန်ဆောင်ရင်း သူဆေးခန်းကထွက်လာတော့ အပြင်က လေကြမ်းအေးအေးများက သူ့ကို ဓါးနှင့်ဝင်ပိုင်းသလို ခံစားရ၏။

ဟင်း မျက်လုံးစိမ်းတောက်တောက်တွေကို ရှောင်ရပေဦးမည်။

"တကယ်တော့ ကျွန်မ ခင်ပွန်းဒေါက်တာပေါ်ပယ်ရီမှာ ပရော့စတိတ်ဂလင်း ဝေဒနာရှိပါတယ်။ ရှင်တို့ရဲ့ စွပ်စွဲချက်တွေဟာ လုံးဝ အခြေအမြစ်မရှိပါဘူး"



ဘဝတလျှောက်လုံး ကြားခဲ့ရတဲ့ မိခင်ဖြစ်သူရဲ့ အလိမ်အညာစကား။

အက်ခ်နဲဟာ ခေါင်းကို သွက်သွက်ခါယမ်းပြီး ခပ်သုတ်သုတ်ကလေး လမ်းလျှောက်လာခဲ့တော့ ပန်းခြံတစ်ခုရဲ့ မုခ်ဦးဝနား ရောက်လာခဲ့သည်။

"ဟင် …"

သူ ဘာရယ်မဟုတ် မိုးဇမ်ကို သတိရသွားမိ၏။

မိုးဇမ်ဟာ သူ့ဘဝကို ကယ်တင်ဖို့ ဆိုက်ကိုနည်းမျိုးစုံ သုံးနေတဲ့ မိန်းကလေးတစ်ယောက်မှန်း အက်ခ်နဲသိပါသည်။

ခုလည်း ပန်းခြံမုခ်ဦးဝမှာ တွေ့လိုက်ရတဲ့ ဗန်ရန်ဖင်းနဲ့ ရှင်မေယာရုပ်ထု တစ်စုံကြောင့် အက်ခ်နဲ သူမကို ဖျက်ကနဲ သတိရသွားမိခြင်းပါ။

မိုးဇမ်ဟာ သူ့ကို Documentary တစ်ခုရိုက်ခိုင်းထားသည်။ တကယ်တော့ မိုးဇမ်ဟာ win -win solution ကို ကျင့်သုံးနေသည့် အလွန်ပါးနပ်လိမ္မာသော မိန်းကလေးတစ်ယောက်ပါ။ အောင်မြင်မှုလမ်းမဆီ အက်ခ်နဲကို တွန်းပို့နေသလို တစ်ဖက်မှာလည်း အချစ်အတွက် အဆိပ်သောက်သေသွားသည့် ဒဏ္ဍာရီလာ အချစ်သူရဲကောင်းများရဲ့ လွမ်းမိုးမှုကို မခံရစေဖို့ public ကို အသိပေးလှုံ့ဆော်လိုသူ တစ်ယောက်ပဲ။

သူ ဘာရယ်မဟုတ် ဗန်ရန်ဖင်းနဲ့ ရှင်မေယာ ရုပ်ထုဆီ ထိုးကပ်လာခဲ့မိသည်။ အဆိပ်သောက်ပြီးသည့်နောက် ချစ်သူနှစ်ဦး တင်းတင်း

www.burmeseclassic.com

www.burmeseclassic.com



ကျပ်ကျပ် မွှေ့ဖက်ကာ သေခြင်းတရားကို ရဲရဲရင့်ရင့် ရင်ဆိုင်နေဟန်ရှိသည့် ရုပ်ထုနှစ်ခု။

မိုးဇမ်ကတော့ ဒီလိုရုပ်ထုတွေ လူထုကြားထဲ နေရာယူနေခြင်းက မစ်ရှုယာမှာ suicide လုပ်မှု မြင့်တက်နေမှုနှင့် များစွာဆက်စပ်မှုရှိကြောင်း သုံးသပ်ပြောဆိုခဲ့ပါသည်။

ကြေကွဲနေသည့် ရှင်မေယာရဲ့ မျက်လုံးအစုံမှာ ရုတ်တရက်အစိမ်းရောင် တောက်ပသွားချိန်မှာပဲ သူ ထိုပန်းခြံထဲက ထွက်ပြေးလာခဲ့ရသည်။

အဲဒီညက သူအရက်မူးအောင် သောက်ခဲ့သည်။

အဲဒီညက ကြိုးတုတ်တုတ်တစ်ချောင်းနှင့် ဓါးတစ်လက်ဝယ်ခဲ့သည်။

အဲဒီညမှာပဲ မော်တော်ဘုတ်တစ်စီးကို စျေးမတန်တဆ ပေးငှားကာ အိုနိုင်ယန်ကျွန်းသို့ သူထွက်လာခဲ့သည်။

အဲဒီညမှာပဲ …။

■

(13)

သမုဒ္ဒရာထဲက လှိုင်းလုံးကြီးများက ခုပင် ကျွန်းပိစိကွေးလေးကို ဝါးမြိုတော့မတတ် ဒေါသတကြီး ရိုက်ပုတ်လျက်ရှိချေသည်။

ကျွန်းကလေးမှာ ဆောင်းတွင်း၏ ကြမ်းတမ်းလွန်းလှသည့် ရာသီဥတုနှင့် ရောမလှိုင်းလုံးကြီးများ၏ ဒဏ်ကို တိတ်တဆိတ် အံကြိတ် ရင်ဆိုင်နေရသည်။

မနက်မိုးလင်းလျှင် ဒီကျွန်းကလေး မရှိတော့မှာကိုတောင် စိုးရိမ်နေရသည်။ သို့သော် စိတ်မပူပါနှင့်။ ကျွန်းကလေးဟာ သူနည်းသူ့ဟန်နှင့် ပင်လယ်ရဲ့ဒဏ်ကို အန်တုခံလာခဲ့သည်မှာ နှစ်သန်းပေါင်း မနည်းတော့ပါ။

မကြာခင် ချစ်စရာကောင်းသည့် ကျွန်းကလေးဆီသို့ အရက်မူးနေသည့် လူတစ်ယောက် မော်တော်ဘုတ်ပေါ်မှဆင်းကာ ဒယီးဒယိုင် တက်လာသည်။

ကျွန်းကလေးဟာ ဒီလိုမူမမှန်သည့်လူများ သူ့ဆီရောက်လာခဲ့ခြင်းများ အပေါ်လည်း ရိုးလို့နေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



လူငယ်က အတော့်ကို အရက်မူးနေ၏။ သူ၏ ခြေလှမ်းများက ဒယီးဒယိုင်။ သူဟာ ကျွန်းကလေးရဲ့ တောအုပ်ကလေးဆီ ချီတက်လမ်းလျှောက်သွားလေ၏။

သူ့အတွေးအာရုံထဲမှာလည်း အဆိပ်သောက်သေသွားသည့် ဆိုကရေးတီး၊ ဟစ်တလာ၊ နောက်ပြီး မိမိကိုယ်ကို ကျေနပ်စွာ သတ်သေသွားကြသည့် Kurt Cobain (အမေရိကန်အဆိုတော်၊ တေးရေးဆရာ၊ ဂစ်တာသမား)၊ ရုပ်ရှင်မင်းသားချော Ross Alexanden စကော့အဆိုတော် Stuart Adamson တို့ကို တလှည့်စီ မြင်ယောင်နေမိသည်။

တကယ်တော့ သေခြင်းတရားဆိုတာ ဘာမှကိုမဟုတ်။

လွန်ခဲ့တဲ့ တစ်ပတ်နှစ်ပတ်လောက်ကပင် သူနှစ်သက်သဘောကျခဲ့သည့် ဟာသမင်းသားကြီး ရော်ဘင်ဝီလီယံ ကိုယ့်ကိုယ်ကို သတ်သေသွားခဲ့ပြီ မဟုတ်ပါလား။

သစ်ပင်အမြင့်တစ်ခုကို တွေ့၍ သူ့မှာပါလာသည့် ကြိုးကို ထိုသစ်ပင်ရဲ့ ကိုင်းတစ်ခုဆီ ပစ်တင်ပစ်လိုက်သည်။

သစ်ကိုင်းမှာ မြင့်လွန်းနေ၍ သူမှီအောင် မတင်နိုင်ချေ။

"ဟာကွာ … တောက်"

ကျွန်းကလေးရဲ့ရာသီဥတုမှာ အတော်ကိုဆိုးရွားနေ၏။ -3°C ရှိသော်လည်း အရက်မူးအောင်သောက်ထားတဲ့ လူငယ်လေးတစ်ယောက်ဖို့ အချမ်းဒဏ်ကို ခံနိုင်ရည်ရှိနေသည်။

သူဟာ ဒီလိုပဲ သစ်ကိုင်းတွေရှိရာဆီ ကြိုးကို ပစ်တင်ကြည့်နေသည်။ များသောအားဖြင့်ကတော့ ထိုသစ်ကိုင်းတွေဆီရောက်အောင် သူမပစ်နိုင်။



တစ်ကြိမ်မှာတော့ သူပစ်လိုက်သည့် သစ်ကိုင်းမှာမှီ၍ သွားရသည်။

သို့သော် ကြိုးက တို၍နေ၏။

"ဟာကွာ တောက် ဒီလိုမှန်းသိရင် ကြိုးကို ရှည်ရှည်ဝယ်ခဲ့မိပါတယ်"

ဒါဆို hanging လုပ် (ကြိုးဆွဲချ) ဖို့ အစီအစဉ်ကို သူလက်လျှော့ လိုက်ရတော့မည်လား။

ဒီကျွန်းပေါ်အထိတောင် ရောက်လာခဲ့ပြီးမှတော့လေ။ မစ်ရှူယာကိုလည်း မပြန်ချင်တော့။

သူလက်ထဲမှာ ဓါးတစ်ချောင်းတော့ ရှိသေးသည်။

သူဟာ လရောင်အောက်မှာ ဝင်းပသွားသည့် ဓါးမြှောင်တစ်လက်ကို သွေးအေးစွာ စိုက်ကြည့်ကာ ပြုံးလိုက်ရင်း။

"Gun Shot, Poision, hanging (သေနတ်ပစ်၊ အဆိပ်သောက်၊ ကြိုးဆွဲချ) ဒီသုံးမျိုးကိုပဲ လူတွေ အသုံးချပြီး သေသွားကြတာများတယ်။ ငါ့အတွက် အဲဒီနည်းက အဆင်မပြေတော့လည်း cutting (လှီးဖြတ်ခြင်း)ပဲ သုံးရတာပေါ့။ အေးဆေးပါ"

ဒီလိုနဲ့ လူရွယ်လေးဟာ သူ့ရဲ့ လက်ကောက်ဝတ်သွေးကြောရှိရာဆီသို့ ဓါးနှင့်လှီးချလိုက်၏။

သွေးတွေက တစ်စက်ချင်း ကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူကတော့ သစ်ပင်ခြေရင်းမှာ ထိုင်ရင်းသစ်ပင်ကို မှီကာ မှိန်းနေလိုက်၏။

ဒီညမှာ ဒီလိုလုပ်ဖြစ်လာလိမ့်မယ်လို့ သူကြိုတင်အစီအစဉ်ချ မထားမိပါချေ။

သို့သော် တခါတရံ ကြိုတင်မစီစဉ်ဘဲ လုပ်မိတဲ့အလုပ်တွေက ကြိုတင်အကွက်ချပြီး လုပ်တဲ့အလုပ်တွေထက် ပိုတာသွားကြောင်း ယခု လုပ်ရပ်နှင့်ပင် သူယုံကြည်သွားရချေပြီ။

ရာသီဥတုက ပို၍ ခိုက်ခိုက်တုန်လာသည်။ အိုခိုင်ယန်ကျွန်းကလေးရဲ့ ညတာအပူချိန်ဟာ -3ºC ကနေ -8ºC ထိ တမဟုန်ချင်းထိုးကျသွားလေပြီ။

သူဟာ မစ်ဇူဟာက ဝတ်လာခဲ့သည် လောင်းကုတ်ထူထူကြီးကို ချွတ်ပစ်လိုက်ရင်း သေမင်းကို အလောတကြီး အော်ခေါ်နေလေတော့၏။

အားလုံး ဂွတ်ဘိုင့်ပါ။

ကျွန်တော် နှုတ်ဆက်ခဲ့ပါတယ်။

ကျွန်တော့်ကို အားလုံးနဲ့ ဝေးရာဆီ ထွက်ပြေးလွတ်မြောက်ခွင့် ပေးသနားလှည့်ပါ။

■

(14)

ခနိုမိုးအပေါက်အပြဲများကြားက တိုးဝင်လာတဲ့နေရောင်နုနုက သူ့နဖူးစပ်ဆီ ပူနွေးနွေးကျရောက်လာချိန်မှာ သူ သတိလစ်မေ့မျောနေရင်းမှ ပြန်လည် သတိရလာသည်။

“ဟင် ...”

သူခေါင်းတွေ နောက်ကျိနေတာတော့သိ၏။ သို့သော် မနေ့ညက ဘာတွေဘယ်လိုဖြစ်ခဲ့သည်ဆိုတာကိုတော့ဖြင့် သူချက်ချင်းသဘော မပေါက်နိုင်။ မနေ့ညက သူ အရက်တွေ အလွန်အကျွံသောက်ပြီး အိုခိုင်ယန်ကို ထွက်လာခဲ့သည်။ ဟုတ်တယ်။ Hanging လုပ်မလို့ သစ်ကိုင်းတွေပေါ် ကြိုးပစ်တင်ရာ မမှီ၍ လက်ကောက်ဝတ် သွေးကြောပြတ်သွားစေရန် ဓါးနှင့်လှီးခဲ့သည်။ ဒါလည်း ဟုတ်တယ်။

ဒါဆို မဟုတ်တာက ဘာလဲ။

ဒီနေရာက နောင်တမလွန်ဘဝရဲ့ မြင်ကွင်းတော့ ဟုတ်ဟန်မတူ။

www.burmeseclassic.com

www.burmeseclassic.com



လူနေတဲတစ်လုံးဆီ ရောက်နေပုံရသည်။ ငါးဖမ်းသည့် ပိုက်ကွန်များ၊ ဖုန်အလိမ်းလိမ်းတက်နေသည့် ငါးဖမ်းကိရိယာများနှင့် အပေါက်အပြဲတွေများလွန်းလှသည့် တဲအမိုးအကာကို သူမြင်နေရ၏။

သူကတော့ ခပ်စုတ်စုတ် ကုတင်ကလေး တစ်လုံးထက်မှာ စစ်စောင်ထူထူအဟောင်းကြီး ခြုံလျက်နှင့် …။

"ကောင်လေး … သတိရလာပြီလား"

"ဟင် …"

သူ့နံဘေးမှာ ထိုင်နေသည့် အဘိုးအိုတစ်ယောက်ကို မြင်ရ၍ သူအံ့အားတသင့်နှင့် …

"ကျွန်တော် ဘယ်ရောက်နေတာလဲ"

"အဘိုးရဲ့ တဲထဲကိုလေ"

"ကျွန်တော် မသေခဲ့ဘူးလား"

အဘိုးအိုက ပြုံးရင်း ခေါင်းယမ်းပြလေ၏။

"လောကကြီးမှာ ကိုယ်သေချင်တိုင်းလည်း သေခွင့်မရဘူးလေကွယ် မင်းဟာ တကယ် ကံကောင်းတဲ့ကလေးတစ်ယောက်ပါ"

သူက သူ့ရဲ့လက်ကောက်ဝတ်ကို မယုံကြည်သလို ကြည့်လိုက်မိစဉ်မှာပင် အဘိုးအိုမှာ သူ့အဖြစ်ကို ရိပ်မိသွားရကာ …

"မနေ့ညက သိပ်အေးတာ ခလေးရဲ့၊ -8°C လောင်ရှိတယ်။ ဒါကြောင့် မင်းလက်ကောက်ဝတ်က စီးနေတဲ့ သွေးတွေခဲပြီး ဒဏ်ရာမှာ သွားပိတ်သလို ဖြစ်သွားတာ။ နောက်ပြီးမင်းခန္ဓာကိုယ်က ကိုယ်ခံအားကလည်း မြင့်တယ်နဲ့တူပါရဲ့။ ဒီလောက် ကြမ်းတမ်းတဲ့



ရာသီဥတုကို အံတုနေနိုင်ခဲ့တယ်"

"ကျွန်တော် ဘယ်လိုလုပ်ပြီး ဒီတဲထဲ ရောက်လာခဲ့တာလဲဟင်"

"မင်း သတိလစ်ပြီး သစ်ပင်တစ်ပင်အောက်မှာ ငုတ်တုတ်မေ့နေတာ။ အဘိုးတွေ့လို့ မင်းကိုပွေ့ထူပြီး ခေါ်လာခဲ့တာ"

"ဟင် …. အဘိုးက … ကျွန်တော့်ကို"

ပိန်လှီသေးကွေးလွန်းလှသည့် အဘိုးအိုကိုကြည့်ပြီးသူ အားနာသွားရလေပြီ။ သေချာတယ် ဒီအဘိုးဟာ သူ့ကို လွယ်လင့်တကူတော့ ချီပိုးပြီး သယ်လာနိုင်ခဲ့ပုံမပေါ်။ အတော့်ကို ခက်ခက်ခဲခဲနဲ့ သူရှိတဲ့ ခွန်အားကလေးနဲ့ သယ်လာခဲ့နိုင်၍သာ ဒီတဲထဲရောက်လာခဲ့ရပုံ ပေါ်သည်။

"ကဲ …. အဲဒါတွေ ထားလိုက်စမ်းပါကွာ၊ ရော့ ဒီမှာ တစ်ဖွန်းလောက် သောက်လိုက်ဦး"

အဘိုးအိုမှာ သူ့နှုတ်ခမ်းနားသို့ ဇွန်းတစ်ချောင်းထိုးပေးလာရာ သူပါးစပ်ဟပေးလိုက်ရသည်။

ချိုမြိန်နွေးထွေးလှသည့် စွပ်ပြုတ်ရည်က အေးတိအေးစက် သူ့ခံတွင်းဝထဲ ထိုးဝင်သွားရလေပြီ။

နွေးထွေးလွန်းလှသည့် သူစိမ်းတစ်ယောက်ရဲ့ မေတ္တာတရား။

"ကောင်းလှချည်လား အဘိုး၊ အဲဒါ ဘာစွပ်ပြုတ်လဲဟင်"

"တူနာငါးကို ကျပ်တိုက်ပြီးမှ စွပ်ပြုတ်ချက်ထားတာ

www.burmeseclassic.com

www.burmeseclassic.com



သောက် … ခလေး၊ အရမ်းအားရှိတယ်၊ သစ်ဥ သစ်ဖုတွေပါ ထည့်ပြုတ်ထားလို့ အရမ်းလည်း ဆေးဘက်ဝင်တယ်”

“သြော် …”

အဘိုးအိုက နောက်ထပ် ငါးစွပ်ပြုတ်တစ်ဖွန်းသူ့ကို တိုက်ပြန်သည်။

ရင်ထဲနွေးကနဲ … နွေးကနဲ။

မစ်ရှုယာမှာ မရခဲ့သည့် နွေးထွေးသော မေတ္တာတရား အကြည်ဓါတ်ကလေးကို အိုခိုင်ယန်ရဲ့ မနက်ခင်းမှာ မျက်လုံးဖွင့် လိုက်သည်နှင့် ရရှိလာသည်မှာ ထူးဆန်းဖွယ်ကောင်းပေစွ။

“ဒီမယ် ခလေး”

“ဗျာ”

“မနေ့ညက မင်းဟာ ကိုယ့်ကိုယ်ကို သက်သေဖို့ ကြိုးစားခဲ့ပုံရတယ်။ ဒါပေမယ့် မသေခဲ့ဘူး။ ထားလိုက် … သေသွားပြီလို့ သဘောထားလိုက်။ အိုခိုင်ယန်ကျွန်းပေါ်က နေ့ရက်တွေကို နောင်ဘဝရဲ့ နေ့ရက်တွေလို့ သဘောထားပြီး ဘဝကို အသစ်က ပြန်စကြည့်ပါ ခလေး။ မင်းဟာ တက်ကြွဖျက်လတ်ဆဲ ခွန်အားဗလ ကောင်းတဲ့ လူငယ်လေးတစ်ယောက်ပါ။ မင်းကို အဘိုးမဆုံးရှုံး ချင်ဘူး”

သူဘာပြန်ပြောရတော့မည်မှန်းကို မသိတော့ …။

သူ့အသက်ကို တန်ဖိုးထားပြီး ကယ်တင်ပေးခဲ့သည့် အဘိုးအိုရဲ့ စကားကို လွယ်လွယ်နဲ့လည်း မငြင်းပယ်ပစ်ချင်။



“မင်းနာမည် ဘယ်လိုခေါ်လဲ ခလေး ..”

“အဂီနီ …”

သူတမင်သက်သက် နာမည်လွှဲပြောလိုက်ခြင်း ဖြစ်လေသည်။

‘အက်ခန်’ဟာ မနေ့ညကပဲ သေဆုံးခဲ့ပြီး မဟုတ်ပါလား။ ဒီနေ့မနက်မှာတော့ ‘အဂီနီ’ ဆိုတဲ့နာမည်နဲ့ လူတစ်ယောက်အဖြစ်သာ သူရှင်သန်ပစ်လိုက်ချင်သည်။

ဒါဟာ အဘိုးအို စောစောကပြောတဲ့ ဘဝကို အသစ်က ပြန်စကြည့်ပါဆိုတဲ့ ဆိုက်ကိုတစ်ခုကို သူကောင်းကောင်း အသုံးချပစ် လိုက်ခြင်းပါ။

“အဘိုးနာမည်လည်း မှတ်ထားပါ။ ကမ်းမူတွန် … တဲ့”

တဲရဲ့ ထောင့်တစ်နေရာမှာ ယောင်းနွမ်းပြီး ဖုန်တက်နေတဲ့ ဂစ်တာတစ်လက်ကို သူတွေ့ရ၍ …

“အဘိုးက ဂစ်တာတီးတတ်သလား”

“အရင်ကပါ …. မေ့နေတာကြာပြီ”

“ဂစ်တာက ရိုးရိုးဟော်လိုဂစ်တာမှ မဟုတ်ဘဲ၊ ဂျက်ထိုးတဲ့ အပေါက်တစ်ပေါက်ပါ တွေ့တယ်။ ဒီရွာမှာ စတိတ်ရှိုးတွေဘာတွေ လုပ်ဖူးကြသလား”

အဘိုးက သူ့စကားကြောင့် ဟက်ဟက်ပက်ပက် ရယ် လိုက်ရင်း …

“ဟိုး … တုန်းကပါကွယ် … ဟိုးတုန်းကပါ၊ အိုခိုင်ယန်

www.burmeseclassic.com

www.burmeseclassic.com



ကို မစ်ရှယာက လူတွေလာပြီး suicide မလုပ်ခင်ကာလကပေါ့။ ရှာမှာ ပျော်ပွဲရွှင်ပွဲတွေလုပ်ခဲ့အခါ ဆောင်းဘောက်တွေ အန်ပလီဖိုင်ယာတွေနဲ့ ဂစ်တာကို ပျိုင်းပြီး တီးကြမှုတ်ကြဆိုကြတယ်ပေါ့”

“သြော် …”

သူလှဲနေရာမှာ ဘာရယ်မဟုတ် ဖြည်းညင်းစွာ ထပြီး ဂစ်တာလေးကို ကြည့်ရှုလိုက်တော့ ….

“အဘိုးဂစ်တာက ကြိုးတစ်ချောင်းပြတ်နေတယ်”

“ဟုတ်တယ် … ခြောက်ကြိုးပြတ်နေတာကြာပြီ။ ဒီရွာမှာ ဂစ်တာကြိုးရောင်းတဲ့ဆိုင်မရှိဘူး၊ တစ်ရက် မြို့ရောက်မှ ဝယ်ရမယ်၊ မတီးလည်း မတီးဖြစ်ကြတော့ပါဘူး”

“သြော် …”

“ကဲ … စွပ်ပြုတ်ကလေးကို ကုန်အောင်သောက်ပြီး တရေးတမောအိပ်စေချင်သေးတယ် အဂီ။ အဘိုးကတော့ နေ့လည်စားဖို့ နောက်ဖေးစိုက်ခင်းမှာ အသီးအရွက်တွေ သွားခူးဦးမယ်”

ဒီတော့မှ အဘိုးလမ်းလျှောက်ပုံကို သူသတိထား မိလေတော့၏။

“အဘိုးခြေထောက်က ဘာဖြစ်တာလဲ”

“မင်းကို မနိုင်မနင်း ထမ်းပိုးသယ်ယူလာတုန်း လမ်းမှာ ခြေထောက်ကို ငုတ်စူးမိကာ”

“ဗျာ …”

သူ မည်မျှစိတ်မကောင်းဖြစ်သွားမည်ဆိုတာ စဉ်းစားကြည့်



ကြပါတော့။ မိမိရဲ့ မိုက်ရူးရဲ လုပ်ရပ်တစ်ခုကြောင့် အဘိုးကြီးခမျာ အိုကြီးအိုမနှင့် ဒုက္ခရောက်ရရှာတော့၏။

“အဲ … ဟာ … အဘိုးခြေထောက်မှာ သွေးတွေစီးကျနေတယ်ဗျ”

“ဆေးရွက်စည်းထားပါတယ်။ စိတ်မပူပါနဲ့။ မကြာခင် ပြန်ကောင်းသွားပါလိမ့်မယ်”

စည်းထားတဲ့ ပတ်တီးကြားမှ ယိုစိမ့်ထွက်နေသည့်သွေးများက မြင်မကောင်း။

“မဟုတ်တာဗျာ အဘိုးထိုင်နေပါ။ အဘိုးဘာလုပ်ချင်သလဲ။ ကျွန်တော်လုပ်ပေးပါ့မယ် ပြော၊ အခု အဘိုးဘာဖြစ်ချင်သလဲ အဘိုးဆန္ဒ”

“အဘိုးဆန္ဒက …”

“ ဟုတ်ကဲ့ …”

“မင်းနောက်တစ်ကြိမ် … suicide ထပ်မလုပ်ဖို့ပါပဲ”

“… … … …”

“… … … …”

“… … … …”

■

www.burmeseclassic.com

www.burmeseclassic.com

## (15)

~ယီယီ ~ အီ … အီ … အိုအို
~ယိုင် ~ယိုင် ယိုင် ~ရန် ~ ယာ ယာ ~ ရေ ~ အေ အေ ~
~ အို ~ယီး ~ယီး ယီး ~ယီး ~

စစရွတ်ဆိုညည်းစဉ်က ကျောထဲစိမ့်နေအောင် သူကြောက်နေမိသည်။ လိပ်ပြာမလုံသဖြင့် နောက်ဘက်ကိုလည်း မကြာခဏ လှည့်လှည့်ကြည့်မိလေသည်။ မိမိနောက်ကျော နောက်မှာ 'ဘွား'ကနဲ တစ္ဆေတစ်ကောင်များ ရောက်နေလေမလားရယ်နှင့် …။

နောက်တော့ ထိုသို့ ရွတ်ဆိုရသည်ကို မကြောက်တော့ပဲ ရယ်ချင်လာလေတော့၏။

အခုတော့သူဟာ အဘိုးကြီးသင်ပေးထားသည့် ဝိဉာဉ်ဖမ်းတေးသွားကို တည်တည်ငြိမ်ငြိမ်ရွတ်ဆိုရင်း မနက်တိုင်း ပြုလုပ်နေကျ အဘိုးကြီးအလုပ်တွေကို ကိုယ်စားဝင်၍ လုပ်ကိုင်လာနိုင်လေပြီ။

"တကယ် ကူညီချင်တယ်ဆိုရင် အဘိုးကို တစ်ခုကူညီပါ။



အဂီ။ ခြေထောက်မှာ ညှောင့်စူးထားတဲ့ ဒဏ်ရာကြောင့်အဘိုး မနက်ဖြန်မနက် ကျွန်းတပတ်လမ်းလျှောက်နိုင်မှာမဟုတ်ဘူး၊ အဘိုး ရောက်မလာရင် ဝိဉာဉ်တွေ ဆောက်တည်ရာမဲ့ ကုန်ကြလိမ့်မယ်၊ အဂီ နားလည်အောင် ရှင်းပြရမယ်ဆိုရင်"

အဘိုးကြီး ရှင်းပြသဖြင့် သူ့ကိစ္စတော်တော်များများ နားလည်သဘောပေါက်သွားရလေတော့၏။

သူ … ယခုကဲ့သို့ ဝိဉာဉ်ဖမ်းတဲ့တေးသွားရွက်ဆိုကာ လက်တစ်ဖက်မှလည်း အမွှေးရနံ့တွေ တလူလူ တလွင့်လွင့် ထွက်နေသည့် သံပခြုပ်ကလေးကိုင်ပြီး ပရဟိတ တာဝန်ထမ်းဆောင်နေသည်မှာ တစ်ပတ်လောက်တော့ရှိနေချေပြီ။

အဘိုးကမ်မှုတွန်၏ ညှောင့်စူးဒဏ်ရာမှာ သက်သာသလောက်ဖြစ်နေပြီဖြစ်သော်လည်း အဘိုးကို ကျွန်းတစ်ပတ်တော့ သူ လမ်းမလျှောက် စေချင်သေး။

အဲ … ဟိုမှာ လူတစ်ယောက် .. ကျောက်တုံးတစ်တုံးမှာ စမတ်ကျကျ ထိုင်နေလေ၏။

"ဟေး …"

သူအော်ခေါ်ကြည့်သည်။ ထိုသူက နောက်လှည့်ကြည့်ဖို့ မပြောနှင့်။ တုပ်တုပ်မျှမလှုပ်။

"ဟေး …"

သူ ထိုသို့ အော်ခေါ်ရင်း ထိုသူနှင့် မျက်နှာချင်းဆိုင် လိုက်သည့်အခါ …

www.burmeseclassic.com

www.burmeseclassic.com



"အာ ...."

ငုတ်တုပ်ထိုင်လျက်နှင့် သေဆုံးနေပြီဖြစ်သော လူတစ်ယောက်။ အသားအရေက ခရမ်းရောင်သန်းလျက်ရှိပြီး မျက်လုံးဟောက်ပက်ပင် ဖြစ်နေလေပြီ။

သူ .... ထို အလောင်းကောင်ကို ထမ်းပိုးလျက် ရွာရဲ့တစ်ခုတည်းသော သုသာန်သို့ သယ်လာခဲ့သည်။ နောက်တော့ အဘိုးကမ်မူတွန် လုပ်ဆောင်နေကျအတိုင်းထိုသူနဲ့ ပတ်သက်သည့် သဲလွန်စအချက်အလက်များ ရှိသလား ရှာကြည့်၊ ရှိပါက သိမ်းထားကာမီးရှို့သဂြိုလ်ပြီး အရိုးပြာအိုးမှာ စောစောက အချက်အလက်ဒေတာကိုကပ်၍ သိမ်းဆည်းပေးထားသည်။

သူဟာ အဲဒီလိုနဲ့ အိုခိုင်ယန်မှာ အလွန်သိမ်မွေ့သော သုဘရာဇာတစ်ယောက်ဖြစ်မှန်းမသိ ဖြစ်လာ၏။

မိုးဇမ်က သူ့ကိုစိတ်ခွန်အား မြှင့်တင်ပေးလိုသည့်အနေနှင့် ဗန်ရန့်ဖင်းနဲ့ ရှင်မေယာအကြောင်း documentary ရိုက်ဖို့ အကြံပေးခဲ့ဖူးသည်။ သူ၏မသိစိတ်က မိုးဇမ်စကားကို ဆန့်ကျင်ပြီ အချစ်သူရဲကောင်းနှစ်ယောက်ရဲ့ လုပ်ရပ်ကို အားကျကာ သတ်သေရန် အိုခိုင်ယန်သို့ ထွက်လာခဲ့မိလေတော့၏။

တဖန် အိုခိုင်ယန်သို့ ရောက်လေသောအခါ သတ်သေရမယ့်အစား အကြောင်းအမျိုးမျိုးကြောင့် သေဆုံးသွားကြတဲ့ လူသေအလောင်းတွေကို ကောင်းမွန်စွာ သဂြိုလ်မြှုပ်နှံဖို့ ဝိညာဉ်တွေသန့်ရှင်းစွာ လွတ်မြောက် ကျွတ်တန်းဝင်နိုင်ကြစေဖို့ ပြန်ကူညီပေးရပြန်သည်။



လူ့ဘဝသည် ဆန်းကြယ်လွန်းပေစွ။

မနက်မိုးလင်းသည်နှင့် လူသေအလောင်းကောင်များ တွေ့ရလေမလားဆိုတဲ့ စိုးရိမ်မှုက အဘိုးဆီမှ သူ့ဆီ ကူးစက်လာခဲ့သည်။ လူသေအလောင်းကောင်များ မတွေ့ရသည့်နေ့ဆိုလျှင် သူပျော်နေမိသည်။

တစ်ခါတစ်ရံ သစ်ပင်ခပ်မြင့်မြင့်တွေမှာ hanging လုပ်သွားကြသည်။ အလောင်းကောင်များကို သူခဲရခဲဆစ် တက်ဖြုတ်ရသည်။

သူ့အလုပ်က ကြမ်းတမ်းလာသလောက် သူ့စိတ်နှလုံးသားက နူးညံ့သိမ်မွေ့၍ လာခဲ့လေ၏။

အိုခိုင်ယန်ဟာ သီးခြားကမ္ဘာတစ်ခုပါပဲ။

ဒီနေရာမှာ စည်းကမ်းကလန့်ားတွေမရှိ၊ ယှဉ်ပြိုင်မှုတွေမရှိ၊ အလုပ်လက်မဲ့ ပြဿနာတွေမရှိ။

ပို၍ ထူးခြားသည်မှာ သူထင်ယောင်ထင်မှား ဖြစ်လေ့ရှိသည်။ မျက်လုံးစိမ်းတောက်တောက်တွေကို အဘိုးကမ်မူတွန်ဆီမှာ 'ဖျတ်' ကနဲဆို၍ပင် မတွေ့မမြင်ရချေ။

အံ့ဩဖွယ် ကောင်းပေစွ။

■

www.burmeseclassic.com

www.burmeseclassic.com

(16)

ရုတ်တရက် အဘိုးဆီသို့ ဖုန်းဝင်လာသည်။

အဘိုးကမရှိ။ ငါမျှားထွက်သွား၍ တဲထဲမှာ သူတစ်ယောက်တည်းသာ ကျန်နေရာ၊ အဘိုးဖုန်းကို ကောက်ကိုင်လိုက်ချိန်မှာတော့ ....

"Surprise !!! ... သီချင်းတစ်ပုဒ်လောက် ဆိုပြချင်ပါတယ်"

ဟင် ... ဘယ်သူလဲဟ၊ တစ်ဖက်က မိန်းကလေးတစ်ယောက်ရဲ့ ချိုချိုလွင်လွင်အသံကလေး၊ သူ အင်းမလုပ် အဲမလုပ်နဲ့ တိတ်ဆိတ်နေစဉ်မှာပဲ ဂစ်တာတီးခတ်သံကလေး စတင်ကြားလိုက်ရသည်။

~ ~ ကောင်းကင်ဘုံမရှိဘူးလို့ စိတ်ကူးကြည့်စမ်း ~ မင်းယုံကြည်ရင် ဖြစ်နိုင်ပါတယ်လေ ~ တို့ ခြေဖဝါးအောက်မှာ ငရဲဘုံ မရှိဘူး ~ ~ တို့ အထက်မှာရှိတာ ကောင်းကင်ကြီးပဲလေ ~ ~ လူတွေအားလုံး ဒီနေ့အတွက် နေထိုင်ရှင်သန်ကြတယ်လို့



မြင်ယောင် ကြည့်စမ်းပါ။

အင်္ဂလိပ်ဟာ ဖုန်းထဲက မိန်းကလေးရဲ့ သီချင်းသံမှာ မျောလွင့်သွားရလေပြီ။ ဒီသီချင်းကို သူမသိရှိရိုးလား။ ဘီးတယ်လ်(စ်) အဖွဲ့ထဲက ကမ္ဘာကျော်အဆိုတော် John Lennon ရဲ့ "Imagine" သီချင်းလေးပဲ။

~နိုင်ငံရယ် နယ်နမိတ်တွေရယ် မရှိဘူး စိတ်ကူးကြည့်စမ်းပါ~ ခက်ခက်ခဲခဲ ရန်းကန်စရာမလိုတော့ဘူးပေါ့~ ဘာသာကြောင့်နဲ့မှ သတ်စရာ၊ အသေခံစရာမလိုဘူးပေါ့ ~~ဘာသာကွဲပြားမှုတွေလည်း မရှိကြတော့ဘူးပေါ့~ လူတွေအားလုံး ငြိမ်းငြိမ်းချမ်းချမ်းနေထိုင်ကြပြီလို့ ~မြင်ယောင်ကြည့်လိုက်စမ်း ~~

မိန်းကလေးရဲ့ သီချင်းသံကြောင့် သူ့ရင်တစ်ခုလုံး အေးမြငြိမ်းချမ်းသွားရလေတော့သည်။ သူဟာ အခုအချိန်အထိ အဘိုးကမ်မှုတွန် ရိုက်ဖမ်းပြီး ကောင်မလေးသီချင်းကို ရသလောက် နားထောင်နေမိ၏။

~ငါဟာစိတ်ကူးယဉ်သမားတစ်ယောက်လို့ မင်းပြောနိုင်ပါတယ် ~ဒါ ... ငါတစ်ယောက်တည်း မဟုတ်ဘူးနော် ~တနေ့မှာ မင်းလည်းတို့နဲ့ ပူးပေါင်းလာလိမ့်မယ် မျှော်လင့်မိပါရဲ့ ~~ ကမ္ဘာကြီးက တသွေးတသားတည်း ဖြစ်လာနိုင်မှာပေါ့ ~~

သူ နစ်နေအောင် ပြုံးနေမိ၏။

ဆိုပါဦး မိန်းကလေးရယ် .. ဆိုပါဦး။

တဖက်ကမိန်းကလေးဟာ နားနဲ့ပုခုံးကြားမှာ ဖုန်းကိုညှပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဂစ်တာတီးကာ ခက်ခက်ခဲခဲ သီဆိုနေရပုံပေါ်သည်။

မျက်လုံးထဲမှာ သူမရဲ့ အသွင်အပြင်ကလေး မြင်ယောင်လာမိ၏။ ဘယ်လောက်များတောင် ချစ်စရာကောင်းလိုက်မလဲကွယ်။

~ စည်းစိမ်ဉစ္စာတွေရယ်လို့ မရှိဘူး မြင်ယောင်ကြည့်စမ်းပါ။ မင်းလုပ်နိုင်ခဲ့ရင် ကိုယ်အံ့သြရမှာလေ လောဘနဲ့ ဆာလောင်မှုတွေ လည်း မလိုအပ်တော့ဘူးပေါ့~ ညီအစ်ကိုရင်း မောင်နှမတွေလို~ လူတွေအားလုံး မျှဝေခံစားကြမယ်လို့ ~ မြင်ယောင်ကြည့်စမ်း ~~

မိန်းကလေးတစ်ယောက် သေသေသပ်သပ် ဂစ်တာတီးပြီး သီချင်းဆိုထားတာကို အစအဆုံး Liveနားထောင်ဖူးတာဆိုလို့ ဒါ ပထမဆုံးပင်။

ဖုန်းကနေတဆင့် ဆိုပြနေတာမို့ ရင်ခုန်ဖို့လည်း ကောင်းလေသည်။

သီချင်းတစ်ပုဒ်လုံးပြီးဆုံးသွားတော့မှ သူကလေသံ တိုးတိုးလေးနှင့်

"အရမ်း နားထောင်လို့ ကောင်းပါတယ်"

"ရှင် .."

တဖက် မိန်းကလေး မည်၍မည်မျှ အံ့သြသွားမည်ကို သူခန့်မှန်းသိရှိနိုင်၍ သူရယ်ပဲ ရယ်နေမိတော့သည်။

"ရှင်က ဘယ်သူလဲ ... အဘိုးရော"

"ကမ်မှုတွန် ငါးမျှားထွက်သွားတယ်ကွ၊ ကိုယ်က သူနဲ့



အတူနေနေတဲ့သူ"

"ကမ်မှုတွန်က အရင်က တစ်ယောက်တည်းနေတာပါ"

"ဟုတ်တယ် ... ကိုယ်အခု သူနဲ့အတူ လာနေနေတာ အဘိုးဆီ မင်းဖုန်းဆက်တာ သီချင်းဆိုဖို့ တစ်ခုတည်းလား။ ကိုယ် ဘာမှာ ပေးရမလဲ"

"ဒီသီချင်းလေး ဆိုဖြစ်တော့ ဘာရယ်မဟုတ်ဘူး အဘိုးကို သတိရသွားလို့လေ။ အိုနိုင်ယန်မှာ အဘိုးရဲ့ မွန်မြတ်တဲ့ အလုပ်တွေကို ကျွန်မက သိထားပြီးတဲ့ လူတစ်ယောက်ဆိုတော့ ..."

"ဪ .."

"ရှင်ကရော .. အဘိုးနဲ့နေပြီး အဘိုးလုပ်တဲ့အလုပ်တွေကို ကူညီပေးသလား"

"အဘိုးကိုယ်စား ကိုယ်အခုလုပ်ပေးနေပါတယ်၊ အဘိုးက ခြေထောက်ညှောင့်ရှူးထားလို့ လမ်းဝေးဝေးမလျှောက်နိုင်ဘူး"

တဖက်မိန်းကလေးက သူ့စကားကြောင့် အဘိုးကို စိတ်ပူသွားဟန်နှင့်

"အို ... အဘိုးကတော့ ဖြစ်ရမယ် ကျွန်မ အဲဒီလိုဖြစ်မှာ အဘိုးအတွက်သိပ်စိုးရိမ်တာပဲ။ သူ့အသက်ရှည်မှ အိုနိုင်ယန်ကျွန်းက လှပမှာလေ၊ သူဘာကြောင့် ညှောင့်ရှူးရတာလဲ။ ဒဏ်ရာ အခြေအနေ ကရော"

တဖက် မိန်းကလေးက စကားပြော ဖော်ရွေပုံရသည်။

အဘိုးဆီဖုန်းဆက်သွယ်တယ်ဆိုပေမယ့် မလျှော်လင့်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



သူမနဲ့အဂ် စကားစမြည်ပြောဖြစ်လာကြ၏။

"သက်သာနေပါပြီ သူဘာကြောင့် ညှောင့်ရှူးသွား ခဲ့ရသလဲဆိုတော့ ကျွန်တော့်ကြောင့်ပါ။ ကျွန်တော့်ကို ကယ်တင်ပေးရင်းနဲ့ အဘိုး ထိခိုက်ဒဏ်ရာရခဲ့တာ"

"ဘုရားရေ ရှင် … ရှင်က"

"ဟုတ်ပါတယ် Suicide လုပ်ဖို့ဆိုပြီး အိုခိုင်ယန်ကို ထွက်လာခဲ့မိပါတယ်။ ဒီရောက်တော့ လုပ်တာမအောင်မြင်ခဲ့ဘူး။ သတိလစ်နေတုန်း အဘိုးက ကယ်တင်ပေးပြီး သူ့တဲထဲ ကျွန်တော့်ကိုယ်ကို မနိုင့်တနိုင်နဲ့ ဆွဲအခေါ်မှာတင် ခြေထောက်ဒဏ်ရာရခဲ့တာပါ"

"နေဦး … စောစောကပြောတော့ ရှင်က အဘိုးရဲ့ ကယ်ဆယ်ရေးအလုပ်တွေကို အဘိုးကိုယ်စားဝင်လုပ်ပေးနေတယ်လို့ ပြောတယ်နော်"

"ဟုတ်ပါတယ် … အဘိုးက ကျွန်တော့်ကို ထပ်မလုပ်ဖို့ ကတိတောင်းထားပါတယ်။ အဘိုးလမ်းကောင်းကောင်း မလျှောက်နိုင်တဲ့ ကာလအတွင်း အဘိုးကိုယ်စား အဘိုးအလုပ်တွေ ဝင်လုပ်ပေးရင်းနဲ့ ကျွန်တော်ကယ်တင်ခြင်းနဲ့ သုဘရာဇာအလုပ်ကို အရမ်းမြတ်နိုးသွားမိပါတယ်ဗျာ"

"အို … ကြားရတာ ဝမ်းသာစရာကောင်းလိုက်တာ။ ဒါပေမယ့် ရှင် Road to Heaven လမ်းကလေးကိုတော့ တတ်နိုင်သလောက် မသွားပါနဲ့နော်"



သူပြုံးရင်းသာ ခေါင်းညိတ်လိုက်မိသည်။

နွေးထွေးတဲ့ မေတ္တာတရားကို ပေးတဲ့အဘိုးနဲ့ အမှတ်မထင်ဆုံဆည်းရင်းကနေ မိန်းကလေးတစ်ယောက်ရဲ့ ပွယန်ပေးခြင်းတွေကြောင့် သူနွေးနွေးထွေးထွေးခံစားလိုက်ရ၏။

■

www.burmeseclassic.com

www.burmeseclassic.com

(17)

"သူ့နာမည်က ဟန် ဆိုလား … သူ့ကိုသိပေမယ့် နာမည်တော့ မေ့နေပြီ"

"အဘိုးက သူနဲ့ ဘယ်မှာစရင်းနှီးတာလဲ ….."

"ဒီကျွန်းကို သူလာသွားရင်းကနေ ရင်းနှီးသွားတာ ဖြစ်ချင်တော့ သူ့အမေရဲ့ အရိုးပြာအိုးကို ဒီကျွန်းမှာ မထင်မှတ်ဘဲ သူတွေ့သွားပြီး ငါ့ကိုအရမ်းခင်သွားတာ၊ တခါတရံ ဖုန်းဆက်တတ်ပါတယ်"

"ဪ .."

အဘိုးက အဂီကို ပြုံး၍သာ ကြည့်နေလေတော့၏။

အဂီ … ဟန့်အကြောင်းမေးနေသည်မှာ ဒီတစ်ခါပါနဲ့ဆိုဆယ်ခါပင်မကတော့။

"သူက ဘာလုပ်တာတဲ့လဲ အဘိုး၊ အပီး … စပ်စုကြည့်တာ"

"ဂီတဆရာမဆိုလား၊ ဂစ်တာအတီးသင်ပေးတဲ့ ဆရာမ ဆို



လား"

"သူ ဆိုပြသွားတဲ့သီချင်းက တော်တော်လေးမိုက်တယ်၊ အပီး ကျွန်တော်တော် သူ့ဆီတပည့်ခံချင်လာပြီ"

"မင်းစိတ်ဝင်စားနေပြီ မဟုတ်တား ချည်းကပ်ကြည့်ပေါ့ အဂီ"

"သူ သူက လှလားဟင်"

အဘိုက အဂီစကားကြောင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ရင်း

"ချောတယ်ကွ သတ္တိလည်းကောင်းတယ် ရူးစမ်းလိုစိတ်လည်းရှိတယ် ဒီကျွန်းကို သူတစ်ယောက်တည်း လှေလာရေး ဆင်းလာတာလေ၊ သူ့မှာ စိတ်ဓါတ်ပျော့ညံ့တဲ့ လက္ခဏာလုံးဝ မတွေ့ရဘူး မင်းလို လူငယ်လေး တစ်ယောက်ပါပဲ"

"ဪ .."

အဘိုးရဲ့စကားနှင့်ပင် သူပင့်(ခ်)ကို ခင်တွယ်သွားရလေတော့၏။

"အဘိုး ဟိုဟာလေ သူ့ဆီ ပြန်ဖုန်းဆက်ပါလား"

အဘိုးက ခေါင်းတစ်ချက်ယမ်းလိုက်ပြီး

"သူ့ဟာသူ ခေါ်လိမ့်မယ် ငါ့မှာ ပိုက်ဆံမရှိဘူး"

အေးရော ပြတ်ရော။

ဟုတ်တော့လည်း ဟုတ်သည် မစ်ရှူယာနဲ့ အနီးတဝိုက်ကျွန်းကလေးတစ်ကျွန်းမို့ ဆက်သွယ်ရေးကိရိယာတွေ သုံးစွဲခွင့်ရှိသော်လည်း ဒီကျွန်းမှာက လူနေကလည်းနည်း၊ ပိုက်ဆံကလည်း အဓိက

www.burmeseclassic.com

www.burmeseclassic.com



မကျပေ။

အချိန်တန်ရင် ငါးမျှား၊ အချိန်တန်ရင် စိုက်ခင်းထဲက အသီးအရွက်တွေခူး၊ ခြံထဲဆင်း ကြက်ဥလိုက်ကောက်နှင့် ဒီကျွန်းကလူတွေဟာ ငွေကိုလည်း တပ်မက်ကြတော့သည့်ပုံမပေါ်၊ အဘိုးရဲ့ ဖုန်းကတ်ဟာလည်း ပိုက်ဆံတပြားမှ လက်ကျန်မရှိတော့ဘဲ တစ်ဖက်က ခေါ်ဆိုမှုကိုသာ လက်ခံနိုင်သော ဖုန်းတစ်လုံးဖြစ်နေပြီမို့ ပန်၏ ပြန်အဆက်ကိုသာ သူမျှော်နေရတော့၏။

ဒီလိုနဲ့ တစ်ချိန်မှာတော့ ပန်က ဖုန်းပြန်ခေါ်လေသည်။ သူ့မှာတော့ အဘိုးဘေးနား ထိုင်နေရမှာ မရိုးမရွနှင့်။

အဘိုးနှင့်စကားတွေ ပြောကြ၏။

တစ်ခါတစ်ရံ အဘိုးက သူ့ဘက်လှည့်ပြီး 'အင်း အေး' နှင့် ပြောကာရယ်ပြတတ်သည်။

ကေန္တ သူ့အကြောင်းတွေ ဖောက်သည်ချနေတာ ဖြစ်နိုင်၏။

ဒီလိုနဲ့ သူထင်မှတ်မထားတဲ့ တစ်ချိန်အရောက်မှာတော့ အဘိုးက …

"အဂီ မင်းကို ပန်က စကားပြောချင်လို့တဲ့"

သူခါတ်လိုက်သွားသလိုတောင် ခံစားလိုက်ရ၏။

"ဟ … ဟလို"

"အဂီလား"

"ဟုတ်ပါတယ် … ပန်နော်"

"ရက်(စ်) .. ကျွန်မရှင့်ကို အကူအညီတစ်ခုလောက် တောင်း



ချင်လို့"

"ဘာများလဲ"

"အဘိုးက အခု သူ့ခြေထောက်တွေက ပြန်ကောင်းသွားပြီဆိုတော့ မနက်ဆို သူ့အလုပ်သူ ပုံမှန်ပြန်လုပ်နေပြီမဟုတ်လား"

"ဟုတ်ပါတယ်"

"မနက်ခင်းတိုင်း အဘိုးဟာ ဝိညာဉ်ဖမ်းတေးသွားကို သီဆိုသလိုပဲ ညခင်းဘက်ရောက်တဲ့အခါ အိုခိုင်ယန်ကျွန်းကလေးအတွက် ရှင် သီချင်းတစ်ပုဒ်လောက် ဆိုပြမလား"

"ဗျာ"

"ကျွန်မ ဆိုလိုတာက ဒီလိုပါ၊ ရှင်တို့တဲထဲမှာ ဂစ်တာတစ်လုံး ရှိတယ်မို့လား"

"ကြိုးတစ်ချောင်းပြတ်နေတယ်ဗျ"

"ပြတ်တဲ့ကြိုးက ခြောက်ကြိုးမဟုတ်လား ကြိုးအကြီးပြတ်တာ သိပ်ကိစ္စမရှိပါဘူး။ 'တစ်ကြိုး' မပြတ်ရင်ပြီးတာပဲ"

"နေပါဦး ကိုယ်မှ ဂစ်တာမတီးတတ်ဘဲ"

"ကျွန်မ သင်ပေးမှာပေါ့"

"ဟင် အိုခိုင်ယန်ကို ပန်လာမလို့လား"

"ဖုန်းထဲကနေ သင်ပေးမှာပါ"

"ဗျာ …."

သူနည်းနည်းတော့ စိတ်လေသွားရပြန်သည်။

"အဘိုးနဲ့ ကျွန်မအားလုံးတိုင်ပင်ပြီးပါပြီ အဂီ၊ ရှင်တို့ ကျွန်း

www.burmeseclassic.com

www.burmeseclassic.com



ကလေးမှာက နေစွမ်းအင်အပူကနေ လျှပ်စစ်ယူလို့ရတဲ့ စနစ်ရှိပါတယ်။ ဂစ်တာတစ်လက်နဲ့ အသံချဲ့စက်တွေ စပီကာတွေရှိတယ်လို့လည်း အဘိုးကပြောတယ်။ လိုနေတာက သီချင်းဆိုပေးမယ့်လူ၊ အဲဒီ လူအတွက် ရှင့်ကို ကျွန်မ ရွေးချယ်ချင်တယ်"

"ဟောဗျာ ဘာအခပွဲပါယ်နဲ့ ကိုယ်က သီချင်းဆိုပေးရမှာလဲ"

"အိုနိုင်ယန်ကို ညဘက်တိတ်တိတ်ကလေး ထွက်လာပြီး Suicide လုပ်တဲ့သူတွေရှိတယ်မို့လား ဥပမာ ရှင်ဆိုပါစို့၊ Suicide လုပ်မယ့်သူတွေ စိတ်ပြောင်းသွားအောင် ဂီတနဲ့ ကုစားသင့်တယ်လို့ ကျွန်မထင်တယ်။ ကျွန်းတစ်ကျွန်းလုံး ကြားနိုင်လောက်တဲ့ အသံစနစ်ကို အဘိုးက တာဝန်ယူပေးလိမ့်မယ်"

"နေပါဦး မင်းကရော NGOအဖွဲ့ဝင်ထဲကလား။ စေတနာ့ဝန်ထမ်းတစ်ယောက်ပဲလား"

"ကျွန်မက ဂီတဆရာမပါ။ အဘိုးကြောင့် ကျွန်မအမေရဲ့ အရိုးပြာအိုး ပြန်တွေ့ခဲ့ရတယ်လေ။ ရှင်လည်း အဘိုးကို ကူညီပေးနေသလို ကျွန်မလည်း အဘိုးကို ကူညီပေးချင်ရုံသက်သက်ပါ"

"မင်းစိတ်ဓါတ်ကလေးက မွန်မြတ်သားပဲ"

"ကဲ အချိန်မရှိဘူး သွား ... စောစောက ရှင်ပြောတဲ့ဂစ်တာယူလာခဲ့"

"ဗျာ ..."

"ယူခဲ့ဆိုယူလာခဲ့စမ်းပါ"

■

(18)

ဘယ်လောက်တောင် ရယ်စရာကောင်းလိုက်တဲ့ အဖြစ်အပျက်တစ်ခုပါလဲ။

ဂစ်တာတစ်လုံးကို ဟန်ကျပန်ကျ မတီးတတ်သေးခင် ခြောက်ကြိုး အဲလေ ငါးကြိုးစလုံး ညီအောင်အညှိမှာတင် သူနှင့်ပန် ဖုန်းထဲကနေ တိုင်ပတ်လျက်ရှိချေ၏။

"နားထောင်ကြည့်စမ်းပါ၊ ဒါ (တစ်)ကြိုးရဲ့ open string အသံမှန်"

"တင်း (အင်း) ...."

"ရမလား"

ဖုန်းထဲကနေ ပန်တီးပြလိုက်တဲ့ အသံကို သူသေချာနားစွင့်ကြည့်ရင်း သူ့ဂစ်တာရဲ့ (တစ်)ကြိုးကို အတိုးအလျှော့လုပ်ကြည့်၏။ ပန်မှာ earing အတော်ကောင်းပုံရသည်။ အသံဟာ ဘယ်နားရောက်နေမှန်း သူမသိ၏။ ဖုန်းထဲမှဖြစ်နေသည့်အတွက် key pad ကို သူမလက်နဲ့ လာရွှေ့မပေးနိုင်သည်ကလွဲပြီး အမှား/အမှန်အားလုံး

www.burmeseclassic.com



သူမသိနေသည်။

"အဲဒီအသံမဟုတ်ဘူး အဲဒီ အသံမဟုတ်ဘူး အကိရဲ့၊ ကြိုးက တော်တော်ကြီးကို တင်းထားတာ။ ဆက်မတင်းလိုက်နဲ့နော် ဖြည်းဖြည်းချင်းလျှော့ (တစ်)ကြိုး ပြတ်ထွက်သွားလို့မရဘူး။ ဖြည်းဖြည်းချင်း စိတ်ထိန်းပြီးလုပ် အိုကေ ရှင်လုပ်နိုင်ပါတယ်"

ဒီလိုနဲ့ ဂစ်တာ (တစ်)ကြိုးဟာ 'တင်း'၊ 'တန်း ..' 'တွမ်း'၊ 'တင်း (အင်း)' နှင့် နောက်ဆုံးမှာတော့ သူမလိုချင်သည့် အသံမှန်တစ်ခုသို့ ရောက်သွားလေတော့၏။ တစ်ရက်နှင့်တော့မဟုတ် 'တစ်' ကြိုးလေး အသံမှန်သွားစေဖို့ သုံးရက်လောက် သူမနှင့်သူ တိုင်ပတ်သွားကြလေတော့သည်။

"အိုကေ အဲဒီအသံက အသံမှန်ပဲ မှတ်ထားနော် အဲဒီအသံကို E လို့ ခေါ်တယ်။ ဒီတစ်ခါ (နှစ်)ကြိုးကို try မယ်။ တစ်ကြိုးရဲ့ အသံကို ပြန်နားထောင်ပါ။ ပြီးရင် နှစ်ကြိုးကို လက်ကွက် (၅)မှာ ထောက်ပြီး တီးကြည့်ပါ။ အဲဒီအသံဟာ တစ်ကြိုးရဲ့ လွှတ်သံနဲ့ ညီရမယ်။ မညီမချင်း စောစောကလို အတင်းအလျှော့လုပ်ကြည့် အိုကေ ရှင်လုပ်နိုင်ပါတယ်"

ယန်ဟာ သူမရဲ့ စကားမှန်သမျှကို "ရှင်လုပ်နိုင်ပါတယ်" ဆိုတဲ့ စကားလေးအမြဲခံ၍ ပြောတတ်၏။

(နှစ်)ကြိုးညီအောင်လည်း တစ်ရက်နှင့်မရခဲ့ပါ။ ဒီလိုပဲ သုံးလေးရက်လောက် သူမနှင့်တိုင်ပင်ပြီးမှ နှစ်ကြိုးရဲ့ အသံမှန်ကို ရခဲ့ပြန်သည်။



သူဟာ သူမနဲ့ ဖုန်းထဲကနေ ကြာရှည်စွာ မိတ်ခွေဖွဲ့ရမှုအပေါ် သာယာမှန်းမသိ သာယာလာခဲ့သည်။

"ဟုတ်ပြီ အဲဒီအသံဟာ နှစ်ကြိုးရဲ့ အသံမှန် B ပဲ။ သုံးကြိုးကို ဆက် try ကြည့်မယ်။ ဘာမှမခက်ဘူး။ အရင်ပုံစံပဲ။ နှစ်ကြိုးကို လွှတ်ပြီးတီးတဲ့အသံကို မှတ်ထား၊ အဲဒီအသံဟာ သုံးကြိုးရဲ့ လက်ကွက် (၄) ကို ဖိပြီးတီးရမယ့်အသံနဲ့ တူညီရမယ်။ မညီရင် အတင်းအလျှော့လုပ်ပြီး ညှိကြည့်"

အဲဒီလိုနဲ့ ဂစ်တာကြိုးကို အသံမှန်မှန်ညှိနိုင်သည့် အချိန် ရောက်တော့ သူမက စည်းချက်လေးချက်စနစ် 4/4 timming ကို သင်ပြန်သည်။ စ, စချင်းတုန်းကတော့ ဘာတွေမှန်းကိုမသိ။

ဒီလိုနှင့် လအနည်းကြာသွားခဲ့သည်။

"beat ကို အများကြီးမသင်ပါဘူး။ slow go go တစ်မျိုးပဲ သင်မယ်။ ရှင်နဲ့ စအတွေ့မှာ ဆိုပြခဲ့ဖူးတဲ့ imagine သီချင်းလေး တစ်ပုဒ်ပဲ ပိုင်နိုင်အောင် သင်ပေးမယ်။ အဲဒီသီချင်းလေးကို ညဘက်မှာ ရှင်ဆိုနိုင်သလောက် ဆိုပေးရမယ်။ ကျွန်မထင်တယ်လေ ရှင်လွှအသက် တော်တော်များများကို ကယ်တင်ပေးနိုင်လာလိမ့်မယ်"

သူပြုံးရင်း ငြိမ်သက်သွားရပြန်သည်။

"ကျွန်မပြောတာ ကြားရဲ့လား အကိ"

"ကြားပါတယ် ကိုယ်ပြုံးမိသွားတာ မင်းမမြင်လိုက်လို့ပါ။ တကယ်တော့ imagine သီချင်းကို သီဆိုသွားတဲ့ အဆိုတော် John Lennon ဆိုတာလည်း Gun shot နဲ့ သေနေ့မစေ့ခင် သေဆုံးခဲ့ရတဲ့

www.burmeseclassic.com

www.burmeseclassic.com



သူပဲ မဟုတ်လား”

“အဲ”

သူမ ဖြေရကျပ်သွားလေ၏။

ဟုတ်တယ် သေခြင်းတရားဆိုတာ လူသားအားလုံးနဲ့ လက်တကမ်း အကွာအဝေးမှာပါလား။

“လူတွေအားလုံး ဒီအချက်ကို သတိထားမိကြရင် ကောင်းမယ်”

■

(19)

အိုမိုင်ယန်ရဲ့ နာမည်ကျော် Road to Heaven လမ်းကလေးဆီသို့ လူစိမ်းတစ်ယောက် ခေါင်းငိုက်စိုက်နှင့် ဝင်လာသည်။

သစ်ပင်ခြုံနွယ်တွေပေါသည့် လမ်းထောင့်ချိုးတစ်ခုကို ရောက်လေတော့ ဆိုင်းဘုတ်တစ်ခုကို သွားၡတွေ့၏။ ဆိုင်းဘုတ်ကလေးမှာ သစ်ပင်ခပ်ကြီးကြီးတစ်ပင်ရဲ့ ပင်စည်ကို ကန့်လန့်ဖြတ်ခွဲပြီး လုပ်ထားသဖြင့် ဖတ်ချင်စဖွယ်ကောင်းနေလေ၏။

*If life gives you lemons, just add vodka*

(John Green)

***ဘဝက မင်းကို သံချဉ်ချဉ်အရသာပဲ ပေးနေတယ်ဆိုရင်***

***ဗော့ကာ (အရက်) ကလေး လောင်းထည့်ပေးလိုက်ပါ***

“ဟင်”

ဖတ်ပြီး လူစိမ်းကြောင်စီစီ ဖြစ်သွား၏။ သူ့ဘဝမှာ ဘာတစ်ခုမှ အဆင်မပြေခဲ့၊ ဘဝက အချဉ်တွေ သံပုရာသီးတွေချည်းသာ ပေးခဲ့သည်။ ဒါကို “ဘာဖြစ်လဲ”အချဉ်ရမှတော့ ဗော့ကာကလေး

www.burmeseclassic.com

www.burmeseclassic.com



လောင်းထည့်လိုက်ရုံပေါ့ဆိုတဲ့ ဖြည့်စွက်အတွေးမျိုး (ဆိုလိုသည်မှာ ထိုဒုက္ခအခက်အခဲနှင့် လိုက်ဖက်မည့် အရာတစ်ခုကို မိမိဘက်က အားဖြည့်လုပ်ဆောင်ကြည့်ဖို့) သူမတွေးမိခဲ့။

ဒီလိုနဲ့ သူ ခေါင်းငိုက်စိုက်နှင့် လမ်းလျှောက်လာစဉ် တစ်နေရာ အရောက်မှာလည်း …

*Someone asked me, "How's life?' I jsut smiled and replied, "she's fine"*

**တစ်ယောက်ယောက်ကများ ငါ့ကို ဘဝဆိုတာ ဘယ်လိုနေသလဲလို့ မေးမြန်းလာခဲ့ရင် ငါက ပြုံးပြုံးလေးနဲ့ ပြန်ဖြေလိုက်မယ် … အေးအေးပါ ….လို့**

လှစိမ်းမျက်လုံးလေး ပုတ်ခတ်ပုတ်ခတ်လုပ်မိပြန်၏။

ဆောင်ပုဒ်ထဲက ခွန်အားတစ်မျိုးက သူ့ဆီ ကူးစက်လာသလို။

ဒီလိုနဲ့ပဲ သူမလှမ်းမကမ်းမှာ ဆိုင်းဘုတ်တစ်ခုကို တွေ့ရပြန်သည်။

*Every night, SOMEONE thinks about you before they go to sleep.*

ဒီဆောင်ပုဒ်မှာတော့ SOMEONE ကို စာလုံးအကြီးများနှင့်သာ ရေးထား၏။ ထိုတစ်စုံတစ်ယောက်ဆိုသူကို လေးနက်မှုအပြည့်နှင့် ဖော်ပြချင်ပုံ ရသည်။

**ညစဉ်တိုင်း တစ်စုံတစ်ယောက်က သူမအိပ်စက်သေးခင် မင်းအကြောင်းကို တွေးလေ့ရှိတယ်**

လှစိမ်းတော်တော် နားလည်ရခက်သွား၏။ ဖြစ်နိုင်ချေတော့ရှိပါတယ်။ သူနဲ့ အနီးအပါးမှာရှိတဲ့ သူမိသားစုဝင်တွေ ပတ်ဝန်းကျင်က



ရုပ်တွေနဲ့ သူ သိပ်သဟဇာတ မတည့်လှပေမယ့် ဟိုအရင် ငယ်ငယ်က ချစ်ခဲ့ဖူးတဲ့ ငယ်ရည်စားလေး သူ့ကို သတိရချင်လည်း ရနေပါလိမ့်မယ်။ ဟုတ်တယ် ဒါ သိပ်ကို ဖြစ်နိုင်ပါတယ်။

လှစိမ်းဟာ ကြေကြေကွဲကွဲနှင့်ပင် ပြုံးမိလေ၏။

ဒီလိုနဲ့ သူဟာ နောက်ထပ် ဆောင်ပုဒ်တစ်ခုကို ထပ်တွေ့ပြန်ပါသေး၏။

*When you make the biggest mistake ever, something good comes from it.*

**အမှားကြီးကြီးကို သင်ကျူးလွန်မိတဲ့အခါတိုင်း၊ အဲဒီကနေ ကောင်းကျိုးတစ်ခုခုဟာ သင့်ဆီရောက်လာတတ်စမြဲပါ။**

လှစိမ်းဟာ Road to Heaven လမ်းကလေးကို အဆုံးအထိ လျှောက်ဖို့ပင် အင်အားသိပ်မရှိတော့ချေ။

အမှားတစ်ခုကို ကျူးလွန်မိတိုင်း ဒါလုပ်ရင် ဒီလိုဖြစ်တတ်တယ်။ နောက်ငါမလုပ်မိဖို့ ဆင်ခြေရလိမ့်မယ်ဆိုတဲ့ ချင့်ချိန်မှုလေး တစ်ခုခုကတော့ ရတတ်စမြဲမဟုတ်လား။

သူ့ရှေ့ဆက်ပြီး မလျှောက်လှမ်းလိုတော့ … သူနောက်ပြန်လှည့်ပြီး လူ့လောကထဲ တစ်ခါလောက်ဖြစ်ဖြစ် ပြန်တိုးဝင်မိချင်ပြန်သည်။

ဒီလိုနဲ့ ခြေလှမ်းတွေကို နောက်ပြန်ဆုတ်ဖို့ သူကြိုးစားစဉ်မှာပင် စာတိုက်ပုံးလှလှလေးတစ်လုံးကို သူထပ်တွေ့ရပြန်သည်။

စာတိုက်ပုံးကလေးမှာ ယခုလိုလည်း ရေးထားပြန်ပါသေး၏။

**ဒီစာတိုက်ပုံးကလေးဟာ ကောင်းကင်ထဲက သင့်ကို ပြန်လည်နှုတ်ဆက်ပေးမယ့် ဆက်သွယ်ရှင်ကလေးပါ**

www.burmeseclassic.com

www.burmeseclassic.com



အထဲမှာ အမှတ်၊ သောယ်နဲ့ အဘိုးကလေးတွေရှိပါတယ်။

သင်မဖြေရှင်းနိုင်တဲ့ပြဿနာ အသက်အရွယ် သင့်ရဲ့အခြေအနေတွေကို ရေးသွားပါ။ အဆိုတ်မှာ သင့်ရဲ့ကျွန်ုပ်တို့ နာမည်လေးရေးပြီး ထားခဲ့ပါ။ နောက်တစ်နေ့ မနက်စောစော ဒီစာတိုက်ပုံးကလေးထဲမှာ သင့်အတွက် ပြန်စာတစ်စောင် ထားရောက်ထားတာကို တွေ့နိုင်ပါပြီ။ အဲဒီပြန်စာဟာ သင့်အသက်အရွယ်အားလုံးကို အပြည့်အဝ ဖြေရှင်းပေးနိုင်မယ့်အကောင်း သင့်ရဲ့ အသက်အရွယ်နဲ့ ဓာတ်ရွှင်မှုတွေကို အကောင်းဆုံး နားလည်နိုင်စွမ်းရှိနိုင်ပါလိမ့်မယ်။

သင့်ပြဿနာကို လုံးဝနားလည်ပေးနိုင်မယ့် ကျွန်တော်တို့ရှိနေတယ်ဆိုတာ သင်လုံးဝမမေ့ပါနဲ့။

"ဟင်"

လှစိမ်းဖတ်ပြီး ချုံးပွဲချကာ အောင်ငိုပစ်လိုက်မိလေတော့သည်။

ထင်မထား။

Road to Heaven မှာ ဒီလို Silent Rescuer (အသံတိတ် ကယ်တင်ရှင်) တွေ ရှိနေလိမ့်မယ်လို့ သူထင်မထား။

မူလက သူရှုယ်ရှုယ်ထားခဲ့သော အခြေအနေတွေအားလုံး ပျက်ပြယ်သွားရလေပြီ။

သူဟာ SHI 41 ဆိုတဲ့ နာမည်ဝှက်ကလေးနဲ့ စာတစ်စောင် ရေးခဲ့ပြီး စာတိုက်ပုံးကလေးထဲထည့်ကာ ပြန်သွားခဲ့လေသည်။

နောက်တစ်ပတ်လောက်ကြာတော့ သူထိုစာတိုက်ပုံးကလေး ရှိရာဆီသို့ ပြန်ရောက်လာလေတော့၏။

တကယ်တော့ သူ့အတွက်ပြန်စာဟာ နောက်တစ်နေ့ မနက် စောစောမှာကတည်းက ဒီစာတိုက်ပုံးကလေးထဲ ရောက်နှင့်နေပြီးသား ပါ။

Reply to SHI 41 ဆိုတဲ့ စာလေးတစ်စောင်ဟာ သူ့အတွက်



ရေနစ်တုန်း တွေ့လိုက်ရတဲ့ ကောက်ရိုးလေးတစ်မျှင်ပါပဲ။

ဒီပြန်စာကို မဖတ်ခင်ကတည်းက သူ့စိတ်တွေ ပြင်ဆင်ခဲ့ပြီးပါပြီ။ သူ့ကို အသံတိတ် ကယ်တင်ပေးသွားတဲ့ အသက်သခင် ကျေးဇူးရှင်ကို လေးစားသမှု ပြုချင်၍သာ ဒီနေရာဆီ သူနောက်တစ်ခေါက် ပြန်ရောက်လာခဲ့ခြင်းပါ။

လှစိမ်းက စာကို ဖောက်ဖတ်၏။

ဖတ်နေစဉ် သူ့မျက်နှာမှာ ပြုံးနေသည်။

ခေါင်းတညိတ်ညိတ်နှင့် မျက်ရည်တို့က တသွင်သွင်စီးဆင်းလျက် ...

ပြန်စာလည်း ဆုံးသွားရော သူဟာ Road to Heaven ရဲ့ ဓည့်သည်တော်မှတ်တမ်းလို့ ခေါင်းစဉ်တပ်ထားတဲ့ သင်ပုန်းဆီ ရပ်လိုက်ပြီး နံဘေးမှာချထားပေးတဲ့ ဆော့ပန်အဖုံးကို ဖွင့်လိုက်ကာ ယခုလို ရင်ဖွင့်ရေးသားခဲ့လေတော့သည်။

မိတ်ဆွေ

သင်တို့ စိတ်ညစ်လာကြတယ်မို့လား ကျွန်တော် ကိုယ်ချင်းစာပါတယ်။ ဒါပေမယ့် သင်တို့ဟာ Road to Heaven လမ်းကို လျှောက်တဲ့အခါ ဆိုင်းဘုတ်လေးတွေကိုတော့ ဆုံးအောင်ဖတ်သွားကြပါဦး။ ပြီးရင် စာတိုက်ပုံကလေးထဲ စာထည့်ပြီး အိမ်ခဏပြန်ကြပါ။

ကျွန်တော်ဟာ Road to Heaven ရဲ့ သေရွာပြန် တစ်ယောက်ပါ။ သတ္တဝါတိုင်း ငြိမ်းချမ်းအေးမြကြပါစေ။

SHI 41

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ရက်တွေ လတွေကြာလာတဲ့အခါ အိုခိုင်ယန်ရဲ့ ရာဇဝင်ဟာလည်း တစ်မျိုးတစ်ဖုံ ပြောင်းလဲလာရလေတော့၏။

■

(20)

“ဟဲလို ”

“ယန် … ယန်လား ဟင်”

သူ့ဘက်က စတင်ပြီး ဖုန်းဆက်သွယ်လာသဖြင့် ယန်တော်တော်အံ့အားသင့်သွားပုံရ၏။

“အဲ အင်္ဂါ ရှင် ကျွန်မဆီ ဖုန်းဆက်တယ်နော်”

“ဆက်ချင်တာ တွေ့စကတည်းကပါ။ အဘိုးက မစ်ဖူယာသွားမယ့်ကျွန်းသားတစ်ယောက်ကိုခုမှ ဖုန်းကတ်ဝယ်ပေးဖို့ မှာလိုက်လို့ အဟီး”

ပြောပြီး သူရှက်ကိုးရှက်ကန်းနှင့် ရယ်မိလိုက်သေး၏။

ယန်နဲ့ စကားပြောရတဲ့ အချိန်တိုင်းဟာ ကမ္ဘာပေါ်မှာ ရှိသမျှသစ်ပင်တိုင်းပန်းတွေ တစ်ပွင့်ပြီးတစ်ပွင့် ပွင့်နေသလို။ စစ်ပွဲတွေလုံးဝ မရှိတော့သလို။ ကမ္ဘာပေါ်မှာရှိသမျှ ကလေးအားလုံး သူတို့ကြိုက်နှစ်သက်တဲ့ မုန့်တွေ တစ်ခုပြီး တစ်ခု စားခွင့်ရနေကြသလိုသူ ထိုသို့ ခံစားနေရ၏။

www.burmeseclassic.com

www.burmeseclassic.com



ပန်ကို သူချစ်မိနေပြီလေ။ သူထင်ထားချက် မလွန်ဘူးဆိုလျှင် ပန်ကို လေးနှစ်သားကလေးတစ်ယောက် သူ့အမေကို တွယ်တာချစ်ခင်သလိုမျိုးကို ချစ်မိနေခြင်းပါ။

ပန်ဟာ သူ့ဘဝရဲ့ သူငယ်ချင်း။ သူ့ရဲ့ ချစ်စရာကောင်းတဲ့ ညီမလေး။ သူ့အပေါ် ဉာဏ်တာနားလည်ပေးနိုင်လွန်းတဲ့ အစ်မတစ်ယောက်၊ သူ့ကို ဆုံးမလမ်းညွှန်ပေးနိုင်တဲ့ မိခင်တစ်ဦးနဲ့ တူနေလေတော့၏။

"အင် .... ရှင်ဟာ သိပ်ကို တော်ပါတယ်ကွယ်"

"ဘာလို့လဲ ပန်"

"ကျွန်မတို့ မစ်ရှယာကနေ အိုနိုင်ယန်သတင်းတွေ အများကြီးကြားနေရပါတယ်။ အိုနိုင်ယန်ဟာ အရင်လို နာမည်ဆိုးနဲ့ မကျော်ကြားတော့ပါဘူး။ တဖြည်းဖြည်း အကောင်းဘက်ကို ဦးတည်နေပါပြီ။ ဒါကို အရမ်းစိတ်သဘောထား နူးညံ့သိမ်မွေ့တဲ့ အတိုးကမ်မူတွန်တောင် မလုပ်နိုင်ခဲ့ပါဘူး။ ရိုင်းနေတဲ့ သမိုင်းကို ယဉ်အောင်သိမ်းသွင်းနိုင်ခဲ့တာ ရှင်ပါ။ ရှင်ရဲ့ သူငယ်ချင်း ဖြစ်ခွင့်ရကာ ကျွန်မ အရမ်းကို ဂုဏ်ယူပါတယ်"

"ကိုယ်ပြောရမယ့် စကားကို ပန်ကပြောသွားတော့ ကိုယ်ဘာဆက်ပြောရမှာမှန်းတောင် မသိတော့ဘူး"

ပြောပြီး သူ့သဘောကျစွာ ရယ်မိတော့ သူမက

"ဘာကိုလဲဟင်"

"တကယ်တော့ ပန်နဲ့သူငယ်ချင်းဖြစ်ခွင့်ရတာကို ကိုယ်က ဂုဏ်ယူနေမိတာပါ။ ကိုယ့်ဘဝကို ပထမဆုံး ပြောင်းလဲပေးနိုင်ခဲ့တဲ့



သူက အတိုးကမ်မူတွန်ပါ။ ဒုတိယတစ်ယောက်က ပန်ပါ။ အဲဒီနှစ်ယောက်မရှိရင် ကိုယ် ရပ်တည်နိုင်လိမ့်မယ် မထင်ဘူး"

"... ... ..."

"ဂီတနဲ့ အသက်ကိုကယ်ဖို့ ပန်အကြံပေးချိန်နောက်ပိုင်းမှာ Road to Heaven ကို ဘယ်လိုပြောင်းလဲပေးရမလဲဆိုတာ ကိုယ်အမြဲစဉ်းစားလေ့ ရှိတယ်။ ကိုယ့်အဲဒီမှာ silent rescue operation (အသံတိတ်ကယ်တင်ခြင်း စစ်ဆောင်ရေး) တွေလုပ်ပေးထားတယ်လေ။ အပြည့်အဝ မဟုတ်တောင် လူ့အသက် လေးပုံ သုံးပုံလောက် ကိုယ် ကယ်တင်ပေးနေပါတယ်"

"ကျွန်မကြားပါတယ်။ ရှင့်ကိုလည်း အရမ်းကို လေးစားအပ်ပါတယ်"

"ဟို ... ပန်"

"အင်း ... ပြော"

"ကျွန်တော့်ကို ချစ်ရော မချစ်နိုင်ဘူးလားဟင် ကျွန်တော် ရည်းစားစကားပြောမယ်ဆိုရင်လေ"

"ရှင် ..."

■

www.burmeseclassic.com

www.burmeseclassic.com

(21)

တကိုယ်တော် one man show က မှောင်ကြီးမဲကြီးထဲ ကျင်းပလျက်ရှိနေသည်။ ထိန့်ထိန့်လင်းနေသည့် မီးရောင်အောက်မှာတော့ ပရိသတ်ဟူ၍ တစ်ယောက်မျှမရှိ။

သို့သော် စတိတ်ပေါ်မှာ သီဆိုနေသည့် အဆိုတော်ကတော့ နည်းနည်းလေးမှ စိတ်မပျက်မိ။ အလင်းရောင်အောက်မှာ ပရိသတ် တစ်ယောက်တစ်လေမရှိဘူးဆိုလင့်ကစား အမှောင်ထုမှာတော့ သူ့သီချင်းသံကို ကြားနေမည့် လူတစ်ယောက်တစ်လေတော့ရှိနိုင်၏။

~ You may say I'm a dreamer ~ But I'm not the only one ~ I hope someday you'll join us ~ and the world will be as one ~

သူ့ခမျာ ဂစ်တာလည်းတီးရ သီချင်းလည်းဆို အမှောင်ထုထဲမှာ အရိပ်လိုလို လှုပ်လှုပ်ရှားရှားဖြစ်သွားသည့် အရိပ်အယောင်များကိုလည်း စတိတ်ပေါ်ကနေ ကြည့်ရှုအကဲခတ်နေရ။

ကောင်းမွန်ပြည့်စုံသော အသံစနစ်များကြောင့် သူ၏ သီချင်းသံ

www.burmeseclassic.com



မှာ တစ်နေရာထဲကနေ ပြင်းထန်စူးရှစွာ ထွက်ပေါ်သကဲ့သို့ ဖြစ်မနေဘဲ အိုင်ဒိုင်ယန်ကျွန်းရဲ့ မည်သည့်နေရာမဆို တူညီသော အသံနှုန်းထားကလေးနှင့် ပျံ့လွင့်လျက်ရှိချေ၏။

~ No need for greed or hunger ~ A brotherbood of man ~ imagine all the people ~ sharing all the world ~

အဲ … အမှောင်ယံမှာ ရှိုးတိုးရိပ်တိတ် အရာတစ်ခုကို သူ တွေ့လိုက်ရသဖြင့် သီချင်းသီဆိုခြင်းကို ခတ္တခဏရပ်လိုက်ကာ …

“အလင်းရောင်အောက်ကို ဝင်လာခဲ့ပေးပါလားဗျာ .. ကျွန်တော်တို့ စကားပြောကြရအောင်”

စင်ပေါ်ကနေ မိုက်နှင့် သူလှမ်းအော်လိုက်ခြင်းပါ။

“ကျွန်တော့်ကို မကြောက်ပါနဲ့ ကျွန်တော်ဟာ လွန်ခဲ့တဲ့ သုံးလေးလလောက်တုန်းက ခင်ဗျားတို့လို အကြံအစည်တွေနဲ့ အိုဒိုင်ယန်ကျွန်းကို ညဘက်ကြီး တက်လာခဲ့တဲ့သူပါ”

လှုပ်ရှားနေသည့် အရိပ်မှာ ရုတ်တရက် ငြိမ်ကျသွားရလေပြီ။

“လာပါဗျာ ကျွန်တော်တို့ဟာ ကမ္ဘာမြေကြီးမှာ တနည်းမဟုတ် တပ်နည်းနဲ့ သွေးသားတော်စပ်ခဲ့ကြဖူးတဲ့ ညီအစ်ကို အရင်းတွေပါ။ ခင်ဗျား အခက်အခဲကို ကျွန်တော် ခံစားနားလည်ပေးနိုင်ပါတယ်”

အလင်းရောင်အောက်သို့ ဖြုန်းစားကြီး ဝင်ရောက်လာလေသော လူစိမ်းတစ်ယောက်။

အဂီဟာ သိမ်မွေ့နူးညံ့စွာ တစ်ချက်ပြုံးလိုက်ရင်း …

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သီချင်းဆိုနေတာ မဆုံးသေးဘူးဗျာ လာပါ စတိတ်ပေါ်တက်ခဲ့ပါ သူငယ်ချင်း၊ သီချင်းတစ်ပုဒ်ဆုံးအောင် ကျွန်တော်တို့ အတူတူဆိုလိုက်ကြရအောင် ပြီးတော့မှ စကားပြောကြတာပေါ့"

တချို့လူတွေရဲ့အသက်ကို သူထိုသို့ ဂီတနှင့် ကယ်တင်ခဲ့နိုင်ခဲ့သည်။

တချို့လူတွေရဲ့အသက်ကိုတော့ အသံတိတ်ကယ်တင်ခြင်းစစ်ဆင်ရေး (silent rescue operation) နှင့် ကယ်တင်ခဲ့နိုင်ပြန်သည်။ အိုနိုင်ယန်ကျွန်းကလေးမှာ Suicide လုပ် မည့်သူများ နည်းပါးသွားသည်ဆိုသော်ငြား ရှိတော့ရှိနေစမြဲ။

■

(22)

အက်တလက်(စ်) (Atlas) ဆိုတဲ့ နတ်အိုကြီးခမျာ ဇုု(တ်) နတ်မင်းကြီးရဲ့ ဒဏ်ခတ်မှုကြောင့် ကမ္ဘာဦးကတည်းက မိုးကောင်းကင်ကြီးကို ထမ်းပိုးထားရရှာပါသည်။

ကမ္ဘာလုံးကြီးက သူ့ကျောကုန်းပေါ်မှာ အက်တလက်(စ်) နတ်အိုကြီးမှာလည်း ခါးပင်ကုန်းနေလေပြီ။ ဒီနေ့အထိ သူ့ကျောကုန်းပေါ်က ဝန်ထုပ်ဝန်ပိုးကြီးကို လွှတ်ချခွင့်မရသေး။

အဂီဟာ နှုတ်ပိတ်ထားခဲ့ရသည့် သူငယ်ဘဝတွေကို ယန်ဆီမှာ ရင်ဖွင့်ပြောကြားလိုက်ချင်လေပြီ။ အတိတ်ကို ရေငုံနှုတ်ပိတ် ထမ်းပိုးထားရသည်မှာ Atlas နတ်အိုကြီးလို သူ့ခါးပင် ကုန်းနေချင်နေလေပြီ မဟုတ်ပါလား။

အဘိုးကမ်မူတွန်ပြောသလို အိုနိုင်ယန်ကျွန်းပေါ်က နေ့စွဲများက သူ့ရဲ့ဘဝသစ်ပဲ မဟုတ်လား။

အတိတ်က ဟိုး ဝေးဝေးမှာ ကျန်ခဲ့ပြီ။

ခု ... ဆို သူ့ဘဝဟာ တစ်နေ့ထက်တစ်နေ့ အဓိပ္ပါယ်ရှိလာခဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြီ။ သူ့ကို ဝေးဝေးကနေ နားလည်ပေးမည့် ချစ်သူ၊ အနီးကပ် ဆုံးမပေးနေသည့် အဘိုးအိုတို့နှင့် သူ့ဘဝဟာ တစ်နေ့ထက်တစ်နေ့ ပိုမို အဓိပ္ပါယ်ရှိလာခဲ့လေပြီ။

ဒီဘဝလေးကို သူပျော်ပိုက်နေလေပြီ။

စိတ်ကူးယဉ်ဆန်တယ်ပဲ ဆိုဆို … ရွှေ၊ ငွေ၊ ဥစ္စာ စည်းစိမ် ချမ်းသာမရှိ။ ကျွန်ကလေးတစ်ကျွန်းပေါ်မှာ လူ့အသက်ပေါင်း များစွာကို သူ ကူညီကယ်တင်လို့ ကျေနပ်နှစ်သက်နိုင်ခဲ့လေပြီ။

သူဟာ အနှစ်နှစ်အလလက သိမ်းဆည်းထားခဲ့သည့် သတင်း စာထဲက ဝါကြန့်ကြန့် သတင်းတိုဖြတ်ပိုင်းလေးကို အဘိုးကမ်မူတွန် ကို တစ်ခုသောနေ့အရောက်မှာတော့ ပြလိုက်လေ၏။

အဘိုးက သတင်းတိုကလေးကို သေချာဖတ်ကြည့်၏။ တစ်ခေါက်နှင့်ဖတ်၍ အားမရလေသောအခါ နှစ်ခါပြန်ဖတ်လေ၏။

နောက်တော့ ကြေကြေကွဲကွဲ ပြုံးလိုက်တာ…

"ဒီ သတင်းထဲက အရိုးအကြော အထူးကုဆရာဝန်ကြီး ပေါ်ပယ်ရီဆိုတာ အဂ္ဂီအဖေလား"

သူ့နှုတ်မှ စကားမပြောဖြစ်။ ခေါင်းပဲ ညိတ်ပြလိုက်မိ၏။

အဘိုးမှာ တစိမ့်စိမ့်ပြုံးကာ ခေါင်းကို တညိတ်ညိတ်နှင့် …

"လူလေးကို အဘိုးအရင်ကထက် ပိုချစ်ပြီး ပိုလေးစားမိပါ တယ်။ လူလေးမှာ အပြစ်မရှိပါဘူး၊ လူလေးမှာ အပြစ်မရှိပါဘူး"

အဘိုးက သူ့ပခုံးကို ခပ်ကြမ်းကြမ်းပုတ်ကာ နှစ်သိမ့်လေတော့ ထိန်းချုပ်ထားသည့်ကြားမှ သူ့မျက်ရည် ဝဲတက်လာရသည်။



အဲဒီ ပြဿနာတက်ပြီးတဲ့နောက်ပိုင်း ကျွန်တော်တို့ဟာ လူတွေ ရဲ့ မျက်လုံးစိမ်းတွေအောက်မှာ နေထိုင်ကြီးပြင်းခဲ့ကြရတယ်။ နဂို ကတည်းက ကျွန်တော်က အနုပညာဗီဇကပါလာတော့ အိမ်မှာဆို သိုးမည်းတစ်ကောင်ပဲလေ။ နောက်တော့ ကျွန်တော်ဟာ တစ်ကိုယ် ကောင်းဆန်တယ် ပြောမလား။ နယ်မြို့လေးကနေ ကိုယ်လွတ်ရုန်းပြီး မြို့တက်,ပြေးလာခဲ့တယ်။ ဒါပေမယ့် အဲဒီပြဿနာကြီးက ကျွန်တော့် ဘဝကို အိပ်မက်ဆိုး တစ်ခုလို လိုက်နေတုန်းပဲ"

"ဒါပေမယ့် အခု ဒီကျွန်းပေါ်ကိုရောက်တော့ အဲဒီ အိပ်မက် ဆိုးကြီးကို မောင်းထုတ်နိုင်ခဲ့တယ် မဟုတ်လားကွယ်။ အဂ္ဂီဟာ အခုဆို စိတ်သစ်လူသစ်ဖြစ်နေပါပြီ"

သူ ယဲ့ယဲ့သာ ပြုံးပြလိုက်ရသည်။

ကိုယ် လေးစားတန်ဖိုးထားရတဲ့ အဘိုးဆီမှာ ရင်ဖွင့်လိုက်ရတဲ့ အတွက် ရင်ထဲမှာတစ်ခြမ်းတော့ ပေါ့သွားရ၏။

အပြည့်အဝကြီးတော့ ပေါ့ပါးမသွားရသေး။

ချစ်ရတဲ့ ယန်ကိုလည်း သူရင်ဖွင့်ပြောကြားချင်မိသေးသည်။ ယန်ဟာ ဒါကို နားလည်နိုင်မှာပါကွယ်။ ယန်က လူကြီးဆန်ပါတယ်။ နူးညံ့ သိမ်မွေ့တဲ့နှလုံးသားရှိပါတယ်။ ယန်ဟာ စိတ်ကောင်းရှိတဲ့ နတ်သမီးလေးတစ်ပါး မဟုတ်ပါလား။

သူ့လက်ချောင်းများက လျှင်မြန်စွာနှင့်ယန်ရဲ့ ဖုန်းနံပါတ်တွေကို နှိပ်မိသွား၏။

သို့သော် ချက်ချင်း လိုင်းမဝင်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်က engaged ဖြစ်နေသည်။

ဆယ့်ငါးမိနစ်လောက်နေတော့ သူပန့်ဆီ ထပ်ဖုန်းဆက်ကြည့်သေး၏။ မရ …။

ဒီလိုနဲ့ သူပန့်ဆီအချိန်တစ်ခု စောင့်ရင်း ဖုန်းထပ်ဆက်သွယ်ကြည့်ပြန်ပါသေးသည်။

မရ …။

ဟိုဘက်က ဖုန်းလိုင်းမအား။

ဘယ်သူနဲ့များ ဒီလောက်အချိန်ကြာအောင် ဖုန်းဆက်သွယ်စကားပြောနေပါလိမ့် ပန့်ရယ်။

■

(23)

"ကောင်းပါတယ်၊ ကျွန်မကတော့ အန်ကယ့်ကို အဲဒီလိုသေဆုံးသင့်တယ်လို့ပဲ ထင်မိတယ်၊ အားလည်း ပေးပါတယ်"

ရုတ်တရက် မြန့်နီးစားကြီး တွေ့လိုက်ရမည်ဆိုပါက ယခုဖုန်းဆက်စကား ပြောဆိုနေသူမှာ မိုးဇမ်မှ ဟုတ်ပါလေစဟု သင်တို့ထင်ကောင်း ထင်ကြပါလိမ့်မည်။

ဟုတ်ပါတယ်။ သင်တို့ လူမမှားပါ။

မိုးဇမ်မှ မိုးဇယ်ရယ်။

တဖက်က ဖုန်းထဲကလူက ဘာပြန်ပြောသည်ရယ်တော့မသိ။ မိုးဇမ်မှာ မြေတစ်ကောင်ရဲ့ ညှို့ငင်မှု အတတ်ပညာနှင့် ထိုလူကိုအိုင်ယန်ကို သွားသင့်ကြောင်းနှင့် Road to Heaven ကို ဆုံးအောင်အထိ လမ်းလျှောက်သင့်ကြောင်း ပြောပြနေလေ၏။

"Road to Heaven ကို ကျွန်မရောက်ဖူးတယ် အန်ကယ်။ တကယ်တိမ်းညွတ်ယစ်မူးဖွယ်ရာ ကောင်းတဲ့လမ်းကလေး ပေါ်လမ်းပဲ၊ ဒီလမ်းကို တချို့ဘာသာရေး အစွန်းရောက်တွေက နိဗ္ဗာန်ကို

www.burmeseclassic.com



တက်လမ်းနိုင်မယ့် လှေကားတစ်စီးလို့ ထင်ကြတယ်။ လမ်းတစ်ဝက်လောက်ရောက်တာနဲ့ အန်ကယ်ဟာ လမ်းကလေးရဲ့ ညှို့မှိုင်းတဲ့အောက်မှာ ပိတ်မိပြီး မျက်လုံးတွေ မှိတ်ချင်လာလိမ့်မယ်။ အဲဒီလို ဖြစ်လာရင် မျက်လုံးတွေကို စိတ်လို လက်ရမှိတ်ပစ်လိုက်ပြီး လမ်းကိုဆုံးအောင်အထိ လျှောက်သွားသင့်ပါတယ် အန်ကယ်၊ တကယ်ကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နောက်ဘဝတစ်ခုကို ကူးပြောင်းသွားမှာပါ''

မိုးဇမ်မှာ ပြောရင်းနှင့် မျက်ရည်များ ဝဲတက်လာရကာ ပြုံးမိသည်။ သူမအပြုံးက မဲ့ပြုံးပါ။

ဒီနေ့ မနက်က သူမအလုပ်လုပ်ရာ Suicide Prevention Center ရဲ့ ဟော့လိုင်းသို့ ဖုန်းတစ်လုံးဝင်လာခဲ့လေသည်။

အဲဒီဖုန်းဟာ သူမ အနှစ်နှစ်အလလက သွေးအေးအေးနဲ့ စောင့်မျှော်နေခဲ့ရသည့် ဖုန်းတစ်လုံးပါ။

ဖုန်းစတင်လက်ခံပြောဆိုစဉ်က ဘယ်သူဘယ်ဝါမှန်းမသိ။ တစ်ဖက်လူမှာ သူ့ရဲ့ အခက်အခဲတွေ စိတ်ခံစားမှုတွေကို အရင်လူတွေအတိုင်း ကမောက်ကမနိုင်စွာ ပြောဆိုမှုအပြီးမှာတင် ဒီလူမှာ နောင်တကြောင့် လူလောကကြီးထဲမှ စောစီးစွာ ထွက်ခွာချင်သူမှန်း သူမသိလိုက်ရ၏။

''မျက်လုံးစိမ်းတွေ အန်ကယ်ဟာ မျက်လုံးစိမ်းနဲ့ လူတွေကို မကြာခဏဆိုသလို မြင်မြင်နေရတတ်တယ်။ အန်ကယ်ဟာ ဝုဏ်သိက္ခာရှိတဲ့ ပညာတတ်လူတစ်ယောက်ပါ။ ဒါပေမယ့် အန်ကယ့်မှာ ညဥ့်ဆိုးတွေရှိပါတယ်။ အန်ကယ့်ပြစ်မှုအတွက် အန်ကယ်ထောင်ဆယ့်



ငါးနှစ် ကျခဲ့ပါတယ်။ ထောင်ကထွက်လာတော့ အန်ကယ်နိုင်ငံခြားထွက်သွားမိတယ်။ မိသားစုနဲ့ ရှင်ကွဲကွဲခဲ့ရတယ် ဆိုပါတော့''

''နေပါဦး ... အန်ကယ်က ဘာအမှားတွေကိုများ ကျူးလွန်လိုက်မိလို့လဲ''

''အန်ကယ်ဟာ အန်ကယ့်လူနာတွေကို အလိုမတူပဲ ဇော်ကားခဲ့ပါတယ်''

''ရှင်''

မိုးဇမ် တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားရချေပြီ။

သွေးကြောအနှံ့မှ စပ်ဖျင်းဖျင်း ခံစားချက်များနဲ့အတူ သူမတစ်ကိုယ်လုံး သွေးခုန်နှုန်းတွေ မြန်ဆန်လာရကာ အံတင်းတင်းကြိတ်ထားမိစဉ် ...

''မင်းကို အန်ကယ်အကုန် ဝန်ခံပါမယ်။ အန်ကယ်ဟာ ဟိုးအရင်က ယွမ်မိုဆိုတဲ့ နယ်မြို့လေးမှာ အရမ်းကို နာမည်ကျော်ခဲ့တဲ့ အရိုးအကြော အထူးကုဆရာဝန်ကြီး ဒေါက်တာပေါပယ်ရီပါ''

ယွမ်မို ... သူမ မသိရှိရိုးလား။

ဒါ သူမရဲ့ ဇာတိချက်ကြွေ မြို့လေးတစ်မြို့ပဲလေ။

အိုး ဆန်းကြယ်လိုက်တဲ့ လောကကြီးရယ်။

ခုတော့ သူမအနှစ်နှစ်အလလက မျှော်လင့်တောင့်တခဲ့ရသည့် လူတစ်ယောက်ဆီက ဖုန်းဆက်သွယ်ခေါ်ယူမှု ရခဲ့ပြီပေါ့ ...

ကဲ ပြော ...။

ရှင် ဘယ်လိုနည်းနဲ့ သေချင်သလဲ ရှင့်ကို အကောင်းဆုံး

www.burmeseclassic.com

www.burmeseclassic.com



သေဆုံးပုံ နည်းလမ်းတွေ ကျွန်မပြောပြမယ်။

I'm waiting for you so long.

ရှင့်ကို ကျွန်မ စောင့်စားခဲ့ရတာ ကြာပြီလေ။

"အန်ကယ် ထောင်ကထွက်လာတုန်းက အိုနိုင်ယန်ကျွန်းကလေးဟာ အခုလောက် နာမည်မကြီးသေးပါဘူး အန်ကယ်၊ ဟိုကနေ အိုနိုင်ယန်ကျွန်းကလေးအကြောင်းတွေ တဖြည်းဖြည်း သိလာရတယ်။ အသက်ခုနစ်ဆယ် အဘိုးအို အဘွားအိုတွေဟာ သူတို့ရဲ့ ဘဝတွေကို Road to Heaven လမ်းကလေး အဆုံးအထိ လျှောက်ရင်း အဆုံးသတ်ပစ်လိုက်ကြတယ်ဆိုတဲ့ ဖက်ရှင်တစ်ခုက စလို့ပေါ့"

"Road to Heaven ကို အန်ကယ်သွားမလား။ ကျွန်မ လိုက်ပို့ပေးနိုင်ပါတယ်"

သူမပြတ်ပြတ်သားသားပင် ကမ်းလှမ်းလိုက်၏။

*9 ကို ဖုန်းဆက်သွယ်သည့် သူများအနက် အပြင်မှာ တွေ့ဆုံဖို့ သူမဘက်က အချိန်းအချက်လုပ်မိသူဆို၍ အက်ခန်ပြီးလျှင် ယခု ဖုန်းပြောနေသည့် ဒေါက်တာပေါ်ပယ်ရီတို့ နှစ်ယောက်သာရှိသေး၏။

ဝင့်ဆိုတာ အချိန့်တစ်ခုကို စောင့်နိုင်လျှင် တစ်ပတ်လည်လေ့ရှိပါတယ်။ ၃၆၀ ဒီဂရီပြည့်အောင် စောင့်နိုင်ဖို့ပဲ လိုတယ်။

သေချာတာတစ်ခုက ယခု ဖုန်းဆက်နေသူ ဒေါက်တာပေါ်ပယ်ရီမှာ လွန်ခဲ့တဲ့ ဆယ်ငါးနှစ်၊ နှစ်နှစ်ဆယ်က တွေ့ခဲ့ဖူးသည့် ဒေါက်တာ ပေါ်ပယ်ရီ မဟုတ်တော့။



သူ့မှာ စိတ်ဖိစီးမှုနှင့် စိတ်ကစဉ့်ကလျားရောဂါက ရှိနေလေပြီ။

ကျေနပ်သည်။ သိပ်ကို ကျေနပ်သည်။

ရုံးလုပ်ငန်းသဘောတရားထက်ကို ကျော်လွန်ပြီး *9 ကတဆင့် သူမရဲ့ ဟမ်းဖုန်းနံပါတ်ကိုပေးခဲ့ကာ အိုနိုင်ယန်သွားနိုင်ရန် ဒေါက်တာပေါ်ပယ်ရီနှင့် အသေးစိပ် တိုင်ပင်ခဲ့ကြသည်။

သူမ ဒေါက်တာပေါ်ပယ်ရီနှင့် ဖုန်းပြောနေစဉ် တစ်စုံတစ်ယောက်မှာလည်း သူမဆီသို့ ဖုန်းတွေအဆက်မပြတ် ဆက်သွယ်သေး၏။

သို့သော် ဖုန်းလိုင်းမအားသဖြင့် ထိုညနေက သူမသည် ထိုတစ်ုံ တယောက်နှင့် စကားမပြောလိုက်ရတော့ချေ။

■

www.burmeseclassic.com

www.burmeseclassic.com

(23-a)

အချိန်က ညဆယ့်နှစ်နာရီ ဝန်းကျင်။

ကျွန်းပုစိကွေးလေးမှာ ခါတိုင်းလိုပင် ဓရာမလှိုင်းလုံးကြီးများရဲ့ ဒါဏ်ကို ကြံ့ကြံ့ခံ ရင်ဆိုင်နေရဆဲဖြစ်၏။

ကျွန်းကလေးရဲ့ ဆန့်ကျင်ဘက် မိုးကုတ်စက်ဝိုင်းတလျှောက်မှာတော့ ကြယ်အစစ်တွေမှာ ကြယ်အတုတွေနှင့် ရောထွေးရှုပ်ယှက်ခတ်လျက်။

ကြယ်အတုဟု ပြောရသည်မှာ အကြောင်းရှိပါသည်။ တကယ်တော့ ထိုမှိတ်တုပ်အလင်းရောင်လေးတွေမှာ ဟိုးအဝေးက ငါးဖမ်းစက်လှေများဆီက မီးမောင်းများပင်ဖြစ်လေ၏။ ကျွန်းကလေးဆီမှ ကြည့်လိုက်လျှင်တော့ အတု၊ အစစ်ရောနေသည့် ကြယ်များက သာမန်ကောင်းကင်ကြီးထက် ပို၍များပြားနေလေ၏။

လှိုင်းလုံးတွေ ကျွန်းဆီ တစ်ခါတက်လာတိုင်း ဘေးတိုက်သွားသည့် ဂဏန်းကြီးများ ဟိုမှဒီသို့ တွင်းနေရာပြောင်းနေကြသည်ကို ရံဖန်ရံခါ မြင်တွေ့နေရလေသည်။



“လာပါ အန်ကယ် ဖြည်းဖြည်းပေါ့”

လရောင်အောက်မှာ ဒေါက်တာ ဒေါ်ပယ်ရီရဲ့ မျက်နှာဟာ သွေးအစုပ်ခံထားရတဲ့ အလောင်းကောင်လို ဖြူဖျော့နေလေတော့၏။

မိုးဇမ်မှာ တစ်စက်ကလေးမှ ကြောက်ရွံ့စိတ် မဖြစ်မိချေ။ သူမ မကြာခင် နာမည်ကျော် Road to Heaven သို့ လျှောက်လှမ်းရတော့မည် မဟုတ်ပါလား။

အနောက်ဖက် ကောင်းကင်ယံမှာ အလင်းတန်းတချို့ ဖျက်ကနဲ လင်းလက်သွားသည်ကို နှစ်ယောက်စလုံး မြင်တွေ့လိုက်ကြရ၏။

ကြယ်ကြွေသွားသည်ပဲ အရာရာဟာ ဘာမှ မတည်မြဲ။

ခဏလေးအတွင်းဖြစ်လိုက် ... ခဏလေးအတွင်း ပျက်လိုက်နှင့် မိုးဇမ်စိတ်ထဲကနေ သူမကိုယ်သူမ ပြန်မေးကြည့်နေမိသည်။ ငါဟာ လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်ဖို့ နှစ်သိမ့်ဆွေးနွေး ပေးနေတဲ့ ပညာရှင်တစ်ယောက်ပဲ။

ဒီလူကြီးရဲ့ တစ်ချိန်တစ်ခါက အမှားတွေကို အခုအချိန်မှာ ခွင့်လွှတ်မပေးနိုင်ဘူးလား။ ဒီလူကြီးကို Road to Heaven လမ်းအဆုံးအထိ မလျှောက်ဖို့ ငါ တားမြစ်မကြည့်သင့်ဘူးလား။

အဲဒီလို တွေးမိတော့ ကိုယ့်အမေရဲ့ဖြစ်ရပ်က ခေါင်းထဲ ဒိုင်းကနဲ ဝင်လာခဲ့ပြန်သည်။ ခွင့်လွှတ်စရာလား ... ခွင့်လွှတ်စရာတဲ့လား။

“မိန်းကလေး ... အမွှေးရနံ့တွေ မင်းရှူရှိုက်ရလား”

မှန်သည်။ Road to Heaven လမ်းအစမှာပင် ထူးခြားနေရာ

www.burmeseclassic.com

www.burmeseclassic.com



တွေ့နဲ့မတူ ထူးကဲစွာ လှိုက်တက်လာလေတဲ့ မွှေးရနံ့။

သူမဟာ အဘိုးကြီးကို ခေါင်းတချက်ညိတ်ပြလိုက်ပြီး ...

"ဒီကျွန်းမှာပဲ ပေါက်တဲ့ ကာမန်တီဆိုတဲ့ ပန်းရနံ့ပါအဘိုး"

ရုတ်တရက် တိမ်တွေ ပြိုဆင်းလာ၏။ တအိအိနှင့်။ လရဲ့ ဆွဲအားကြောင့် ပင်လယ်ရေတွေ ဒေါမာန်ပြင်းပြင်းနှင့် ခုန်တက်နေပုံရသည်။ လှိုင်းပုတ်သံ ဒီရေတိုးသံတွေကို ကြောက်ခမန်းလိလိ ကြားနေရ၏။

လဟာ ကျွန်းပေါ်ရောက်ရှိနေသည့် လူသားနှစ်ဦး၏ ရင်ဘတ်ကိုလည်း ဆွဲငင်နေပုံရ၏။

စိတ်တွေက မှုမှုန်ချင်တော့ ညှင်းသွဲ့သွဲ့ တိုးဝှေ့နေသည့် လေညှင်းကပင် လမ်းကလေးရဲ့ အဆုံးကို ဆွဲခေါ်နေသလို သင်းပျံ့ပျံ့ မွှေးရနံ့နဲ့ လရောင်ပါးပါးကပင် ဖျားယောင်းနေသယောင်။

သိစိတ်က ဝင်တစ်ချက် လွတ်တချက်။

"ဒီလမ်းကလေးဟာ ဘီလူးစီးနေပြီကွဲ့၊ အခုလို မင်းပုံစံမျိုးနဲ့ဆို မသွားသင့်တော့ဘူး"

တချိန်က အဘိုးကမ်မှုတွန့်စကားကို ကြားယောင်ရင်း သူ့အလိုလို လှမ်းနေသည့် ခြေလှမ်းများ ခေါ်ဆောင်ရာအတိုင်း မိုးဇမ် အလိုက်တသင့် လိုက်သွားစဉ် မရည်ရွယ်ဘဲ ဒေါက်တာပေါ်ပယ်ရှီဆီ ဖျတ်ကနဲ အကြည့်ရောက်သွားချိန်မှာတော့ ...

ဟင် ...။

သူက မျက်လုံးမှိတ်လျက်ပင် ဖြည်းညှင်းစွာ လမ်းလျှောက်နေ



လေပြီ။

"ရေစီးသံတွေကိုယ်ကြားတယ် ကိုယ့်မျက်လုံးထဲမှာ သိပ်လှနေတယ်"

နယ်ပင်တချို့ မြွေတွေလို ကွေ့ကောက်လိမ်ယှက်သွားသည်ကို ခပ်ဝေးဝေးမှ သူမမြင်ဖြစ်အောင် မြင်လိုက်သေး၏။

လမ်းကလေး မော်ဝင်နေပြီဆိုသည်ကို သူမလက်ခံလေပြီး အရာရာဟာ ထိန်းချုပ်မှု မဲ့လာသည်။

သူမ ဘာလုပ်ရမည်ဆိုတာ သိသွား၏။

အဲဒါကတော့ အဘိုးကမ်မှုတွန်သင်ပေးထားသည့် ဂါထာကို ခပ်တိုးတိုးလေး ရွတ်ဆိုလိုင်ခြင်းပါ။

"မိန်းကလေး"

တလျှောက်လုံး မျက်လုံးမှိတ်လျက် လမ်းလျှောက်လာသူ ဒေါက်တာပေါ်ပယ်ရှီမှာ အသက်ဝင်လာသည့် ဖုတ်ကောင်တစ်ကောင်လို မျက်လုံးဖွင့်လိုက်ချိန်မှာတော့ ...

"အား ..."

သူမ အံ့ဩလွန်း၍ ခပ်တိုးတိုးလေး ညည်းတွားလိုက်ရလေတော့၏။

မြင်ကွင်းက မှင်သက်အံ့ဩစရာ အပြည့်ပင် ...။

ဒီနေရာဟာ စမ်းချောင်းကလေး ဆုံးသွားလေပြီ။

အရပ်မျက်နှာအဘက်ဘက်က ဟိုးအောက်သို့ ထိုးကျသွားသည့် မြင်ကွင်း။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ ဒါဆို သူမတို့ဟာ ရေတံခွန်တစ်ခုရဲ့ အပေါ်ဆုံး ထိပ်တည့်တည့်ဆီမှာ ရောက်နေခြင်းပေါ့။

အန္တရာယ်များလိုက်တာ။

အခုအချိန် ဒေါက်တာ ပေါ်ပယ်ရီမှာ သူမလက်ကို တင်းတင်း ဆုပ်ကိုင်ပြီး ရေတံခွန်ပေါ်ကနေ ခုန်ဆင်းသွားခဲ့မည်ဆိုပါလျှင်ရော။

ဒါမှမဟုတ် ... ဝိညာဉ်တွေ တစ္ဆေတွေကပဲ သူမတို့ နှစ်ယောက်ကို တွန်းချမည် ဆိုပါလျှင်ရော။

သူမ ဝမ်းနည်းလာသည်။ သူမ ပျော်လာသည်။ သူမ နောင်တ ရလာသည်။ သူမ ခံပြင်းဒေါသထွက်လာသည်။ သူမ ... သူမ။ တိတ်ဆိတ်နေသလို သူမ ပေါက်ကွဲရန်ကြွလာရသည်။ သူမကိုယ့် ကိုယ်ကို မှားနေမှန်းသိသည်။ သူမကိုယ့်ကိုယ်ကို မှန်နေမှန်း သိပြန် သည်။

ဒေါက်တာ ပေါ်ပယ်ရီမှာ သူမကိုရီဝေဖျော့တော့စွာ စိုက်ကြည့် နေ၏။ သူမခေါင်းတစ်ချက်သာ ညိတ်ပြလိုက်မိသည် ထင်ပါသည်။

ထိုစဉ် ...

မည်သူမျှ ထင်မှတ်မထားသည့် အရိပ်တစ်ခုက လရောင် အောက် ဖြုန်းစားကြီးရောက်ရှိလာ၏။

"မိုးဇမ်"

"ဟင်"

အက်ခန် ...။

ဒီလိုနေရာ ဒီလိုအချိန်ကြီးမှာ အက်ခန်ကို ရုတ်တရက် ဖြုန်းစား



ကြီးတွေ့လိုက်ရ၍ မိုးဇမ် အံ့ဩမှင်သက်သွားရလေသည်။

အက်ခန်။ အက်ခန်ဟာ သူမဘဝထဲကနေ ပဟေဠိတစ်ပုဒ်လို ရုတ်တရက် ပျောက်ဆုံးသွားသည့်လူတစ်ယောက်။

ရထားသံလမ်းပေါ်ရောက်နေတုန်းက သူ့ကို သူမဖယ်ရှားပေး နိုင်ခဲ့သည်။ ခုသူဘာကြောင့် နာမည်ဆိုးနဲ့ ကျော်ကြားလှတဲ့ Road to Heaven လမ်းကလေးရဲ့ အဆုံး၊ ရေတံခွန် တစ်ခုရဲ့ထိပ်ကို ရောက်နေရသည်လဲ။

"ဒီအချိန်ကြီး ဒီနေရာမှာ ဘာလာလုပ်ရတာလဲ မိုးဇမ်"

အက်ခန်သည်လည်း မိုးဇမ်ကဲ့သို့ ပဟေဠိဖြစ်နေပုံရသည်။

လူ့အသက်ပေါင်းများစွာကို ကယ်တင်ပေးလာခဲ့သည့်၊ သူ့ အထင်ကြီး အလေးစားရဆုံး မိန်းကလေး။

ခု ဒီလိုအချိန် ဒီလိုနေရာကြီးမှာဘာ့ကြောင့် လူစိမ်းတစ်ဦးနဲ့ သူရောက်နေခဲ့ပါလိမ့်။

"ကျွန်မ လူတစ်ယောက်ကို စောင့်နေတယ်ဆိုတာ ရှင့်ကို ပြောဖူးပါလိမ့်မယ်။ ကျွန်မ ဆုတောင်းပြည့်ဝဖို့ နှစ်တွေ အများကြီး စောင့်ခဲ့ ရတယ်။ အခု ကျွန်မဆုတောင်းပြည့်ခဲ့ပါပြီ ဟောဒီက ညေ့သည်က ဒီနေရာ လာချင်တယ်ဆိုလို့ ကျွန်မလိုက်ပို့ပေးတာပါ"

ဒေါက်တာ ပေါ်ပယ်ရီနှင့် အက်ခန်တို့ လရောင်အောက်မှာ မထင်မှတ်ဘဲ အကြည့်ချင်းဆုံဆည်းသွားလေ၏။

တစ်ယောက်နှင့်တစ်ယောက် စူးရှနက်ရှိုင်းစွာ ကြည့်နေကြစဉ် အက်ခန်ရင်ဘတ်မှာ ဆွဲထားသည့် မိုးကြိုးသွားခွဲသီးလေးမှာ

www.burmeseclassic.com

www.burmeseclassic.com



လရောင်ကြောင့် လက်ကနဲ ဖြစ်သွားလေရာ ဒေါက်တာ ပေါ်ပယ်ရီမှာ တုန်လှုပ်မှုကြီးစွာနှင့် သူ့အသံကို အနိုင်နိုင် ထိန်းလိုက်ရင်း …

"သား"

"ဟင် …"

ဒေါက်တာကြီးနှင့် အက်ခန်တို့ တစ်ယောက်ကိုတစ်ယောက် အံ့သြစွာ စိုက်ကြည့်နေကြစဉ် မိုးဇမ်မှာလည်း ယောင်ယမ်းကာ…

"အက်ခန် … ရှင် … ရှင်က"

"ဟုတ်တယ် ဒါ ဒါ ကိုယ့်အဖေလေ"

"ဘာရယ်"

"အဖေ … အဖေ ဒီမိန်းကလေးကိုတောင်းပန်လိုက်ပါ သူ့ကို တောင်းပန်လိုက်ပါ အဖေ"

ဒေါက်တာမှာ ယခုလောက်ဆို *၅ ကနေ သူ့ကို ခုလို တကူးတက ကူညီပေးလာသည့် မိန်းကလေးမှာ မည်သူမည်ဝါ ဖြစ်နိုင်ကြောင်း ရိပ်မိသွားရလေပြီး သူ့ကြောင့်ဒုက္ခရောက်ခဲ့ရသည့် မိသားစုဝင်တွေရဲ့ သားသမီးတွေ အများကြီးလူ့လောကကြီးထဲမှာ ကျန်ရစ်နေသေးသည် မဟုတ်ပါသလား။

သူ အံ့သြနေသည်။

သို့သော် သူ သိပ်လည်းမအံ့သြတော့ပါ။

သူ့ဘဝရဲ့ ထွက်ပေါက်ကို သူ အကောင်းဆုံး ရွေးချယ်ခဲ့ပြီးပြီလေ။ ရတယ် ခွင့်မလွှတ်ကြနဲ့။ ကိုယ်တောင်းပန်လိုက်ရင် သိပ်သရဲဘောကြောင်ရာ ကျသွားလိမ့်မယ်။ ကိုယ် တောင်းပန်လိုက်ရင်



ပေါ့သွားလိမ့်မယ်။ လေးနက်ပါရစေ။ ဒီအတိုင်းပဲ လေးနက်ပါရစေ။

ဒေါက်တာမှာ မိုးဇမ်ကို ဖျတ်ကနဲ တစ်ချက်ကြည့်ရှုလိုက်စဉ်

"မျက် … မျက်လုံးစိမ်း … သူ့မျက်လုံးတွေ စိမ်းပြီး တောက်လာပြီ တောက်လာပြီ"

"မဟုတ်ဘူး …. အဖေ၊ မဟုတ်ဘူး၊ သူဟာ လူကောင်း တစ်ယောက်ပါ။ သားအသက်ကို ကယ်တင်ပေးခဲ့ဖူးတဲ့ မိန်းကလေး ပါ"

"ဘာ .."

ဒီထက် ရှက်ဖွယ်ရာကောင်းသည်ဆိုသည်မှာမရှိတော့။

ဒေါက်တာ ခေါင်းတွေ မိုက်ကနဲပင်ဖြစ်သွားရသည်။

သူနောက်သို့ ခြေတလှမ်း ဆုတ်လိုက်၏။ သူ့ခန္ဓာမှာ ယိုင်ထွက်သွားရသည်။

"အဖေ မလုပ်နဲ့ … အဖေ"

အက်ခန် ရှေ့တိုးလာသည်။ အခြေအနေက တွန့်ဆုတ်တွန့်ဆုတ်လုပ်နေ၍ မရတော့ … သူ့ဖျာများနေလျှင် မတော်သူ့သားပါ ချောက်ထဲ ပြုတ်ကျကြောင်း ပြုတ်ကျသွားနိုင်ပေသည်။

ဒါ့ကြောင့် သူ ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာ ချလိုက်၏။

တစက္ကန့်လေးအတွင်း

"ဝုန်း …"

"ဟာ …"

"အဖေ …"

www.burmeseclassic.com

www.burmeseclassic.com



အက်ခန်ဟာ သူ့မျက်စိတမှိတ်အတွင်း ရေတံခွန်ထိပ်မှ ပျောက်ခြင်းမလှပျောက်ကွယ်သွားသည့် ဖခင်ဖြစ်သူရဲ့လုပ်ရပ်ကြောင့် တုန်လှုပ် ခြောက်ခြားသွားရ၏။

သွားပြီ။

ခုမှ တကယ်အဖေ့ကို ဆုံးရှုံးလိုက်ရလေပြီ။

တကယ်အိပ်မက်ကလေးခဏ မက်လိုက်ရတဲ့ အတိုင်းပင် အဖေမှာ မမျှော်လင့်ဘဲ မြူနီးစားကြီး ရောက်လာပြီး မမျှော်လင့်ဘဲ လူ့လောကကြီးထဲက မြူနီးစားကြီး ပြန်ထွက်သွားရလေပြီ။ တုန်လှုပ်ခြောက်ခြားဖွယ် ကောင်းလေစွ။ တုန်လှုပ်ခြောက်ခြားဖွယ် ကောင်းလေစွ။

မိုးဇမ်မှာ မျက်ရည်တသွင်သွင် စီးကျလျက်ပင်။

အက်ခန်မှာ မိုးဇမ်ထိုင်ချလိုက်သည့် ကျောက်ဆောင်ရှေ့ ဒူးထောက်ထိုင်ချလိုက်စဉ်မှာပဲ …

“ကျွန်မမှာလည်း ဒီလောက်တော့ ကောက်ကျစ်ပိုင်ခွင့် ရှိပါတယ်။ ရှင်မကျေနပ်ရင် ကျွန်မကို ခု ချောက်ထဲပြုတ်ကျအောင်တွန်းချလိုက်နိုင်ပါတယ်”

အက်ခန်မှာ ခေါင်းကို တွင်တွင်ရမ်းလျက် ရှိချေ၏။

နောက် သူလည်း ငိုကြွေးနေသည်။

“ဒီဝဋ်ကြွေးကို သံသရာရှည်အောင် ကိုယ်ဆွဲမဆန့်တော့ပါဘူး။ မိုးဇမ်၊ အဖေဟာ မျက်လုံးစိမ်းတွေကို မြင်နေရတယ်ဆိုတဲ့ စိတ်ခြောက်ခြားရောဂါနဲ့ ခုန်ဆင်းချ သွားတာပါ။ ကိုယ်တောင်းပန်ပါရစေ။ ကိုယ့် အဖေကိုယ်စားပေါ့။ မိုးဇမ် … ခွင့်လွှတ်ပေးပါ။ ခွင့်လွှတ်ပေးပါ။ မိုးဇမ်ရယ်နော်”



နှစ်ဦးသား ငိုကြွေးကြလျက်။

နောက် .. တစ်ဦးနှင့်တစ်ဦး ပွေ့ဖက်မိကြ၏။ ဘာကြောင့် ပွေ့ဖက်မိသွားကြတယ်ဆိုတာ နားလည်ရခက်နေကြပြန်သည်။

သူ့ပါးပြင်က မျက်ရည်တွေကို မိုးဇမ်သုတ်ပေးနေသလို မိုးဇမ်ပါးပြင်ပေါ်က မျက်ရည်တွေကို သူက သုတ်ပေးနေပြန်၏။

“ရှင်ဘာ့ကြောင့် ဒီကျွန်းပေါ်ကို ရောက်လာခဲ့တာလဲ အက်ခန် ကျွန်မရှင့်ကို မစ်ရှယာ အနံ့လိုက်ရှာနေခဲ့တယ်”

အက်ခန်ကမဖြေ။ သူမ ဦးခေါင်းထက်မှာ ဆံနွယ်လေးများကိုသာ ပွတ်သပ်ပေးနေသည်။

ဒုက္ခရောက်ခဲ့ရသူအချင်းချင်း စာနာနှစ်သိမ့်ပေးနေမှန်း သူမနားလည်ပါသည်။

အက်ခန်ဟာ အရမ်းလိမ္မာပြီး ချစ်စရာကောင်းလှတဲ့ မြင်းရိုင်းကလေးတစ်ကောင်ပါ။ လည်ဆံမွေးလေးတွေ ပွတ်သပ်ပေးလိုက်ရုံနဲ့ ဘယ်လိုအနေအထားမျိုးပဲရောက်ရောက် သူ့ကိုယ်ရှိန်ကို သူလှလှပပ ရပ်တန့်ပစ်နိုင်တဲ့ မြင်းရိုင်းကလေးတစ်ကောင်ပေါ့။

သူမဟာ အက်ခန့်ဆီက နှင်းဆီပန်းစည်းကြီး လက်ဆောင်ရခဲ့တဲ့ ညတစ်ညကိုပင် လွမ်း၍ သွားရသည်။

သူမက ထိုနှင်းဆီညကို လွမ်းဆွတ်သွားစဉ် အက်ခန်မှာမူ *9 ကို ပထမဆုံးဖုန်းခေါ်စဉ် ညနေကို လွမ်းဆွတ်သွားရသည် ထင်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကဗျာလေး တစ်ပုဒ်ကို ခပ်တိုးတိုးလေး ရွတ်ဆိုနေ၏။

"လေရိုင်းတွေရဲ့ ....
ညက အေးစက်တဲ့တွင်လို့
လာခဲ့ပေါ့ နှင်းခက်ကြွေပါရမယ်
သူတို့ကို ပွင့်ဖြူလှသည့်ပါ
ဒါပေမယ့်
မနက်ဖြန် အရှေ့
တောင်စခန်းတို့ အပေါ်ရောက်လာပြီ
ငှက်တွေက အာရုဏ်ဦးမှာ
မြေပြင်ကို အပြစ်တွေသီ"

ဝီလျံဘလိတ်ရဲ့ ကဗျာလေး တစ်ပုဒ်ပါ။ 'အရှုံးတေး' တဲ့ မိုးဇမ်မှာ ကဗျာလေးကြောင့် ဘာရယ်မဟုတ် နင့်နေအောင် ပြုံးသွားမိစဉ်။

"ကြည့် ....
ကောင်းကင်ရဲ့ အဝေးဆုံးဆီ
ဖြေဖြေကြွကြွ ငါ့ဝေးသံကို ဖွင့်ကြပြီ
ညရဲ့ နာကျင်ဆီ ရိုက်ခတ်ပြီး
နေ့ရဲ့ ဖျက်ဆီးမှုကို ပိုမိုသည်။
အောက်မြေနေရာတဲ့ လေတိုက်ကို ရှာသွားမြဲ
ဖုန်ထိုင်ရာသုတု ဘော့ဂျော်ကြပေါ့ ..."



ကဗျာလေးအဆုံးသတ်သွားချိန်ရောက်တော့ သူတို့နှစ်ယောက် မျှော်လင့်မထားသည့် လူတစ်ယောက်က ရေတံခွန်ထိပ်သို့ ရောက်ရှိလာပြန်၏။

အဘိုး ကမ်မှူတွန်ပါ အက်ခန်ပျောက်သွား၍ လိုက်ရှာရင်း ဒီနေရာအထိ ရောက်ရှိလာခဲ့ရခြင်းပါ။ အက်ခန် (ခေါ်) အဂီ မှာလည်း ထိုနည်း၎င်းပင်။

တကိုယ်တော်ဖျော်ဖြေမှုအပြီး ခပ်လှမ်းလှမ်းမှာ ရိပ်ကနဲ တွေ့လိုက်ရတဲ့ လူရိပ်နှစ်ခုကို ခြေရာခံလိုက်ရင်း Road to Heaven ရဲ့ လမ်းအဆုံးအထိ ရောက်လာခဲ့ရခြင်းဖြစ်လေ၏။

"အဲ ... အဂီ"

သူရောသူမပါ အသံလာရာဆီသို့ လှည့်ကြည့်လိုက်တော့ ...

"ဟင် ... သမီး ... ပန်"

"ဘာ ..."

တပြိုင်နက်ထွက်လာလေတဲ့ အက်ခန်နဲ့မိုးဇမ်တို့ရဲ့အာမေဋိတ်သံ နှစ်ခု။

■

www.burmeseclassic.com

www.burmeseclassic.com



# လူနာများကို အလိုမတူဘဲ စော်ကားခဲ့သည့် ဆရာဝန် ထောင် ဆယ့်ငါးနှစ်ကျ

နာမည်ကျော် ပန်းချီပညာရှင် စပင်ဆာနှင့် ဘဲလေးအကပညာရှင် နူရီယပ်စ်တို့ကို ကုသပေးခဲ့သည့် နာမည်ကျော် မစ်ဇူယာ အရိုးအကြော အထူးကု ဆရာဝန်ဖြစ်သူ ပေါ်ပယ်ရီကို လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများဖြင့် အောက်တိုဘာလ ၁၈ရက်နေ့က ထောင်ဒါဏ် ၁၅နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

အသက် ၄၀အရွယ်ရှိ ပေါ်ပယ်ရီသည် ငွေးထံဆေးကုသမှုခံယူရန်ရောက်ရှိလာသော လူနာအမျိုးသမီး၁၉ဦးအား အလိုမတူပဲ စော်ကားခဲ့သဖြင့် တရားရုံးက မုဒိမ်းမှုငါးမှုနှင့် လိင်ပိုင်းဆိုင်ရာ စော်ကားမှု နှစ်ခုအတွက် ထောင်ဒါဏ်၁၅နှစ် ချမှတ်ခဲ့ခြင်းဖြစ်သည်။ အရိုးအဆစ်နာ ရောဂါများကြောင့် ကောင်းမွန်စွာ လှုပ်ရှားနိုင်ခြင်းမရှိသဖြင့် ဆေးကုသရန် ရောက်ရှိလာသော လူနာများအပေါ် ပေါ်ပယ်ရီသည် ဆရာဝန်ကျင့်ဝတ် ဖောက်ဖျက်ကာ အနိုင်ကျင့်စော်ကားသဖြင့် ထောင်ဒါဏ်၁၈နှစ် ချမှတ်ပေးရန် တရားလိုရှေ့နေများက တရားခွင်၌ လျှောက်ထားခဲ့ကြသည်။ ပေါ်ပယ်ရီကမူ ငွေး၏အပြုအမူများကို အရိုးအဆစ် ရောဂါသည်များအတွက် စွမ်းအားမြင့် ကုထုံးတစ်မျိုးဖြင့် စမ်းသပ်ကုသခဲ့ ခြင်းသာဖြစ်ကြောင်း ငြင်းဆိုထားခဲ့ သည်။ ပေါ်ပယ်ရီ၏ ဇနီးသည်ကမူ ငွေး ၏ ခင်ပွန်းသည်မှာ ၁၉၉၅ခုနှစ်ကတည်း က ပင်ပရော့စတိတ်ဂလင်း (သုတ်ရည်လွှတ်ပေးသော အကျိတ်) ဆိုင်ရာ ပြဿနာအခက်အခဲများ ခံစားနေခဲ့ရသဖြင့် စွပ်စွဲချက်များမှာ အခြေအမြစ်မရှိသည့်အပြင် တရားရုံး၏ ဆုံးဖြတ်ချက်များမှာလည်း ဘက်လိုက်သည်ဟု ဆိုသည်။

(Mizura 24, 20.10.99) သန့်နူး

www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး

ဒီနှစ်ဟာ ထူးခြားပြီး မင်္ဂလာရှိတဲ့ နှစ်တစ်နှစ်ပါ။

ဘာကြောင့်လဲဆိုတော့ အိုခိုင်ယန်ကျွန်းကလေးကို ကမ္ဘာ့အမွေအနှစ်စာရင်းမှာ ထည့်သွင်းခြင်းခံရသော နှစ်တစ်နှစ်ဖြစ်၍ပင်။

ဒေါက်တာ မိုးဇမ်ဟာ မစ်ရှယာမှာရှိတဲ့ မူကြိုနဲ့ မူလတန်းကျောင်းလေးများမှာ "School" လို့ ဆိုင်းဘုတ်ထောင်ရမည့်အစား "Skool" လို့ စာလုံးပေါင်းသတ်ပုံမှားနှင့်ထောင်ထားသော ဆိုင်းဘုတ်များကို ကြည့်ပြီး နှစ်နေအောင် ပြုံးမိသည်။

“မစ်ရှယာနဲ့ ကိုယ်အဆက်အသွယ်ပြတ်နေတာကြာပြီ။ မူလတန်းကျောင်းကလေးတွေမှာ "School" လို့ ရေးရမယ့်အစား "Skool" လို့ ရေးထားတာ တော်တော်များများ တွေ့ရတယ်နော်၊ ဘာလို့လဲ မိုးဇမ်”

“ကလေးတွေကို မှားယွင်းခွင့် ပေးထားတဲ့သဘောပေါ့ မောင်ရဲ့။ သာမန်အသေးအဖွဲ မှားယွင်းမှုကလေးတွေကြောင့် လောကကြီးနဲ့ ပတ်ဝန်းကျင် ဘာမှ ပြောင်းလဲမသွားပါဘူးဆိုတဲ့ အတွေးအခေါ်လေး ရအောင် လုပ်ပေးထားတာပါ။ ဒီလို လှုပ်ရှားမှုလေးရအောင် မိုးဇမ်တို့

www.burmeseclassic.com



ပညာရေးဝန်ကြီးဌာနကလူတွေနဲ့ တော်တော်လေးညှိနှိုင်းခဲ့ရပါတယ်”

“ဪ ...”

အက်ခန်မှာ ချစ်ဇနီးရဲ့ ပခုံးလေးကို လေးစားချစ်မြတ်နိုးမှု အပြည့်နှင့် ခပ်တင်းတင်းလေး ဖက်ပွေ့ထားမိပါသည်။

“သာမန် အမှားအယွင်းလေးတွေကို ကျူးလွန်မိရုံမှာ မကြောက်ဖို့ တဆင့်လျှော့ချပေးတဲ့သဘောပေါ့။ မိုးဇမ်တို့နိုင်ငံမှာ ကြုံတွေ့နေရတဲ့ ကိုယ့်ရည်ကိုယ်သွေးမြင့်မားမှုစံနှုန်းကို ရသလောက် ပြန်လျှော့ချကြည့်တဲ့ သဘောပါ။”

“ဘာပဲပြောပြော *9 ကို ဖုန်းခေါ်တဲ့ အကြိမ်အရေအတွက်တွေ နည်းလာခဲ့ပြီမဟုတ်လား”

“*9 ကို ဖုန်းခေါ်တဲ့ အကြိမ်အရေအတွက် နည်းလာတာထက် အိုင်ဒိုင်ယန်မှာ Suicide လုပ်တဲ့နှုန်းလျှော့ကျသွားတဲ့ ပမာဏက ပိုနည်း သွားတာပါမောင်။ ဒီကိစ္စမှာ မောင် အရမ်းကို တော်ပါတယ်ကွယ်”

မှန်သည်။

အက်ခန်ရော မိုးဇမ်ပါဟာ အင်နဲ့ယန်အဖြစ်နဲ့ ဖုန်းထဲကနေ ချစ်သူတွေဖြစ်နေကြမှန်း သိရှိပြီးတဲ့နောက် နှစ်အနည်းငယ် အတွင်းမှာပင်။

မိုးဇမ်မှာလည်း စာတမ်းပြုစုတင်ပြရာမှ ဒေါက်တာဘွဲ့ရခဲ့သည်။ အက်ခန်မှာလည်း လူမှုထူးချွန်ပထမဆု ရခဲ့သည်။

မိုးဇမ်ထက် အက်ခန်ရဲ့ လှုပ်ရှားမှုတွေက ပို လက်တွေ့ကျမည်



ထင်ပါသည်။

အခုဆိုလျှင် အိုင်ဒိုင်ယန်ကို ကမ္ဘာလှည့်ခရီးသွား အမြောက်အများလာရောက်လည်ပတ် လေ့လာကြသည်။

Road to Heaven လမ်းကလေးထဲက အက်ခန်ရဲ့ Silent rescuer operation မှာ ကမ္ဘာကျော်ခဲ့ရလေပြီ။ လမ်းကလေးရဲ့ အဆုံး (တချိန်က ကြောက်စရာအကောင်းဆုံးနေရာလေး) မှာ ယခုတော့ ဆိုင်ရာက အခိုင်အမာအကာအရံများ ပြုလုပ်ပေးပြီ ...။

အက်ခန်ရဲ့ အကြံပြုချက်အရ အမှတ်တရပစ္စည်း အရောင်းဆိုင်ကလေးများ ဖွင့်လှစ်ရောင်းချလျက်ရှိလေ၏။

“တကယ်ဆို မိုးဇမ်လည်း မောင့်ကို ‘ယန်’ ဆိုပြီး အကြောင်းရိုက်ခဲ့တာပါပဲ”

မိုးဇမ်မှာ ချစ်ခင်ပွန်းရဲ့ အပေါ်တူစကားကြောင့် သဘောကျစွာ ရယ်လိုက်ရင်း

“တကယ်တော့ မောင့်ကို အကြောင်းရိုက်တယ်ဆိုတာထက် အဘိုးကမ်မူတွန်ကို မလိမ့်တပတ်လုပ်ခဲ့တယ်ဆိုရင် ပိုမှန်တယ်ထင်တယ်၊ ဟားဟား စ,တာပါကွာ အိုင်ဒိုင်ယန်ကို ပထမဆုံးလာလည်ပြီး ပြန်မယ်ဆိုတော့ အဘိုးနဲ့ မိတ်ဆက်ကြ၊ contact လုပ်လို့ရမယ့် ဖုန်းနံပါတ်တွေ ပေးကြတယ်လေ”

“အင် ... ဟင်”

“တကယ်တော့ ယန်ဆိုတာလည်း မိုးဇမ်နာမည်ပါပဲ၊ အမေက ချစ်စနိုးနဲ့ခေါ်တဲ့ နာမည်လေးပါ။ ဖုန်းနံပါတ်ကလည်း မိုးဇမ်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းနံပါတ် အစစ်ပါပဲ။ အဲ … အလုပ်အကိုင်တစ်ခုပဲ ပြောင်းပြီး ပြောခဲ့တာပါ။ အဘိုးကို မိုးဇမ်နဲ့ဆက်သွယ်လို့ရမယ့် အချက်အလက်တွေ ပေးနေတုန်း အဲဒီကနေတစ်ဆင့် တခုခုဖြစ်လာနိုင်သေးတယ်ဆိုတာ မိုးဇမ် သိနေခဲ့တယ်''

''ဘယ်လို တစ်ခုခု ဖြစ်တာမျိုးလဲ''

''ဆိုပါစို့ အဘိုးက တစ်ယောက်ယောက်အတွက် မိုးဇမ်ကို ဖုန်းဆက်ပြီး အကူအညီတောင်းတာမျိုးတို့ ဘာလို့ပေါ့။ အဲလိုဆို မိုးဇမ်ရဲ့ တကယ့်အလုပ်အကိုင်အမှန်ဖြစ်တဲ့ volunteer ဆိုတာကို သိပြီး တစ်ယောက်ယောက်က ရှိန့်သွားမှာမျိုး နောက်ဆုတ်သွားတာမျိုး မိုးဇမ်က အမိန့်ပေးတဲ့အခါ အဲဒီအမိန့်ဆိုတာကလည်း ကျွန်းမှာ ဂစ်တာတီးနိုင်းတာမျိုးကို ဆိုလိုတာပါ''

''ဪ …''

''အင်း … အဲလို အနေအထားမျိုးမှာဆို တဖက်လူက မလိုက်နာချင်တာမျိုး ဆန့်ကျင်ပြီး လုပ်ချင်တာမျိုး ရှိနိုင်တယ်လေ၊ ဒါ့ကြောင့် မိုးဇမ်ရဲ့ အလုပ်အကိုင်ကို ဂီတဆရာမ ဆိုပြီး လွဲပြောခဲ့တာပါ''

''ဘာပဲပြောပြော မိုးဇမ်ရဲ့ဗျူဟာ အောင်မြင်ပါတယ်။ Dou-mentary တစ်ပုဒ်ကို မိုးဇမ်ရိုက်နိုင်းတုန်းက ကိုယ်မလုပ်ပေးခဲ့ရဘူး မဟုတ်လား။ ဂီတဆရာမတစ်ယောက်က နိုင်းတယ်ဆိုတော့မှ Imagine သီချင်းကိုရအောင် ဂစ်တာနဲ့ တီးခဲ့တာတွေလေ၊ လူတွေရဲ့ သိပ်အချိုးမပြေလှတဲ့ ဆိုက်ကိုတွေပေါ့''

ပြောရင်း ဖနီးမောင်နံ့နှစ်ယောက်ရယ်မောမိကြပြန်သည်။



''မောင်လည်း အက်ခန်လို့ ပြောရမယ့်အစား အဂီလို့ ပြောခဲ့တာပဲလေ''

''ဒါကလည်း အဘိုးရဲ့ အကြံပေးချက်အရပါပဲ၊ အိုခိုင်ယန်အရောက်မှာ မင်းရဲ့ အရင်ဘ၀က သေဆုံးသွားခဲ့ပါပြီတဲ့။ အခုဘ၀အသစ်ကို စပြီဆိုတာနဲ့ ကိုယ်လည်း အက်ခန်ဆိုတဲ့ နာမည်ကို မေ့ပစ်ပြီး အဂီနီလို့ စိတ်ထဲရှိတဲ့ နာမည်တစ်ခု ပေးလိုက်တာ''

သူတို့နှစ်ယောက် အိုခိုင်ယန် ကျွန်းကလေးပေါ် ရောက်ရှိနေကြခြင်းပါ။

အိုခိုင်ယန်ဟာ အရင်လိုလည်း မဟုတ်တော့။

ကမ္ဘာ့လှည့်ခရီးသွားများ ပြည်တွင်းက ခရီးသွားများနှင့် ပြည့်နှက်စည်ကားလျက်ရှိလေပြီ။ အက်ခန်ကတော့ ညစဉ်တိုင်း သူ့ရဲ့ one man show ကို မပျက်မကွက် တင်ဆက်ဖျော်ဖြေနေဆဲ။

''အဲဒီ သီချင်းလေးနဲ့ သူက လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့တာတဲ့ သူ စ, စ စတိတ်ရှိုးလုပ်တုန်းက ကြည့်မယ့်သူ တစ်ယောက်မှ မရှိဘူး … တဲ့''

ကျွန်းကို လာရောက်လည်ပတ်ကြသူများရဲ့ တအံ့တဩဖြစ်ကြရသည့် စကားများ။

''မောင် မစ်ရှယာကို မလာတော့ဘူးလား''

''မောင့်ရဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေက ဒီမှာလေကွယ်၊ မောင့်ကို ဒီလို မွန်မြတ်တဲ့စိတ်ကလေး သွင်းပေးသွားတာလည်း မိုးဇမ်ပဲလေကွယ်''

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ ဟုတ်ပါပြီ ယောလီးဒေးတိုင်း မိုးဇမ် မောင်နဲ့ အတူ အိုနိုင်ယန်က အိမ်ကလေးမှာ အတူလာနေမယ်နော်"

သူကြည်နူးစွာဖြင့် ခေါင်းညိတ်ပြလိုက်သည်။

ညနေခင်းက ပြာရီလင်းဝေလျက် …

ကြယ်ပိစိကွေးလေးတစ်ချို့တစ်လေတော့ ထွက်လာလေပြီ။

လေတချက်ဝှေ့လိုက်တိုင်း အိုနိုင်ယန်ရဲ့ အထင်ကရ ပန်းပွင့်ကလေးတွေဖြစ်တဲ့ ကာဗနိတိ ပန်းရနံ့လေးတွေက လှိုင်တက်လာ၏။

ချစ်သူနှစ်ဦးရဲ့ ကြည်နူးဆွတ်ပျံ့ဖွယ် အနမ်းချိုချိုလေးတွေက ကြယ်လေးတွေလို ဟိုမှာ တပွင့် … ဒီမှာ တပွင့် ….။

"မောင်ရေ … တိမ်တွေပြိုဆင်းလာပြီဟော့ ….."

အို ဟုတ်ပါရဲ့ ….။

ref: Saving the suicide forest Documentary (NHK)

ညေး

၂၄-၁၂-၁၄

www.facebook.com ညေး/fanpage

BURMESE CLASSIC

www.burmeseclassic.com